
စာပေလောက ဟာသစာအုပ်

www.burmeseclassic.com

# ဧည့်ခံဟာသများ ၅

တင်ဆွေမိုး




BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

စာအုပ်စာတမ်း စာနယ်ဇင်း
ထုတ်ဝေ ခွင့်ပြုအမှတ်
[ ၁၂၇/၉၈ (၃) ]
စာအုပ်စာတမ်း မျက်နှာဖုံး
ထုတ်ဝေ ခွင့်ပြုအမှတ်
[ /၉၈ (၆) ]

မျက်နှာဖုံး
ဇော်အောင်

---

ပုံနှိပ်ခြင်း
ပထမအကြိမ်
(၁၀၀၀)

---

ထုတ်ဝေခြင်း
ဇွန်၊ ၁၉၉၈

---

စာအုပ်ချုပ်
ကိုမြင့်

ဦးမြသန်း (၀၁၀၅၀)၊ အသိုင်းအဝိုင်းစာပေ
အမှတ် ၃၅၊ သမားဓိလမ်း၊ ဒွဲနံ့ရပ်၊ ကမ္ဘာအေး
ရန်ကုန်မြို့မှ ထုတ်ဝေ၍
ဒေါ်ခင်လှ (မြ-၀၁၅၇၈)၊ စာပေလောက ပုံနှိပ်တိုက်
အမှတ် ၁၇၃၊ ၃၃ လမ်း၊ ရန်ကုန်မြို့တွင်
မျက်နှာဖုံးနှင့် အတွင်းစာသားများကို ပုံနှိပ်သည်။

BURMESE CLASSIC .com

## မာတိကာ

၁။ အပန်းဖြေစခန်းသွားချင်လို့တဲ့ ၁
၂။ ရှေ့နေမှ မဟုတ်တာ ၃
၃။ ပြန်ရမယ့်သူတွေတောင် ၄
၄။ လူမှဟုတ်ရဲ့လား ၅
၅။ ဒါဆိုရင် မစားနဲ့လေ ၆
၆။ သူ့ပြဿနာ ၇
၇။ ဘာစွန်းလဲ ၈
၈။ သူ့စိုးရိမ်တာက ၉
၉။ ကျုပ်ကတော့ ၁၀
၁၀။ တစ်ယောက်မှ မရှိဘူး ၁၁
၁၁။ နောက်အပတ် ၁၂
၁၂။ အိမ်မွေးတိရစ္ဆာန် ၁၃
၁၃။ ချောရဲ့လား ၁၅
၁၄။ တီးလုံးက ခဏကလေး ၁၇
၁၅။ ခဏလေးပါ ၁၈

www.burmeseclassic.com

www.burmeseclassic.com


၁၆။ သိမ်းလို့ မရဘူး ၁၉
၁၇။ ရောက်ခဲ့ကြပုံများ ၂၁
၁၈။ ပြောထားသားနဲ့ ၂၂
၁၉။ နာရီဝက်အတွင်း ၂၄
၂၀။ ပေါလွန်းလို့ ၂၅
၂၁။ အလုပ်အင်တာဗျူး ၂၇
၂၂။ ယောကျ်ားမဟုတ်ဘူး ၂၈
၂၃။ အမေပြောလို့ ၃၀
၂၄။ လိုလို့လား ၃၁
၂၅။ ဘယ်လောက်ရသလဲ ၃၂
၂၆။ ကျွန်တော်လဲ မသိဘူး ၃၃
၂၇။ နောက်ဆုံးမှာတာကတော့ ၃၄
၂၈။ ပိတ်လိုက်ပြီ ၃၆
၂၉။ ဇနီးသည်က ခွင့်မပြုလို့ ၃၇
၃၀။ မှားတဲ့အခါလဲ မှားပေမပေါ့ ၃၈
၃၁။ ကျွန်တော့်ဟာတော့ မဟုတ်ပါ ၄၀
၃၂။ ခဲတံပါတယ် ၄၁
၃၃။ အလုပ်သမားငှားပုံ ၄၂
၃၄။ အရက်သောက်မယ့်အစား ၄၃
၃၅။ ဖြစ်စေချင်တာက ၄၄
၃၆။ ပြန်ရေးပုံက ၄၅
၃၇။ အယူသည်းမနေပါနဲ့ ၄၆
၃၈။ မကျေသေးဘူး ၄၇
၃၉။ ဘယ်သူထင်လို့လဲ ၄၉
၄၀။ အမြန်လာပါ ၅၁
၄၁။ ကျွန်တော်ဆိုရင် ၅၃
၄၂။ မနှစ်ကနေရာ ၅၄
၄၃။ ပြန်အမ်းဦး ၅၆
၄၄။ အကြံပေးချက် ၅၈
၄၅။ မကြိုက်လို့တဲ့ ၅၉
၄၆။ မဖြစ်နိုင်ဘူး ၆၀
၄၇။ တစ်ခုကလွဲလို့ ၆၁
၄၈။ သတင်းဆိုး သတင်းကောင်း ၆၂
၄၉။ ဒီအချိန်မှာ ၆၃
၅၀။ စဉ်းစားကြည့်ပါ ၆၄
၅၁။ စောင့်ရတဲ့အချိန် ၆၅
၅၂။ လိမ်နေတာ ၆၆
၅၃။ မီးတော့လင်းနေတယ် ၆၇
၅၄။ သားကတော့ ၆၈
၅၅။ သူတို့တောင်မှ မပေးတာ ၆၉
၅၆။ ကျုပ်အခန်းထဲ ၇၁
၅၇။ ကဲဆိုးပုံက ၇၂
၅၈။ ၂၄ နာရီ ဖွင့်ထားရင် ၇၃
၅၉။ မရောက်သေးဘူး ၇၄
၆၀။ မမြင်နိုင်တော့ဘူး ၇၅
၆၁။ ဘယ်လိုသိသလဲ ၇၆
၆၂။ မပျောက်သေးရင် ၇၈
၆၃။ ဒီလူကိုး ၇၉
၆၄။ နာမည်ကြောင့် [illegible]
၆၅။ အရည်အချင်းကောင်း ၈၂


BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com


| | | |
|---|---|---|
| ၆၆။ | ရှေ့နေ | ၈၃ |
| ၆၇။ | အမှာစကား | ၈၅ |
| ၆၈။ | ဝင်ကူပေးနေတာ | ၈၇ |
| ၆၉။ | မပါပါစေနဲ့ | ၈၈ |
| ၇၀။ | မတွေ့တာကြာလို့ | ၈၉ |
| ၇၁။ | တွေ့ဆုံညှိနှိုင်းပွဲ | ၉၀ |
| ၇၂။ | ဒါကြောင့်ကို | ၉၂ |
| ၇၃။ | စာခြောက်ရုပ် | ၉၄ |
| ၇၄။ | သိပ်တတ်နေရင် | ၉၅ |
| ၇၅။ | ဈေးကွက် | ၉၆ |
| ၇၆။ | မြို့စားနှင့် မြို့ရှင် | ၉၇ |
| ၇၇။ | သတို့သမီး | ၉၈ |
| ၇၈။ | ပြပြီးပြီ | ၉၉ |
| ၇၉။ | ဘာသာစကားနှစ်မျိုးတတ်ရမယ် | ၁၀၁ |
| ၈၀။ | အထဲသွင်းနေတာဟုတ်လား | ၁၀၃ |
| ၈၁။ | ရေစိမ်ခံ အကြမ်းခံနာရီ | ၁၀၄ |
| ၈၂။ | နာမည်တွေ မကုန်သေးဘူး | ၁၀၅ |
| ၈၃။ | အစကတော့ | ၁၀၆ |
| ၈၄။ | မသုံးရသေးတဲ့ | ၁၀၇ |
| ၈၅။ | ဘယ်လိုထင်သလဲ | ၁၀၈ |
| ၈၆။ | ဒီတစ်ခါတော့ | ၁၀၉ |
| ၈၇။ | ဝမ်းနည်းပါတယ် | ၁၁၁ |
| ၈၈။ | လက်မှတ်စစ်မယ် | ၁၁၂ |
| ၈၉။ | ဘူထုမိမယ် | ၁၁၄ |
| ၉၀။ | ရောက်ဖူးသလား | ၁၁၅ |
| ၉၁။ | မှတ်ဆိတ်မွေး မရိတ်ဘူးလား | ၁၁၆ |
| ၉၂။ | အကောင်းဆုံးဟာသ | ၁၁၇ |
| ၉၃။ | တိုးတက်လာတယ် | ၁၁၉ |
| ၉၄။ | အကောင်းဆုံးလက်ဆောင် | ၁၂၀ |
| ၉၅။ | နောက်တစ်ခါဖမ်းအောင် မလုပ်နဲ့ | ၁၂၁ |
| ၉၆။ | သူပေါ့ | ၁၂၂ |
| ၉၇။ | ဘယ်လိုကမ်းခြေလဲ | ၁၂၄ |
| ၉၈။ | လွယ်ပါတယ် | ၁၂၅ |
| ၉၉။ | မင်းအရုပ်လောက်ပဲ | ၁၂၆ |
| ၁၀၀။ | ကံမကောင်းလို့ | ၁၂၈ |
| ၁၀၁။ | အနားယူပုံ | ၁၃၀ |
| ၁၀၂။ | သူ့အလုပ်က | ၁၃၂ |
| ၁၀၃။ | အရင်ဆုံးတွေ့သူ | ၁၃၄ |
| ၁၀၄။ | တစ်ခါမှ | ၁၃၅ |
| ၁၀၅။ | ကြည့်လိုက်ဦးမယ် | ၁၃၆ |
| ၁၀၆။ | ခင်ဗျားအမေ | ၁၃၇ |
| ၁၀၇။ | အိမ်ထောင်ရေး၏ အဓိပ္ပာယ် | ၁၃၉ |
| ၁၀၈။ | ဒယ်အိုးကြောင့် | ၁၄၀ |
| ၁၀၉။ | အစ်ကိုဆီက | ၁၄၁ |
| ၁၁၀။ | ရေလောင်းပေးပါ | ၁၄၂ |
| ၁၁၁။ | တခြားအကြောင်းက | ၁၄၃ |
| ၁၁၂။ | တော်သေးတာပေါ့ | ၁၄၅ |
| ၁၁၃။ | ငွေတောင်းခံလွှာပို့လိုက် | ၁၄၇ |
| ၁၁၄။ | သူငယ်ချင်းကောင်း | ၁၄၈ |
| ၁၁၅။ | ဘယ်သူလဲ | ၁၅၀ |


www.burmeseclassic.com

www.burmeseclassic.com


| | | |
|---|---|---|
| ၁၁၆။ | ဖုန်းစောင့်နေလို့ | ၁၅၂ |
| ၁၁၇။ | အိပ်မပျော်လို့ | ၁၅၃ |
| ၁၁၈။ | မိနစ် ၃၀ | ၁၅၄ |
| ၁၁၉။ | ဆေးလိပ်လဲရောင်းတယ် | ၁၅၆ |
| ၁၂၀။ | အမိပ္ပာယ်ဖွင့်ဆိုချက် | ၁၅၇ |
| ၁၂၁။ | ဖြစ်နေတဲ့ရောဂါ | ၁၅၈ |
| ၁၂၂။ | အကောင်းဆုံး | ၁၅၉ |
| ၁၂၃။ | နောက်ဆုံးမျိုးဆက် | ၁၆၀ |
| ၁၂၄။ | ဘယ်သူ့လစာလဲ | ၁၆၁ |
| ၁၂၅။ | မှုးရင် ဒီလိုပဲ | ၁၆၂ |
| ၁၂၆။ | အိမ်ကဟာနဲ့ အတူတူပဲ | ၁၆၃ |
| ၁၂၇။ | ကျွန်တော်လဲ ဒီအတိုင်းပါပဲ | ၁၆၄ |
| ၁၂၈။ | စာအုပ်တစ်အုပ်၏တန်ဖိုး | ၁၆၆ |
| ၁၂၉။ | ဘယ်လိုလုပ်ထွက်သလဲ | ၁၆၇ |
| ၁၃၀။ | အိမ်က ထွက်ပြေးမလို့ | ၁၆၉ |
| ၁၃၁။ | ယုံမှ မယုံတာ | ၁၇၀ |
| ၁၃၂။ | နောက်တစ်ယောက် | ၁၇၁ |
| ၁၃၃။ | ကလေးတွေရှိတယ် | ၁၇၂ |
| ၁၃၄။ | အခိုးခံရလို့ | ၁၇၅ |
| ၁၃၅။ | လက်ဆောင်ကတ်ပြား | ၁၇၆ |
| ၁၃၆။ | တတ်ခဲအားကုန်နေလို့ | ၁၇၇ |
| ၁၃၇။ | ထိတ်လန့်စရာသတင်းက | ၁၇၈ |
| ၁၃၈။ | နောက်တစ်ခါကျရင် | ၁၇၉ |
| ၁၃၉။ | လောင်းမယ် | ၁၈၀ |
| ၁၄၀။ | ကောင်းလာတဲ့မှတ်ဉာဏ် | ၁၈၂ |
| ၁၄၁။ | လွှန်သွားပြီ | ၁၈၃ |
| ၁၄၂။ | ဒီလိုပါ | ၁၈၄ |
| ၁၄၃။ | စေတနာပိုမိလို့ | ၁၈၅ |
| ၁၄၄။ | နှစ်ဆေ့လို့ | ၁၈၇ |
| ၁၄၅။ | မနက်ဖြန်လာခဲ့ပါ | ၁၈၈ |
| ၁၄၆။ | အချိန်ရမှာလဲ | ၁၈၉ |
| ၁၄၇။ | နားမကြားလို့ | ၁၉၁ |
| ၁၄၈။ | နာမည်မေးပြီ | ၁၉၃ |
| ၁၄၉။ | ကိုင်ရတာ ခက်တယ် | ၁၉၅ |
| ၁၅၀။ | ရိုးသားခြင်းဟူသည် | ၁၉၆ |
| ၁၅၁။ | စဆင်းတော့ | ၁၉၇ |
| ၁၅၂။ | ဒုတိယအကောင်းဆုံး | ၁၉၈ |
| ၁၅၃။ | မဝယ်ပေးဘူး | ၁၉၉ |
| ၁၅၄။ | အားလုံးထုပ်ပိုးတော့ | ၂၀၁ |
| ၁၅၅။ | ခင်ဗျားအကြောင်းပြောပါဦး | ၂၀၂ |
| ၁၅၆။ | တရုတ်ပြည်လားဟင် | ၂၀၃ |
| ၁၅၇။ | ပြတင်းပေါက်မှန်တွေကွဲနေတဲ့ | ၂၀၅ |
| ၁၅၈။ | ကျေးရှူးတင်လိုက်တာ | ၂၀၆ |
| ၁၅၉။ | ဖယောင်းတိုင်မီးသွားငြိမ်းနေတယ် | ၂၀၇ |
| ၁၆၀။ | အားပေးတာတော့ ဟုတ်ပါရဲ့ | ၂၀၉ |
| ၁၆၁။ | စမ်းသပ်ကြည့်ဦးမယ် | ၂၁၁ |
| ၁၆၂။ | မင်း မကြားဘူးလား | ၂၁၃ |
| ၁၆၃။ | မေ့လာလိမ့်မယ် | ၂၁၅ |
| ၁၆၄။ | အမှုသည်ကလွဲလို့ | ၂၁၇ |
| ၁၆၅။ | ကျွန်မ အမျိုးထဲမှာ | ၂၁၉ |


www.burmeseclassic.com

www.burmeseclassic.com


၁၆၆။ အိမ်ပြုပြင်မွမ်းမံဖို့ ၂၂၀
၁၆၇။ စက်ဘီးတော့ စီးတတ်ပါတယ် ၂၂၁
၁၆၈။ အနီးစပ်ဆုံးမို့ ၂၂၂
၁၆၉။ ကျွန်တော်ပါ ၂၂၃
၁၇၀။ သူ့ဉပမာ ၂၂၄
၁၇၁။ ပထမ ၂၂၅
၁၇၂။ သူ့အရွယ်တုန်းက ၂၂၆
၁၇၃။ ပြက္ခဒိန်တော့လိုပြီ ၂၂၇
၁၇၄။ အမြွာမွေးတာ ၂၂၈
၁၇၅။ ပြီးအောင်ကြည့်နေတာ ၂၂၉
၁၇၆။ သန်ချာလဲည့်လို့ ၂၃၀
၁၇၇။ လိုချင်လို့ ၂၃၁
၁၇၈။ မေမေက ၂၃၂
၁၇၉။ တတိယနေ့မှာ ၂၃၃
၁၈၀။ ရှုရှလိုတတ်ပြီးသား ၂၃၄
၁၈၁။ အစ္စရေတွေကို ကယ်တင်ပုံ ၂၃၆
၁၈၂။ မမေ့အောင်လို့ ၂၃၈


BURMESE CLASSIC .com





၁။ အပမ်းဖြေ စခမ်း သွားချင်လို့တဲ့

မြို့ကလေး တစ်မြို့သို့ ကားတစ်စီးနှင့် အလည်လာသော လူတစ်ယောက်သည် ဓာတ်ဆီထည့်ရန် ဆိုင်တစ်ဆိုင်သို့ ရောက်လာသည်။ ဓာတ်ဆီထည့်နေရင်း ဆိုင်မှ လူက ထိုသူ၏ ကားနောက်ခန်းထဲမှ ပင်ကွင်းငှက်နှစ်ကောင်ကို တွေ့သွားသဖြင့် ကားပိုင်ရှင်ထံ သွားပြီး သတိပေး စကားပြောလိုက်သည်။

‘ဒီမှာ ခင်ဗျ။ ဒီမြို့ကလေးက ပတ်ဝန်းကျင်သန့်ရှင်းရေး အတော့်ကို ဂရုစိုက်တဲ့မြို့ ဖြစ်ပါတယ်။ ပင်ဗျားရဲ့ ငှက်တွေကို တိရိစ္ဆာန်ရုံကို ပို့ရင် ကောင်းမယ်ဗျ’

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ အလည်ရောက်လာသော သူကလည်း ကောင်းပါပြီဟု ဆိုကာ သဘောတူလိုက်လေသည်။

သုံးရက်ခန့် ကြာသောအခါ မော်တော်ကားနှင့် လူသည် ထိုဓာတ်ဆီဆိုင်သို့ နောက်တစ်ခေါက် ရောက်လာပြန်သည်။ ထိုအခါတွင်လည်း ပင်ကွင်းငှက်နှစ်ကောင်ကို တွေ့နေရသေးသဖြင့် ဓာတ်ဆီဆိုင်က လူသည် ဒေါသကြီးနှင့် ညီသည်ကို သွားပြောသည်။

'ခင်ဗျားကို ပြောထားတယ် မဟုတ်လား။ ဒီငှက်နှစ်ကောင်ကို တိရိစ္ဆာန်ရုံ ပို့ပါလို့...'

'ပို့တာပေါ့ဗျာ။ သူတို့ တော်တော် သဘောကျကြတယ်ဗျ။ အခု ဒီကောင်တွေက ပင်လယ် အပမ်းဖြေ စခမ်းသွားချင်တယ် ဆိုလို့ဗျာ'

BURMESE CLASSIC .com






## ၂။ ရှေ့နေမှ မဟုတ်တာ

မော်တော်ကားချင်း တိုက်သည့်နေရာသို့ ရောက်ရှိလာသော ရဲအရာရှိသည် ဒဏ်ရာရသွားသော လူတစ်ယောက်ကို ကားထဲမှ ဆွဲထုတ်ရင်း မေးလိုက်သည်။

'ခင်ဗျား အတော့်ကို အနာတရ ဖြစ်သွားသလား ဟင်'

'ဘယ်လိုလုပ်ပြီး ကျွန်တော် ပြောနိုင်မှာလဲဗျာ၊ ကျွန်တော်က ဆရာဝန်လေ။ ရှေ့နေ တစ်ယောက်မှ မဟုတ်တာ'

www.burmeseclassic.com

www.burmeseclassic.com





## ၃။ ပြန်ရမယ့် သူတွေတောင်

တိုင်းပြည်တစ်ပြည်တွင် သူပုန် ခေါင်းဆောင်တစ်ယောက်ကို ဖမ်းမိရာ တောထဲ၌ အဆုံးစီရင်ရန် ဆုံးဖြတ်လိုက်သဖြင့် တာဝန်ရှိသူများက ထိုသူပုန် ခေါင်းဆောင်အား တောထဲသို့ ခေါ်လာလေသည်။ ထွက်လာ၍ သုံးမိုင်ခန့် အရောက်တွင် နေက အတော့်ကို ပူပြင်းပြီး အဆုံးစီရင်ရမည့် နေရာကလည်း နှစ်မိုင်ခန့် သွားရဦးမည် ဖြစ်သဖြင့် သူပုန်ခေါင်းဆောင်က ပြောလိုက်သည်။

'ကျွန်တော့်ကို သတ်မှာပဲဗျာ၊ ဒီနေရာ ရောက်ဆိုရင်လဲ သတ်လို့ ရပါပြီ။ ဘာဖြစ်လို့ ဒီလောက်နေပူချည်းထဲမှာ နောက်ထပ် နှစ်မိုင်လောက် ခရီးကို သွားနေဦးမှာလားဗျာ'

ထိုအခါ အဆုံးစီရင်ရမည့် အဖွဲ့၏ ခေါင်းဆောင်က ပြောလိုက်လေသည်။

'ခင်ဗျားက ဘာ စကားရှည်နေရတာလဲ။ ဒီခရီးကို ပြန်ရမယ့်သူတွေကတောင် ဘာမှ မပြောပဲနဲ့'





## ၄။ လူမှ ဟုတ်ရဲ့လား

အရက်ဆိုင်တစ်ဆိုင်တွင် လူငယ် တစ်ယောက်နှင့် လူကြီးတစ်ယောက်တို့ အရက်အတူ သောက်ရင်း လူငယ်က မိန်းမ လိုချင်နေကြောင်း၊ လက်ထပ်ရမည့်သူကို ရှာနေကြောင်း ပြောလိုက်သည်။

ထိုအခါ လူကြီးက ပြုံးပြီး ပြန်ပြောလိုက်သည်။

'မင်း ငါနဲ့ တွေ့တာ သိပ်ကံကောင်းတာပေါ့ကွာ။ ငါ့မှာ အရွယ် ရောက်နေတဲ့ သမီးတစ်ယောက် ရှိတယ်ကွ။ ဘယ်လောက် လှသလဲဆိုတာ ငါ ပြောပြမယ်။ သူ့မျက်လုံးကလေးတွေက သမင်မ မျက်လုံးကလေးတွေလိုပဲ။ ပြီးတော့ နှုတ်ခမ်းကလေးတွေကဆိုရင် နှင်းဆီငုံ ကလေးလိုပါပဲကွာ။ နားရွက်ကလေးတွေ သန္တာကောင် ကလေးတွေအတိုင်းပဲ။ နောက်တစ်ခါ လည်တိုင်ဆိုရင် ငန်းတစ်ကောင် အတိုင်းပေါ့။ အသံကတော့ နိုက်တင်ဂေးငှက်အတိုင်းပဲကွ'

'ဒါဆိုရင် ဦး သမီးဟာ လူမှ ဟုတ်ရဲ့လားခင်ဗျာ'

www.burmeseclassic.com

www.burmeseclassic.com





## ၅။ ဒါဆိုရင် မစားနဲ့လေ

စားသောက်ဆိုင်တစ်ဆိုင်သို့ အလွန်တစ်ရာ စိတ်ဓာတ် ကျနေသော လူတစ်ယောက် ရောက်လာပြီး စားပွဲထိုး ကောင်မကလေးအား အမဲသားနှင့် ပေါင်မုန့်ကို မှာရင်း သူ့အား ဂရုတစိုက်နှင့် ချိုချိုသာသာ ပြောဆို ဆက်ဆံ ရန်လည်း ပြောလိုက်သည်။


မကြာခင် စားပွဲထိုး ကောင်မကလေးလည်း မှာကြားထားသည့် အမဲသားနှင့် ပေါင်မုန့်ကို ထိုလူရှေ့တွင် ချ ပေးပြီး စကားတစ်ခွန်းမှ မပြောဘဲ ထွက်သွားမည်ပြုရာ ထိုသူက လှမ်းပြောလိုက်သည်။

'ဟေ့ မင်း ငါ့ကို ချိုချိုသာသာ စကား တစ် ခွန်းလောက် မပြောတော့ဘူးလား'

'ဒါဆိုရင် အဲဒီ အမဲသားနဲ့ ပေါင်မုန့်ကို မစား နဲ့ ရှင့်'







## ၆။ သူ့ပြဿနာ

တစ်နေ့တွင် လူတစ်ယောက်သည် ဆရာဝန်ထံ ရောက် လာပြီး ပြောပြသည်။

'အိပ်လို့ ပျော်သွားတာနဲ့ ကျွန်တော်ဟာ ဟောက် တော့တာပဲ ဆရာရယ်။ အဲဒါ ကြည့်ပေးပါဦး'

'ခင်ဗျား ဟောက်တဲ့အခါ သိပ် အသံကျယ် သလား'

'ဟုတ်ကဲ့ သိပ် အသံကျယ်ပါတယ်'

'ဒါဆိုရင် ခင်ဗျား မိန်းမကို အနှောက်အရှက် ဖြစ်တာပေါ့'

'ကျွန်တော့်မှာ အိမ်ထောင် မရှိဘူး ခင်ဗျ'

'အော် ခင်ဗျားက တစ်ယောက်တည်းသမားပေါ့။ ဒီလိုဆိုရင်လဲ ဟောက်တာ ဘာပြဿနာ ရှိလို့လဲ'

'ပြဿနာ မဟုတ်ဘူး ဟုတ်လား။ အဲဒါကြောင့် ကျွန်တော် အလုပ်ထုတ်ခံရတာ ငါးခါ ရှိသွားပြီ ဆရာ'



www.burmeseclassic.com

www.burmeseclassic.com





၇။ ဘာဗွန်းလဲ

အိမ်သို့ အလည်လာ စားသောက်ပြီး ဧည့်သည်များ ပြန်သွားကြသည့်အခါ မိန်းမဖြစ်သူက ယောကျ်ားကို ပြောလိုက်သည်။

'ဧည့်သည်တွေ ဇွန်းနှစ်ချောင်း ယူသွားကြတယ်ရှင့်'

'ဘာဇွန်းတွေလဲကွ'

'ဆာဗိုင်း ဟိုတယ်က ကျွန်မတို့ ယူလာခဲ့တဲ့ ဇွန်းတွေလေ'





၈။ သူ့ စိုးရိမ်တာက

ကျွန်မသည် ရည်းစားဖြစ်သူ၏ ကားနှင့်လျှောက်လည်ကြရာ တစ်နေရာအရောက်တွင် ကျွန်မရည်းစားက စိုးရိမ်တကြီးနှင့် ကျွန်မကို ထိုင်ခုံခါးပတ် ပတ်ထားရန် ပြောပါသည်။ ကျွန်မအတွက် ယခုလို စိုးရိမ်ပြီး ဂရုစိုက်သဖြင့် အကျေနပ်ကြီး ကျေနပ်နေစဉ် သူက ဆက်ပြောလိုက်သည်မှာ

'တော်ကြာ ရဲက ဖမ်းနေဦးမယ်' ဟူသတည်း။

www.burmeseclassic.com

www.burmeseclassic.com





## ၉။ ကျုပ်ကတော့


တက္ကသိုလ် တစ်ခုမှ ပါမောက္ခ တစ်ယောက်သည် လူနှစ်ယောက် မလျှောက်သာသော လမ်းကျဉ်းကလေး တစ်ခုအတွင်းတွင် သူနှင့် ပြိုင်ဖက် ပါမောက္ခတစ်ဦးအား မျက်နှာခြင်းဆိုင် တွေ့လေသည်။ ပြိုင်ဖက်ပါမောက္ခက လမ်းဖယ်ပေးရန် လုံးဝ မစဉ်းစားဘဲ လှမ်းပြောလိုက်သည်။

'ကျုပ်က အရူးတွေကို ဘယ်တော့မှ လမ်းဖယ်မပေးတတ်ဘူးဗျ'

ထိုအခါ ပါမောက္ခကြီးက ပြုံး၍ ပြန်ပြောလိုက်သည်။

'ကျုပ်ကတော့ ဖယ်ပေးတတ်တယ်ဗျ'





## ၁၀။ တစ်ယောက်မှ မရှိဘူး

တရားရုံးတော်ရုံးတွင် တရားခံဖြစ်သူအား တရားသူကြီးက မေးလိုက်သည်။

'မောင်မင်းမှာ အပြစ်ရှိသလား'

'မရှိပါဘူး ခင်ဗျာ'

'ဒါဆိုရင် မောင်မင်းမှာ အလီဘိုင် ရှိသလား'

'အလီဘိုင် ဆိုတာ ဘာကို ပြောတာလဲ တရားသူကြီးမင်း ခင်ဗျာ'

'အမှုဖြစ်ပွားချိန်မှာ မောင်မင်းကို တစ်ယောက်ယောက်က တွေ့တဲ့သူ ရှိသလားလို့ မေးတာ'

'တစ်ယောက်မှ မရှိပါဘူး ခင်ဗျာ။ ဘုရားသခင်ကျေးဇူးပဲ'

www.burmeseclassic.com

www.burmeseclassic.com





၁၁။ နောက်အပတ်

လူတစ်ယောက်သည် အင်္ကျီအပေါင်း တစ်ထည်၏ အိပ်တစ်အိပ်ထဲမှ လွန်ခဲ့သော ခြောက်နှစ်ခန့်က ဖြိုးပ်တစ်ရံ ပြင်ရန် ဆိုင်ပို့ထားသည့် လက်မှတ်တစ်စောင်ကို သွားတွေ့လေသည်။ သို့နှင့် ဆိုင်ကို လှမ်း၍ သူ့ဖိနပ် ရှိ မရှိ လှမ်းမေးလိုက်သည်။

ထိုအခါ ဆိုင်ရှင်က

'အညိုရောင် သားရေဖိနပ်ကလေးလား။ အောက်ခံသားရေဆိုးလ်လဲဖို့ အပ်ထားတဲ့ ဖိနပ်မဟုတ်လား ခင်ဗျာ'

'ဟုတ်ပါတယ်၊ ဟုတ်ပါတယ်။ အဲဒီ ဖိနပ်ပါပဲ။ ဘယ်တော့ရမလဲ ခင်ဗျ'

'နောက်အပတ်ဆိုရင် ရပါပြီ ခင်ဗျာ'





၁၂။ အိမ်မွေး တိရိစ္ဆာန်

တစ်နေ့တွင် အိမ်မွေးတိရစ္ဆာန်များ ရောင်းသော ဆိုင်တစ်ဆိုင်သို့ လူရွယ် တစ်ယောက် ဝင်လာပြီး တိရစ္ဆာန်များကို တစ်ကောင်ပြီး တစ်ကောင်လိုက် ကြည့်လျက် ရှိသည်။ ထိုအခါ သူ့အနားသို့ လွန်စွာ ချောမောလှသော ဆိုင်မှ အရောင်း စာရေးမကလေး ရောက်လာပြီး ဘာအကူအညီ ပေးရမလဲဟု မေးလိုက်သည်။

'ဒီလိုပါ၊ ကျွန်တော်က စိတ်ရောဂါကု ဆရာဝန် တစ်ယောက်ပါ။ ကျွန်တော် လူနာ တစ်ဦးအတွက် ဘယ်လို အိမ်မွေး တိရစ္ဆာန်မျိုး ဝယ်ရရင် ကောင်းမလဲလို့ လိုက်ကြည့်ရင်း စဉ်းစားနေတာပါ'

'ဟုတ်လား၊ ဒီလိုဆိုရင် ဆရာ့လူနာက ဘယ်လို လူမျိုးလဲဆိုတာ ကျွန်မကို ပြောပြပါလား၊ ကျွန်မ ကူပြီး စဉ်းစားပေးမယ်လေ'

'အင်း- ကျွန်တော် လူနာက အသက် ၆၀ ကျော်ပြီးတော့ သဘောသကာယလဲကောင်းတယ်၊ ပိုက်ဆံလဲ အရမ်း ချမ်း

www.burmeseclassic.com

www.burmeseclassic.com



သာတယ်၊ ဒါပေမယ့် ကျန်းမာရေးက မကောင်းတော့ စိတ်ဓာတ်လဲကျနေတဲ့ လူတစ်ယောက်ပေါ့'

ထိုနောက် အမျိုးသမီးသည် ခဏကြာအောင် တွေးတော စဉ်းစားပြီး ပြန်ပြောလိုက်သည်။

'ကျွန်မတော့ ဆရာ့ လူနာအတွက် စဉ်းစားလို့ရပြီ'

'ဟုတ်လား ဘယ်လို တိရိစ္ဆာန်မျိုး ဝယ်ရမလဲဟင်'

'ကျွန်မကိုပဲပေါ့'





၁၃။ ချောရဲ့လား

အလွန်တစ်ရာ ကပ်စေးနဲ စစ်စေသော ကုမ္ပဏီသူဌေး တစ်ယောက်နှင့် ခရီးထွက်လာခဲ့သော စာရေးတစ်ယောက် သည် ညဥ့်အတော်နက်မှ တည်းခိုရာ ဟိုတယ်သို့ ပြန် ရောက်လာသော ဆရာဖြစ်သူကို မေးလိုက်သည်။

'ဟင် ဆရာ၊ အခုမှ ပြန်လာတယ် ဟုတ်လား၊ တစ်နေ့လုံး ဘယ်သွားနေတာလဲ ဆရာ'

'ငါလား၊ နေ့လည်က မိန်းမတစ်ယောက်နဲ့ တွေ့ပြီး အသိအကျွမ်း ဖြစ်သွားတယ်ကွ၊ အဲ နောက်တော့ ငါတို့ အပြင်မှ တစ်ခုခု ထွက်စားကြတယ်၊ နောက်တော့ သူက သူ့အိမ် လိုက်ခဲ့ပါဆိုလို့ လိုက်သွားတယ်လေ'

'အမျိုးသမီးက တော်တော်ချောသလား၊ ဆရာ'

www.burmeseclassic.com

www.burmeseclassic.com



'ချောသလား ဟုတ်လား ငါဖြင့်ကွာ သူ့ကို ချောသလား မချောဘူးလား ဆိုတာတောင် သတိမထားမိပါဘူး၊ သူ့အိမ်သွားတာ အငှားကား စီးသွားရတော့ တစ်ချိန်လုံး တက်နေတဲ့ မီတာခကိုပဲ ကြည့်မိနေလို့ကွ'





## ၁၄။ တီးလုံးက ခဏကလေး

ကပွဲတစ်ခုတွင် အမျိုးသားတစ်ဦးသည် အမျိုးသမီး တစ်ယောက်နှင့် တွေ့ဆုံပြီး မကြာခင် တွဲကကြလေသည်။ ထို့နောက် အမျိုးသမီးအား အမျိုးသားက ပြောလိုက်သည်။

'မင်းနဲ့ ငါနဲ့ တွဲကတိုင်း ကတိုင်း တီးဝိုင်းက တီးလုံး တီးတာ ခဏကလေး ပါလားကွ'

'သိပ်တော့ အံ့သြစရာ မရှိပါဘူး၊ တီးဝိုင်း ခေါင်းဆောင်က ကျွန်မ ရည်းစားလေ'

www.burmeseclassic.com

www.burmeseclassic.com





## ၁၅။ ခဏလေးပါ

ကျွန်မယောကျ်ားနှင့် ကျွန်မသည် တစ်နေ့တွင် ဗီဒီယို ရုပ်ရှင်ကား တစ်ကားကို ဧည့်ခန်းထဲတွင် ကြည့်နေကြသည်။ တစ်နေရာတွင် အချစ်သရုပ်ဖော် ဇာတ်ဝင်ခန်း တစ်ခန်းသည် အနည်းငယ် ကြမ်းတမ်းနေသဖြင့် အခန်းထဲတွင်လည်း သမီးနှင့် သားတို့လည်း ရှိနေကြရာ ကျွန်မသည် ရီမုကွန်ထရိုးကို ယူ၍ ထိုအခန်းကို ကျော်ပစ်ရန် ခလုတ် နှိပ်မည်ပြုစဉ် သားငယ်က ဝင်ပြောလိုက်သည်။

'မေမေ ကျော်မနေပါနဲ့၊ အခုပဲ ဖုန်းသံမြည်လာပြီး တစ်ခြား အခန်း ပြောင်းသွားမှာပါ'





## ၁၆။ သိမ်းလို့မရဘူး

တစ်ခါက တရားရုံးတော်တစ်ခုတွင် အသက်အရွယ်ကြီးနေပြီ ဖြစ်သော မော်တော်ကားယာဉ်မောင်း တစ်ယောက်ကို တရားသူကြီးက မီးနီကို ဖြတ်မောင်းသဖြင့် ၎င်းအမှုကို စစ်ဆေးနေသည်။


ထိုသူ၏ ယာဉ်မောင်း မှတ်တမ်းအရ ယခင်အခါကလည်း မော်တော်ယာဉ် ရပ်နားခ ပေးဆောင်ရန် ပျက်ကွက်မှုများ၊ မော်တော်ယာဉ် လိုင်စင်အသစ် ပြန်လည်လျှောက်ထားမှု မရှိခြင်းများကိုပါ တွေ့ရသဖြင့် ဒေါ်လာ ၅၀၀ ဒဏ်ငွေချမှတ်ပြီး၊ ကားမောင်းလိုင်စင်ကိုလည်း တစ်နှစ်ပိတ် သိမ်းလိုက်လေသည်။

www.burmeseclassic.com



ထိုအခါ တရားခံဖြစ်သူက ဤသို့ ပြန်ပြောလိုက်သည်။
'ဟုတ်ပါတယ်၊ အဲဒီပြစ်မှုတွေ အားလုံး ကျူးလွန်မိ ပါတယ်။ ဒီအတွက် ဒဏ်ငွေကိုလဲ ဆောင်ပါ့မယ်၊ ဒါပေမယ့် ကျွန်တော့် လိုင်စင်ကို တရားသူကြီးတို့ သိမ်းလို့ရမှ မဟုတ်ပါဘူး'
'ဘာဖြစ်လို့လဲ သိမ်းလို့ မရ ရမှာလဲ'
'ကျွန်တော့်မှာ ကားမောင်းလိုင်စင် တစ်ခါမှ မရှိခဲ့ဘူးလို့ပါ'






၁၇။ ရောက်ခဲ့ကြပုံများ

အမေရိကန်ပြည်ထောင်စုရှိ ဗဟိုဘဏ်တိုက်ကြီးသို့ ဟောင်းနွမ်း ဆုပ်ပြဲနေသော ငွေစက္ကူများကို နိုင်ငံ အနှံ့အပြားမှ သိမ်းဆည်းပြီး ပြန်ပို့လိုက်ရာ ထိုငွေအိတ်ကြီးထဲတွင် ၁ ဒေါ်လာတန် ငွေစက္ကူ တစ်ရွက် နှင့် ဒေါ်လာ ၂၀ တန် ငွေစက္ကူတစ်ရွက်တို့ တွေ့ဆုံကာ စကားပြော ဖြစ်ကြသည်။
ထိုအခါ ဒေါ်လာ ၂၀ တန် ငွေစက္ကူက ပြောလိုက်သည်။
'ငါတော့ကွာ၊ တစ်နိုင်ငံလုံးအနှံ့ကို ရောက်တာပဲ။ စတိုးဆိုင်ကြီးတွေ ရောက်လိုက်၊ စားသောက်ဆိုင်ကြီးတွေ ရောက်လိုက်၊ ပြီးတော့ ကလပ်တွေရော စုံနေအောင်ကို ရောက်တာပါပဲကွာ၊ မင်းရော ဘယ်လိုလဲကွ'
၁ ဒေါ်လာတန် ငွေစက္ကူက ပြန်ဖြေလိုက်သည်မှာ
'ကျွန်တော်လား၊ အမြဲတမ်းလိုလို ဘုရားကျောင်းတွေကိုပဲ ရောက်ပါတယ်ဗျာ၊ ဘုရားကျောင်းတစ်ကျောင်းပြီး တစ်ကျောင်းကို ရောက်တာ တစ်နိုင်ငံလုံးပါပဲ'

www.burmeseclassic.com

www.burmeseclassic.com





## ၁၈။ ပြောထားသားနဲ့

တစ်ခါတုံးက တိုင်းပြည် တစ်ပြည်တွင် နယ်စားကြီး တစ်ဦးက ဦးဆောင်၍ ပုန်ကန်လေရာ နောက်ဆုံးတွင် ထိုနယ်စားကြီးကို ဖမ်းဆီးမိပြီး ထောင်သွင်း အကျဉ်းချထားလိုက်လေသည်။ ထို့နောက် ဘုရင်ဖြစ်သူက ထိုနယ်စားကြီးကို ခေါ်ယူစစ်ဆေးပြီး မည်သူတွေ ပုန်ကန်မှုထဲတွင် ပါသေးလဲဟု မေးရာ နယ်စားကြီးက လုံးဝမဖြေပေ။ ညှင်းပန်းနှိပ်စက်၍ မေးသော်လည်း တစ်လုံးမှမဟ။ သို့နှင့် ဘုရင်ကြီးက ခေါင်းဖြတ်သတ်ရန် အမိန့်ချမှတ်လိုက်တော့သည်။

ထိုနယ်စားကြီးအား ခေါင်းဖြတ်သတ်ရန် လက်မရွံ့ အာဏာသားများက ခေါင်းဖြတ်သည့်စင်သို့ တရွတ်တိုက်ဆွဲခေါ် သွားကြလေသည်။ ဘုရင်ကြီးက လိုက်လာပြီး နယ်စားကြီးအား မေးမြန်းလေသည်။

'ဘယ်သူတွေ ပါသေးသလဲ ပြောပြရင် မင်းကို အသက်ချမ်းသာပေးမယ်'



နယ်စားကြီးကလည်း ငြင်းဆန်မြဲ ငြင်းဆန်လျက် လုံးဝမပြောပေ။

အာဏာသားများက နယ်စားကြီးအား ခေါင်းဖြတ် စင်ပေါ်သို့ တင်ပြီး ခေါင်းဖြတ်သတ်ရန် အဆင်သင့် ပြင်လိုက်သည်။ ဘုရင်ကြီးက နောက်ဆုံးအနေနှင့် မေးလိုက်ပြန်သည်။

'ကဲ ဒါ မင်းအတွက် နောက်ဆုံးအခွင့်အရေးပဲ၊ ပြောစမ်း'

နယ်စားကြီးက တုတ်တုတ်မှ မလှုပ်၊ စကားတစ်ခွန်းမှ နှုတ်တုံ့ မပြန်ပေ။ ဘုရင်ကြီးက အမိန့်ပေးလိုက်သည်။

'သတ်လိုက်တော့ကွာ'

အာဏာသားများကလဲ ခေါင်းဖြတ်စင်မှ ဓားကို ဖြုတ်ချလိုက်သည်။ ဤအခါမှ နယ်စားကြီးက 'ခဏနေပါဦး၊ ကျွန်တော် ပြောပါတော့...' ဟု ပြောလိုက်သော်လည်း ဓားကြီးမှ ပြုတ်ကျလာပြီဖြစ်သဖြင့် နောက်ကျသွားလေတော့သည်။


ထိုအခါ ဘုရင်ကြီးသည် စိတ်ဆိုးမာန်ဆိုးနှင့် သူသတ်လက်မရွံ့ အာဏာသားများကို ကြိမ်းမောင်းပြစ်တင်လိုက်သည်။

'မင်းတို့ အကောင်တွေ အလကားပဲ။ မင်းတို့ကို ငါ ဘယ်လို မှာထားသလဲ ဟင်၊ ကြက်အကောင် မပေါက်ခင် ကြက်ဥတွေကို ဘယ်တော့မှ မရေတွက်နဲ့လို့မှာထားတာ ဘယ်နှစ်ခါ ရှိပြီလဲကွ'

www.burmeseclassic.com

www.burmeseclassic.com





## ၁၉။ နာရီဝက်အတွင်း

တစ်ခါက တက္ကဆက်နယ်မှ ရေနံသူဌေးများသည် နိုင်ဂါရာ ရေတံခွန်ကြီးသို့ လာရောက်လည်ပတ် ကြည့်ရှုနေကြသည်။ ဧည့်လမ်းညွှန်က ရေနံသူဌေး တစ်ယောက်ကို မေးလိုက်သည်။

'တက္ကဆက်နယ်မှာ ဒီလိုမျိုး ရှိသလားဟင်'

'ငါတို့ဆီမှာ မရှိတော့ မရှိဘူးကွ၊ ဒါပေမယ့် အဲဒီလို ဒလဟော ထွက်နေရင် အဲဒီထွက်နေတဲ့ အပေါက်ကိုတော့ နာရီဝက်အတွင်း ပိတ်နိုင်ပါတယ်'





## ၂၀။ ပေါလွန်းလို့

ဥရောပတိုက်ကို ဖြတ်သန်းသွားသော ရထားတစ်စီးပေါ်တွင် ရုရှ တစ်ယောက်၊ ကျူဘား တစ်ယောက်၊ အမေရိကန် လုပ်ငန်းရှင် တစ်ယောက်နှင့် ရှေ့နေ တစ်ယောက်တို့ အတူ စီးနင်းလိုက်ပါ လာကြသည်။

ရုရှက ဗော်ဒ်ကာ အရက် ပုလင်းကြီး တစ်ပုလင်းကို ထုတ်၍ သူနှင့်အတူ စီးနင်းလိုက်ပါလာကြသော သူများကို အရက်တစ်ခွက်စီ ငှဲ့၍ တိုက်လိုက်သည်။ ကျန်နေသော တစ်ဝက်ကျော်ကျော်ရှိသေးသည့် ဗော်ဒ်ကာ ပုလင်းကို ရထား ပြတင်းပေါက်မှ လွှင့်ပစ်လိုက်လေသည်။

အမေရိကန် လုပ်ငန်းရှင်က မေးလိုက်သည်။

'ခင်ဗျား ဘာလို့ လွှင့်ပစ်လိုက်တာလဲ'

'ကျုပ်တို့ နိုင်ငံထဲမှာ ဗော်ဒ်ကာ အရက်တွေ အများကြီး ရှိတယ်။ သောက်လို့ကို မကုန်နိုင်အောင် ပေါတယ်ကွ'

www.burmeseclassic.com

www.burmeseclassic.com



ခဏကြာသောအခါတွင် ကျူးဘားကလဲ ခရီးသွား ဖော်များကို ဟာဗာနာ ဆေးပြင်းလိပ် တစ်လိပ်စီ ဝေငှလိုက်သည်။ ထို့နောက် သူ့အတွက် ဆေးပြင်းလိပ် ၂ လိပ်၊ ၃ လိပ် ယူလိုက်ပြီး ကျန်သည့် ဆေးပြင်းလိပ်ဘူးကို ရထားပြတင်းမှ လွှင့်ပစ်လိုက်ပြန်သည်။

အမေရိကန်လုပ်ငန်းရှင်က မေးလိုက်ပြန်သည်။

'ခင်ဗျားတို့ နိုင်ငံက စီးပွားရေး အဆင် မပြေဘူးလို့ ကျွန်တော် ကြားဖူးတယ်။ ဘာဖြစ်လို့ အခုလို မသောက်ရသေးတဲ့ ဆေးပြင်းလိပ်တွေကို လွှင့်ပစ်လိုက်ရတာလဲ'

'ကျွန်တော့်နိုင်ငံမှာ ဆေးလိပ် တစ်ဒါဇင်ကို ၁ ပြားလောက်ပဲ ပေးရတာ။ ကျွန်တော် လိုသလောက် ဝယ်နိုင်တယ်လေ'

အမရိကန်လုပ်ငန်းရှင်လည်း တခဏမျှ ငြိမ်သက်၍ သွားပြီး ဗြုန်းကနဲ ထလိုက်ကာ သူ့နားတွင် ထိုင်နေသော အမေရိကန်လူမျိုး ရှေ့နေကို ဂုတ်မှ ဆွဲကိုင် မ,ယူ၍ ရထားပြတင်းမှ လွှင့်ပစ်လိုက်လေတော့သည်။



## ၂၁။ အလုပ်အင်တာဗျူး

အလုပ်တစ်ခုအတွက် လူတစ်ယောက်ကို တွေ့ဆုံမေးမြန်းလျက် ရှိသည်။ ထိုသူအား မေးလိုက်သည့် မေးခွန်းမှာ အမျိုးသမီးတစ်ယောက် စီမံခန့်ခွဲအုပ်ချုပ်မှုအောက်တွင် အလုပ်လုပ်နိုင်မလားဟူ၍ ဖြစ်သည်။


ထိုအခါ ထိုလူက အောက်ပါအတိုင်း ပြန်လည် ဖြေကြားသည်။

'ကျွန်တော်ဟာ ဗြိတိသျှလူမျိုး ဖြစ်ပါတယ်။ ပြီးတော့ ကျွန်တော့် နိုင်ငံကို ဘုရင်မက အုပ်ချုပ်နေပါတယ်။ ကျွန်တော့်နိုင်ငံရဲ့ ဝန်ကြီးချုပ်ကလဲ အမျိုးသမီးတစ်ဦးပါ။ ဒါအပြင် ကျွန်တော်ဟာ အိမ်ထောင်ကျခဲ့တာ နှစ်ပေါင်း ၃၀ ခန့်ရှိပါပြီ။ ဒီတော့ အမျိုးသမီးတစ်ယောက်က ခိုင်းရင် ဘယ်လို လုပ်ရမယ်ဆိုတာ ကျွန်တော် သိပြီး သားပါ'

ထိုလူအား အလုပ်ခန့်လိုက်လေသည်။

www.burmeseclassic.com





၂၂။ ယောကျ်ား မဟုတ်ဘူး

ထရပ်ကားမောင်းသူ တစ်ယောက်သည် အဝေးပြေးလမ်းမကြီးပေါ်ရှိ စားသောက်ဆိုင် တစ်ဆိုင် ရှေ့တွင် ရပ်နားပြီး ဟမ်ဘာဂါ၊ ကော်ဖီနှင့် မုန့်များကို မှာလိုက်သည်။

ထိုသို့ စားရန်ပြင်လိုက်စဉ် သားရေ ဂျာကင် အနက်များ ဝတ်ထားသော လူငယ် ၃ ယောက်သည် မော်တော်ဆိုင်ကယ်များနှင့် ရောက်လာပြီး ဆိုင်ထဲသို့ ဝင်လာကြသည်။ တစ်ယောက်က ထရပ်ကားဒရိုင်ဘာစားမည့် ဟမ်ဘာဂါကို ယူစားလိုက်သည်။ တစ်ယောက်က ကော်ဖီကို ယူသောက်လိုက်သည်။ ကျန်တစ်ယောက်က မှာထားသော



မုန့်ကို ယူစားလိုက်ပြန်သည်။ ထိုအခါ ထရပ်ကားမောင်းသူလည်း နေရာမှထကာ ကောင်တာတွင် ကျသင့်ငွေများကို ရှင်းပြီး ဆိုင်ထဲမှ ထွက်သွားသည်။ လူငယ် ၃ ယောက်လည်း ဆိုင်ရှင်အား လှမ်းပြောလိုက်သည်။


'ဒီလူက ယောကျ်ား မဟုတ်ဘူးဗျ'

'အေး ဟုတ်တယ်၊ ပြီးတော့ ဒရိုင်ဘာလဲ မဟုတ်ဘူး။ ဆိုင်ရှေ့က မော်တော်ဆိုင်ကယ် ၃ စီးစလုံးကို သူ့ကားနဲ့ တက်နင်းသွားတယ်'

www.burmeseclassic.com

www.burmeseclassic.com





၂၃။ အမေပြောလို့

ကျောင်းတစ်ကျောင်းတွင် ဆရာမ ဖြစ်သူသည် သူ့တပည့်တစ်ယောက်၏ နှုတ်မှ ဆဲဆိုတိုင်းတွာသည့် စကားတစ်လုံး ထွက်လာသဖြင့် အံ့အားသင့်ပြီး မေးလိုက်သည်။

'ဂျက်ဖရီ၊ မင်း ဒီလိုမျိုး မပြောရဘူးလေ၊ မင်း ဘယ်ကနေ ဒါမျိုး တတ်တာလဲ'

'ဖေဖေ ပြောနေကျမို့ပါ'

'ကဲ ထားပါတော့လေ၊ ဒီစကားဟာ ဘယ်လို အဓိပ္ပာယ် ရှိတယ် ဆိုတာကိုရော မင်း သိရဲ့လား'

'သိပါတယ်၊ အဲဒီ အဓိပ္ပာယ်က ကားစက်နှိုးလို့ မရတာပါ'





၂၄။ လိုလို့လား

ပီစီကွန်ပျူတာတွင် သုံးသည့် ဝင်းဒိုး ၉၅ သည် ၎င်းကို ဈေးကွက် တင်မရောင်းခင် အကြီးအကျယ် ကြော်ငြာခဲ့ရာ ၎င်း ကြော်ငြာမှုများ ထိရောက်ခဲ့သည်ကို ကျွန်တော် တွေ့ရသည်။

တစ်နေ့တွင် ကျွန်တော့်၏ ခယ်မ တစ်ယောက်သည် ကျွန်တော့်အား ဝင်းဒိုး ၉၅နှင့် ပတ်သက်၍ လှမ်းမေးလေသည်။

'ဝင်းဒိုး ၉၅ အကြောင်းတွေ အားလုံး ဖတ်ပြီးပြီ၊ အဲဒီ အထဲမှာ ပါတဲ့အတိုင်း ဝင်းဒိုး ၉၅ က လုပ်လို့ ရသလား၊ အဲဒါကို ဝယ်ရမလားဟင်'

ကျွန်တော် အံ့အားသင့်သွားပြီး ပြန်မေးလိုက်ပါသည်။


'နင် ဘယ်တုံးက ကွန်ပျူတာ ဝယ်လိုက်တာလဲ၊ ငါ မသိရပါလား'

'ဘာပြောတယ်၊ ဝင်းဒိုး ၉၅ သုံးဖို့ ကွန်ပျူတာ လိုတယ် ဟုတ်လား'

www.burmeseclassic.com

www.burmeseclassic.com





## ၂၅။ ဘယ်လောက် ရသလဲ

မြို့တစ်မြို့တွင် အုပ်ချုပ်ရေးကောင်စီတွင် လစ်လပ်နေသော စီမံခန့်ခွဲမှု အရာရှိနေရာအတွက် အလုပ်လျှောက်ထားသူ တစ်ဦးအား ခေါ်ယူ တွေ့ဆုံ မေးမြန်းရာ ကောင်စီဝင် တစ်ယောက်က မေးလိုက်သည်။

'နှစ်နဲ့နှစ်ပေါင်းရင် ဘယ်လောက်ရလဲ'

အလုပ်လျှောက်သူလည်း ထိုင်နေရာမှ ဖြုန်းကနဲ ထရပ်လိုက်ပြီး တံခါးကို ဖွင့်ကာ အပြင်ဘက်သို့ မည်သူများ ရှိသလဲဟု ဟိုကြည့် ဒီကြည့် ကြည့်သည်။ ထို့နောက် ပြတင်းပေါက် လိုက်ကာများကို ချလိုက်သည်။ စားပွဲပေါ်သို့ ပြန်လာကာ တိုးတိုးကလေး ပြန်မေးလိုက်သည်။

'ဘယ်လောက် ဖြစ်စေချင်ပါလဲ ခင်ဗျာ'

ထိုအလုပ်ကို အလုပ် လာလျှောက်သူ ရသွားလေသည်။





## ၂၆။ ကျွန်တော်လဲ မသိဘူး

ခရီးသည်တင် သင်္ဘော တစ်စင်းနှင့် လိုက်ပါလာသော သူတစ်ယောက်သည် ကျွန်းငယ် ကလေး တစ်ခုအနီးမှ ဖြတ်သန်းသွားသည့်အခါ ကျွန်းပေါ်တွင် ဆံပင် မုတ်ဆိတ် ရှည်ရှည်နှင့် လူတစ်ယောက် ခုန်ပေါက် အော်ဟစ်ကာ လက်ဝှေ့ ယမ်းနေသည်ကို တွေ့ရသဖြင့် သင်္ဘော ကပ္ပိတန် ဖြစ်သူကို မေးလိုက်သည်။


'အဲဒီ ကျွန်းပေါ်က လူက ဘယ်သူလဲဟင်'

'မသိပါဘူးဗျာ၊ နှစ်တိုင်း နှစ်တိုင်း ကျွန်တော်တို့ ဖြတ်သွားတဲ့အခါ အဲဒီလိုပဲ ခုန်ပေါက် အော်ဟစ်နေတာပဲ'

www.burmeseclassic.com

www.burmeseclassic.com





## ၂၇။ နောက်ဆုံးမှာတာကတော့

သူငယ်ချင်းမိတ်ဆွေနှစ်ယောက်သည် နေ့လည်စာ စားရန် စားသောက်ဆိုင် တစ်ဆိုင်သို့ ရောက်လာကြသည်။ ပထမလူက သူ့အကြိုက် မှာလိုက်သည်။ ဒုတိယလူကမူ ထိုသို့ အပြင်ထွက်၍ စားသောက်ဆိုင်များ၌ မစားသောက်ဘူးသဖြင့် ဘာမှ မမှာပေ။ ပထမလူ မှာထားသော အစားအသောက်များ ရောက်လာသောအခါတွင်မှ စားပွဲထိုးကို ထိုကဲ့သို့ အစားအသောက်မျိုးများ သူ့အတွက် ယူလာရန် မှာလိုက်သည်။ ထို့နောက် ပထမလူက ထမင်း မှာလိုက်သည်။ ဒုတိယလူကလဲ ထိုကဲ့သို့ လိုက်မှာသည်။ ထို့နောက် ပုစွန်ဟင်း တစ်ခွက်ကို ပထမလူက



မှာပြန်သည်။ ဒုတိယလူကလည်း ထိုအတိုင်း လိုက်မှာလေသည်။ နောက်ဆုံးတွင် ပထမလူက သွားကြားထိုးတံ ယူခဲ့ရန် မှာလိုက်သည်။ နောက်လူကလည်း သူ့အတွက်ပါ ယူခဲ့ရန် ပြောလိုက်သည်။

ထို့နောက် ပထမလူက သူ့မိတ်ဆွေအား စားလို့ကောင်းရဲ့လား ဟု မေးလိုက်ရာ ဒုတိယလူက

'ပထမဟာတွေတော့ စားလို့ ကောင်းပါတယ်ဗျာ၊ နောက်ဆုံး မှာလိုက်တဲ့ ဟာကတော့ ဝါးကို စားနေရသလိုပါပဲဗျာ'

www.burmeseclassic.com

www.burmeseclassic.com





## ၂၈။ ပိတ်လိုက်ပြီ


လူတစ်ယောက်သည် ဆွေးနွေးပွဲတစ်ခုကို ဦးဆောင်စီစဉ်၍ ကျင်းပလျက်ရှိသည်။ ယင်းဆွေးနွေးပွဲအမည်မှာ 'ကလေးများ ပြုစုပျိုးထောင်ရာ၌ လိုက်နာရန် စည်းမျဉ်း ဥပဒေသများ'ဟူ၍ ဖြစ်သည်။

မကြာမီတွင် ထိုသူသည် အိမ်ထောင်ပြုပြီးနောက် ကလေးများ ရလာသည့်အခါတွင် သူ၏ ဆွေးနွေးပွဲ အမည်ကို ဤသို့ ပြောင်းလိုက်သည်။

'ကလေးများ ပြုစုပျိုးထောင်ရန်အတွက် အကြံပေးချက်များ'

ထိုနောက် သူ၏ကလေးငယ်များ ဆယ်ကျော်သက်အရွယ်သို့ ရောက်လာသောအခါ ထိုဆွေးနွေးပွဲကို မကျင်းပတော့ရန် ဆုံးဖြတ်လိုက်လေတော့သည်။





## ၂၉။ ဇနီးသည်က ခွင့်မပြုလို့

ဈေးကွက် သုတေသနပြုသည့် ဌာနတွင် ကျွန်မတို့သည် တာဝန် ထမ်းဆောင်နေသူ ဖြစ်ပါသည်။ တစ်နေ့တွင် ကျွန်မတို့ ဌာနမှ အမျိုးသမီး ကုန်ပစ္စည်းတစ်မျိုးအတွက် ဝယ်ယူ အသုံးပြုသူများထံမှ ထင်မြင်ချက်များ တောင်းခံလျက်ရှိရာ ကျွန်မနှင့် လုပ်ဖော်ကိုင်ဖက် တစ်ဦးဖြစ်သူက အမျိုးသား တစ်ယောက်ထံ ဖုန်းဆက်၍ မေးလိုက်သည်။


'လူကြီးမင်းတို့အိမ်မှာ အသက် ၁၈ နှစ်ကနေ ၂၄ နှစ်အတွင်း အမျိုးသမီး ရှိပါသလားဟင်'

'မရှိပါဘူးကွယ်၊ ဦးရဲ့ဇနီးသည်က ခေါ်ခွင့် မပြုဘူးကွဲ့'

www.burmeseclassic.com

www.burmeseclassic.com





## ၃၀။ မှားတဲ့အခါလဲ မှားပေမပေါ့

ကျွန်တော်သည် သူငယ်ချင်းတစ်ယောက်၏ ညစာစားပွဲအတွက် ဝိုင်အရက်ပုလင်းဝယ်ရန် မေ့သွားသဖြင့် အိမ်အနား မိတ်ဆွေတစ်ယောက်ထံ လှမ်းဖုန်းဆက်သည့်အခါ ထိုမိတ်ဆွေမှာ အိမ်တွင် မရှိ ဖြစ်နေသည်။ သို့သော် ကျွန်တော်တို့ နှစ်ယောက်သည် သူ့သော့ ကိုယ်သော့ ပေးထားကြသူများ ဖြစ်သဖြင့် သူ့အိမ်သို့ သွား၍ တံခါးဖွင့်ကာ သူ၏ အရက်စင်ပေါ်မှ ဝိုင်အရက်ပုလင်း တစ်လုံးကို ယူလာခဲ့လေသည်။

ကျွန်တော်ယူလာခဲ့သော ဝိုင်အရက်ကို နှစ်သက်သဘောကျ ကြသဖြင့် အားလုံးက ကျွန်တော်အား ဝိုင်းဝန်းချီးကျူးကြလေသည်။ သို့နှင့် ညစာစားပွဲပြီးသော



အခါ ထိုဝိုင်အရက်ပုလင်းမှ တံဆိပ်ကို ခွာယူလာပြီး အိမ်နားရှိ စတိုးဆိုင်တစ်ဆိုင် ဝင်ကာ ဝယ်လေသည်။


သို့သော် ထိုဆိုင်တွင် ကျွန်တော်ယူလာသော ဝိုင်အရက်ပုလင်းမျိုး မရှိသဖြင့် အခြား ဝိုင်အရက် ပုလင်း အမျိုးကောင်းတစ်မျိုးကို ပြသဖြင့် ဝိုင်အရက်အစားပြန်ပေးရန် ၉၈ ဒေါ်လာ ပေး၍ ဝယ်လိုက်လေသည်။

ထို့နောက် ကျွန်တော် အိမ်ပြန်ရောက်၍ အိမ်နားရှိ မိတ်ဆွေထံ သွားကာ ထိုဝယ်လာသော ဝိုင်အရက်ကို အစားပြန်ပေးရင်း သူ့၏ ဝိုင်ပုလင်းမှာ ကောင်းကြောင်း၊ ထို့အတွက် ကျေးဇူးတင်ကြောင်း ပြောလိုက်သည်။ မိတ်ဆွေ သူငယ်ချင်းကလည်း ဝမ်းသာ ကျေနပ်စွာဖြင့် သူ့ဝိုင်အရက်မှာ ပုလင်းအဟောင်းထဲသို့ သူကိုယ်တိုင် လုပ်ထားသော ဝိုင်ကို အစားထိုးထည့်ထားကြောင်း ပြန်ပြောလေသည်။

www.burmeseclassic.com

www.burmeseclassic.com





## ၃၁။ ကျွန်တော့်ဟာတော့ မဟုတ်ပါ

ကျွန်တော်နှင့် အိမ်နီးချင်း မိတ်ဆွေ တစ်ယောက်တို့သည် အပြန်အလှန် ပစ္စည်းများ ငှားရမ်းနေကြ ဖြစ်ပါသည်။ မကြာခင်က ကျွန်တော်သည် သူ့ထံမှ လှေခါးငှားရာ ထိုသူက သူ့တွင် ယနေ့ မရှိကြောင်း၊ သူ့ သားက ငှားသွားကြောင်း ပြောပါသည်။

ထိုအခါ ကျွန်တော်က အဖွားဖြစ်သူ ပြောခဲ့သည့် စကား တစ်ခွန်းကို အမှတ်ရသဖြင့် သူ့အား ပြောလိုက်ပါသည်။

'တကယ်တော့ သားသမီးတွေကို ပစ္စည်းတွေ ဘာတွေ မငှားသင့်ဘူးဗျ၊ ငှားလို့ရှိရင် ဘယ်တော့မှ ပြန်မရတတ်ဘူး'

'ဟုတ်တော့ ဟုတ်ပါတယ်၊ လှေခါးက ကျွန်တော့်ဟာ မဟုတ်ပါဘူး၊ အဖေရဲ့ လှေခါးပါဗျာ'

❁





## ၃၂။ ခဲတန်ပါတယ်

ကျွန်တော်သည် အိမ်ရှေ့ပန်းခြံထဲမှာ ပန်းပင်များကို ရေလောင်းနေစဉ် ကားတစ်စီး ထိုးရပ်လာပြီး အမျိုးသမီးတစ်ယောက်က လမ်းညွှန်ပေးရန် လာမေးပါသည်။ ထိုအမျိုးသမီး သွားလိုသည့် နေရာမှာ အကွေ့ အကောက်များပြီး မျက်စိလည်စရာ ဖြစ်သဖြင့် ကျွန်တော်က ခဲတန် ပါသလား၊ လမ်းညွှန်မြေပုံ ဆွဲပေးမည်ဟု ပြောလိုက်သည်။ အမျိုးသမီးက

'ပြောသာ ပြောပါ၊ ကျွန်မ မှတ်ဉာဏ်ကောင်းပါတယ်'

ထို့ကြောင့် ကျွန်တော်လည်း ပြောပြလိုက်လေသည်။

တစ်နာရီခန့်ကြာသောအခါ ထိုအမျိုးသမီးသည် ပြန်ရောက်လာပြီး ကျွန်တော်အား ရှက်ကိုးရှက်ကန်းနှင့် ပြောလိုက်ပါသည်။

'ကျွန်မမှာ ခဲတန် ပါပါတယ်'

❁

www.burmeseclassic.com

www.burmeseclassic.com





## ၃၃။ အလုပ်သမားငှားပုံ

နွေရာသီကျောင်းပိတ်ရက်တွင် အပို ပိုက်ဆံရရန်အတွက် ကျွန်တော် သည် အနီးပတ်ဝန်းကျင်အိမ်များသို့ သွား၍ မြက်ရိတ်သမား ငှားမလားဟု လိုက်မေးပါသည်။ ထိုအခါ အိမ်တစ်အိမ်တွင် ယောကျ်ား ဖြစ်သူက မြက်ရိတ်နေသည်ကို တွေ့ရသဖြင့် မြက်ရိတ်သမား အလို ရှိမရှိ ဝင်မေးရာ ထိုလူ၏ မိန်းမဖြစ်သူက ငှားရန် မရှိကြောင်း ပြောလိုက်ပါသည်။

ထို့ကြောင့် ကျွန်တော်လည်း ပြန်လှည့်ထွက်လာခဲ့ရာ အပေါ်ထပ် ပြတင်းပေါက်မှ အသံကြားသဖြင့် မော့ကြည့်လိုက်လေသည်။ ထိုအခါ စောစောက မြက်ရိတ် နေသောလူက ကျွန်တော်ထံသို့ စာရွက်တစ်ရွက် ချပေးလိုက်ပါသည်။ ထိုစာကို ကောက်၍ ဖတ်ကြည့်လိုက်သောအခါ အောက်ပါအတိုင်း တွေ့ရလေသည်။

'မြက်ရိတ်စက်ကို ကားဒိုဒေါင်နောက်မှာ ထားတယ်။ အင်္ဂါနေ့တိုင်း နေ့လည် ၁ နာရီမှာ လာပြီး ရိတ်ပါ။ ဒေါ်လာ ၁၀ ကို ခြေသုတ်ခုံ အောက်မှာ ထားပေးမယ်'





## ၃၄။ အရက်သောက်မယ့်အစား

ပါတီပွဲတစ်ခုတွင် အိမ်ရှင် အမျိုးသမီးက ညှော်သည် ယောကျ်ား တစ်ယောက်အား အရက်တစ်ခွက်ပေးရင်း

'သောက်လို့လဲ ကောင်းပါတယ်၊ ပြီးတော့ သိပ်လဲ မမူးပါဘူး'

ထို့နောက် ဓမ္မဆရာတစ်ယောက်ကိုလည်း အလားတူ အရက်တစ်ခွက်ပေး၍ ညှော်ခံလေသည်။ ထိုအခါ ထို ဓမ္မဆရာက 'ကျုပ်တော့ အရက် သောက်မယ့်အစား ကောင်မလေးတွေနဲ့ ပျော်ပါးလိုက်ချင်ပါသေးတယ်ဗျာ' ဟု ပြောလိုက်သည်။


ဤသို့ ကြားလိုက်ရသောအခါ ပထမဆုံးအရက်ခွက်ဖြင့် ညှော်ခံခြင်း ခံရသော အမျိုးသားက သူ့အရက်ခွက်ကို သွန်ပစ်လိုက်ပြီးနောက် ပြောလိုက်သည်။

'ရွေးစရာ ရှိတယ်ဆိုတာ စောစောက မသိဘူးဗျာ'

www.burmeseclassic.com

www.burmeseclassic.com





## ၃၅။ ဖြစ်စေချင်တာက

တစ်ခါက ရုပ်မြင်သံကြား အစီအစဉ်များအတွက် ထုတ်လုပ်သူ တစ်ဦးထံ အစီအစဉ် တင်ဆက်သူ ရောက်လာပြီး သူ့၏ ခွေးက ဟာသများ ပြောတတ်ကြောင်း၊ သီချင်းများလဲ ဆိုတတ်ကြောင်း ပြောပြပြီး နှစ်ဦး သဘောတူ စာချုပ်ချုပ်နေစဉ် အလွန်တရာမှ ကြီးမားသော ခွေးကြီး တစ်ကောင် အခန်းသို့ ခုန်ဝင်လာပြီး စောစောက ခွေးကို လည်ပင်းမှ ကိုက်ချီကာ ခေါ်ယူ၍ အခန်းထဲမှ ပြန်၍ ခုန်ထွက်သွားသည်။

ထုတ်လုပ်သူက မေးလိုက်သည်။

'ဘာဖြစ်တာလဲဗျ'

အစီအစဉ်တင်ဆက်သူက ပြန်ပြောလိုက်သည်မှာ

'အဲဒါ သူ့အမေဗျ။ သူက သူ့သားကို ဆရာဝန် ဖြစ်စေချင်နေတာလေ'





## ၃၆။ ပြန်ရေးပုံက

ကွယ်လွန်သွားသော ခင်ပွန်းသည်၏ သေတမ်းစာကို ဖတ်လိုက်ရသည့်အခါ ခင်ပွန်းသည်က သူ၏ ကြွယ်ဝချမ်းသာသမျှကို တခြား မိန်းမတစ်ယောက်အား ပေးခဲ့သဖြင့် ကျန်ရစ်သော ဇနီးဖြစ်သူသည် အကြီးအကျယ် ဒေါသထွက်ကာ သင်္ချိုင်းအုတ်ဂူ ပေါ်တွင် ရေးထိုးထားသော စာတန်းကို ပြန်ပြင်ပေးရန် သင်္ချိုင်းတာဝန်ခံအား သွား ပြောလေသည်။ ထိုအခါ တာဝန်ခံက


'မရတော့ဘူး ခင်ဗျ၊ ခင်ဗျားပြောသလို 'ငြိမ်သက်စွာ အိပ်ပျော်ပါစေသတည်း' လို့ရေးပြီးပြီ။ ဘယ်လိုလုပ် ပြင်လို့ ရတော့မှာလဲ'

'ကောင်းပြီ။ ဒါဆိုရင် 'ပြန်လည်တွေ့ဆုံသည့် တိုင်အောင်' လို့ အပေါ်က ထပ်ရေးပေးပါ'

www.burmeseclassic.com

www.burmeseclassic.com





## ၃၇။ အယူသည်းမနေပါနဲ့

လွန်စွာမှ လှပချောမောသော အမျိုးသမီး တစ်ယောက်သည် အရောင်းစျေးသည် ခပ်ချောချော လူငယ် တစ်ယောက်ကို အိမ်သို့ ခေါ်လာခဲ့သည်။ သို့သော် မကြာမီမှာပင် လှေကားမှ တက်လာသော သူ့ ယောက်ျား၏ခြေသံကို ကြားရသောအခါ အရောင်းစျေးသည် ကလေးအား လေသံကုလေးနှင့် ပြောလိုက်သည်။

'ဟို ပြတင်းပေါက်ကနေ မြန်မြန်ထွက်သွားတော့'


ထို့နောက် အိပ်ခန်းမှထဲသို့ အတင်းထိုးလွှတ်ကာ ပြတင်းပေါက်ဆီသို့ ညွှန်ပြရင်း 'ကဲ ခုန်ချလိုက်လေ'ဟု ထပ်ပြောလိုက်သည်။

အရောင်းစျေးသည်ကလေးက တွန့်ဆုတ် တွန့်ဆုတ်နှင့်ပြန်ပြောသည်။

'ဟာ၊ ဘယ်ဖြစ်မလဲဗျ၊ အခုကျွန်တော်တို့က အထပ် ၁၃ ထပ်မှာ ရောက်နေတာပဲ'

'အမလေး၊ ခုန်ချမှာ ခုန်ချစမ်းပါ၊ ခုအချိန်က အယူသည်း နေရမယ့်အချိန် မဟုတ်ပါဘူး'





## ၃၈။ မကျေသေးဘူး

ကျွန်တော်တို့ ဇနီးမောင်နှံ နှစ်ယောက်သည် အိမ်သုံးပစ္စည်းများကို အသစ်များဝယ်၍ ပြန်လည်နေရာချထားရာ အိမ်၌ ရှိသော ရေခဲ သေတ္တာအဟောင်း ကို ကျွန်တော်၏ မိဘများထံပို့ လိုက်ရန် ဆုံးဖြတ်လိုက်ကြသည်။

ထိုသို့ ပို့ပြီး တစ်ပတ်ခန့် ကြာသောအခါ မိခင်ဖြစ်သူထံမှ ကျွန်တော်ထံ ဖုန်းဆက်လာသည်။

'ငါ့သား အမေတို့ မင်းဆီကို ရေခဲသေတ္တာအတွက် ပိုက်ဆံ ပို့လိုက်တယ် သိလား'

'ဟာ မေမေ ပို့စရာ မလိုပါဘူး၊ အဲဒါက အမေတို့အတွက် လက်ဆောင်အဖြစ် ပို့လိုက်တာပါ'

www.burmeseclassic.com

www.burmeseclassic.com




'အင်း မင်းတို့အနေနဲ့ ဒီရေခဲသေတ္တာကို ပြန်ရောင်း လို့ရတာပဲ မဟုတ်လား၊ ဒီတော့ ပိုက်ဆံယူသင့်တာပေါ့'

'မဟုတ်ဘူးလေ ကျွန်တော်ကို ငယ်ငယ်ကလေးထဲက မေမေတို့ ကျွေးမွေးသုတ်သင်ပြီး မြုစုပျိုးထောင် လာခဲ့ အတွက် ပြန်ပြီး ကျေးဇူးဆပ်တဲ့ သဘောနဲ့ပါ'

ထို့နောက် တခဏမျှ မေမေအသံတိတ်သွားပြီးမှ ကျွန်တော်အား ပြောလိုက်သည်။

'အော် ဒီလိုလား၊ ဒါဆိုရင် ရေခဲသေတ္တာ တစ်လုံးနဲ့တော့ မကျေသေးဘူး သားရဲ့'





## ၃၉။ ဘယ်သူထင်လို့လဲ

ရုပ်သံကင်မရာမင်းတစ်ယောက်သည် တောမီးအကြီး အကျယ် လောင်သည့်နေရာကို အမြန်ဆုံး သွားလိုသဖြင့် မည်သို့သွားရမည်ကို မသိသဖြင့် သူ၏ရုပ်သံ ဌာနသို့ လှမ်းဖုန်းဆက်ပြီး မေးလေသည်။

ထိုအခါ ရုပ်သံဌာနမှ တာဝန်ရှိသူက အနီးဆုံး လေယာဉ် တစ်ခုသို့ သွား၍ လေယာဉ်တစ်စီးစီးနှင့် သွားရန် အကြံပေးလိုက်သည်။ သို့နှင့် ကင်မရာမင်းလည်း အနီးဆုံး လေယာဉ်ကွင်းသို့ လာခဲ့ရာ အဆင်သင့်ပင် လေယာဉ် ငယ်တစ်စီးကို တွေ့သဖြင့် အပြေးအလွှား တက်လိုက်ပြီး လေယာဉ်မောင်းသူအား 'မောင်းတော့ကွာ' ဟု ပြော လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



လေယာဉ်မောင်းသူကလည်း ဇဝေဇဝါနှင့် ကင်မရာမင်းအား ကြည့်နေပြီး လေယာဉ်ကို စက်နှိုးပြီး ကောင်းကင်ပျံတက်လိုက်သည်။ ထို့နောက် ကင်မရာမင်းက လေယာဉ်မောင်းသူအား ပြောလိုက်သည်။

'တောမီးလောင်နေတဲ့ဆီကို သွားကွာ၊ ရောက်ရင် ခပ်နိမ့်နိမ့် ပျံသန်းပေးစမ်းပါ'

'ဟာ မရဘူး ထင်တယ်၊ ဒါနဲ့ ခင်ဗျားက ဘယ်သူလဲ'

'ငါလား၊ ရုပ်သံဌာနကလေ၊ တောမီးလောင်တဲ့သတင်းကို ရိုက်မလို့ကွ၊ နေပါဦး မင်းက ငါ့ကို ဘယ်သူလို့ ထင်နေလို့လဲ'

'ကျွန်တော်က လေယာဉ်မောင်းသင်ဆရာ ထင်လို့ပါ'





၄၀။ အမြန်လာပါ

အလွန်တရာမှ မျက်စိမှုန်သော မိန်းမပျိုကလေး တစ်ယောက်သည် မျက်မှန်တပ်နိုင်းသော်လည်း ရှက်သည်ဟုဆိုကာ လုံးဝ မတပ်ပေ။ သို့နှင့် တစ်နေ့တွင် အိမ်ထောင်ပြုရန် ဆုံးဖြတ်လိုက်ပြီး အမျိုးသား တစ်ယောက်နှင့် လက်ထပ်ကာ အပျော်ခရီးထွက် သွားလေသည်။

ထို့နောက် အပျော်ခရီးမှ ပြန်လာသောအခါ ထိုမိန်းမပျိုကလေးအမေသည် အပြေးအလွှား သွား၍ မျက်စိဆရာဝန်ထံ ဖုန်းဆက်လေသည်။

'ဒေါက်တာ၊ ဒေါက်တာ၊ ဒီကို အမြန်ဆုံးလာခဲ့ပေးပါ၊ အတော့်ကို အရေးကြီးလွန်းလို့ပါ။ ကျွန်မသမီးလေး

www.burmeseclassic.com

www.burmeseclassic.com



မှတ်မိတယ် မဟုတ်လား၊ မျက်မှန်တပ်တာ ရှက်စရာကောင်းတယ်ဆိုပြီး မျက်မှန် တပ်ဖို့ ပြောမရတဲ့ မိန်းကလေးလေ၊ အဲဒါ သူအခု လက်ထပ်ပြီး အပျော်ခရီးက ပြန်လာ.......'

'အဒေါ်ရယ်၊ ဘာဖြစ်လို့ ဒီလောက်အရင်လိုနေရတာလဲ၊ အဒေါ့်သမီးကို ပြောလိုက်ပါ၊ ကျွန်တော်ဆီ လာတွေ့ပါလို့၊ သူ့မျက်လုံး ဘယ်လောက်ပဲ မကောင်းကောင်း အိမ်ထောင်ပြုတာနဲ့ မဆိုင်ပါဘူး၊ ဒါက အရေးမကြီးပါဘူး'

'မဟုတ်ဘူးရှင့် မဟုတ်ဘူး၊ အရေးကြီးတာမှ တကယ့်ကို အရေးကြီးတာ၊ အခုသူနဲ့ ပြန်လာတဲ့ ယောကျ်ားက သူနဲ့ လက်ထပ်ပြီး အပျော်ခရီးထွက်သွားတဲ့ ယောကျ်ား မဟုတ်ဘူးရှင့်'



## ၄၁။ ကျွန်တော်ဆိုရင်

ကျွန်တော်သည် မော်တော်ကား မောင်းသူအား ဖြေးဖြေးပြောမောင်းပါဟု ပြောရန် အတော်ဝန်လေးလေ့ ရှိပါသည်။ သို့သော် ယခု စီးလာသော ကားမောင်းသူသည် မီးနီကို ၃ ကြိမ်တိုင်တိုင် ဖြတ်မောင်းလာခဲ့ပြီး လမ်းအကွေ့တွင်လည်း တစ်ပတ်လည် လုမတတ် ဖြစ်သွားသဖြင့် နှုတ်ဆိတ်မနေနိုင်တော့ပဲ ပြောလိုက်သည်။

'ဒီမှာဗျာ၊ ကားကို ဖြေးဖြေးမောင်းလို့ မရဘူးလား'

ကားမောင်းသူက ကျွန်တော်ကို လှည့်ကြည့်ပြီး ပြန်မေးလိုက်သည်။

'ဘာဖြစ်လို့လဲ'


'ကျွန်တော်က မော်တော်ကားတိုက်တာ နှစ်ခါတောင် ကြုံဘူးလို့ပါ'

'ဒါများဗျာ၊ ကျွန်တော်ဆိုရင် အခါတစ်ရာ တောင် ကျော်ပြီဗျ'

www.burmeseclassic.com

www.burmeseclassic.com





## ၄၂။ မနှစ်က နေရာ

မုဆိုးနှစ်ယောက်သည် လေယာဉ်ငယ် ကလေးတစ်စီးကို စင်းလုံးငှားပြီး ကနေဒါနိုင်ငံ တောပိုင်းထဲသို့ အမဲပစ်ထွက်လာသည်။ နှစ်ပတ်ခန့်ကြာသောအခါ ထိုလေယာဉ်ငယ်ကလေးက သူတို့အား ထိုတောထဲမှ ပြန်လာ ခေါ်သည်။ ထိုအခါ လေယာဉ်မှူးက မုဆိုးနှစ်ယောက်သည် သူတို့ ပစ်ထားသော သမင်ကြီး နှစ်ကောင်ကို လေယာဉ်ပေါ်တင်နေသည်ကို တွေ့သဖြင့် ပြောလိုက်သည်။

'ဟာ မဖြစ်ဘူးဗျ၊ ခင်ဗျားတို့ နှစ်ယောက်နဲ့ သမင်တစ်ကောင်ပဲ ထင်လို့ရမယ်၊ ကျန်တစ်ကောင်တော့ ဒီအတိုင်း ထားခဲ့ရလိမ့်မယ်'



'ရပါတယ်၊ မနှစ်ကလဲ ဒီလို လေယာဉ်မျိုးနဲ့ပဲ ပြန်တာ၊ အဲဒီတုံးက လေယာဉ်မှူးက တင်ခဲ့တာပဲ'

'ဒါဆိုရင်လဲ ကောင်းပြီလေ၊ မနှစ်က ရတယ်ဆိုရင် အခုလဲ ရမှာပေါ့'

သို့နှင့် သမင်နှစ်ကောင်နှင့် မုဆိုးနှစ်ယောက်ကို တင်ဆောင်ပြီး လေယာဉ်ထွက်ခွာလာခဲ့သည်။ မကြာမီ အလေးချိန် ပိုတင်လာသဖြင့် အမြင့်ပျံတက်ရန် အခက်အခဲရှိလာပြီး တောင်ကုန်းတစ်ကုန်းကိုပင် ကျော်ဖြတ်ရန် မတတ်နိုင်တော့ပဲ လေယာဉ်ပျက်ကျသွားလေသည်။

လေယာဉ်ပျက်ထဲမှ ထွက်လာပြီး မုဆိုး တစ်ယောက်က ကျန်မုဆိုးကို မေးလိုက်သည်။

'တို့ ဘယ်ရောက်နေသလဲကွ'


ထိုသူလည်း အနီးပတ်ဝန်းကျင်ကို ရှောက်ကြည့်လိုက်ပြီး ပြောလိုက်သည်။

'တို့ မနှစ်က ပျက်ကျတဲ့နေရာ နားလောက်မှာပဲ ထင်တာပဲ'

www.burmeseclassic.com

www.burmeseclassic.com





## ၄၃။ ပြန်အမ်းဦး

လူတစ်ယောက်သည် အရက် ဆိုင် တစ်ဆိုင်ထဲဝင်လာကာ စကော့ချ် ဝီစကီတစ်ခွက်မှာ လိုက်သည်။ ရောက်လာသော ဝီစကီကိုသောက်ကာ ထထွက် သွားသဖြင့် ထိုသူကို ဆိုင်မန်နေဂျာက လှမ်းပြောလိုက်သည်။

'ဟေ့ လူ- ပိုက်ဆံပေးသွားဦးလေ'

'ပေးပြီးပြီလေဗျာ'ဟု ထိုသူက ပြန်ပြောကာ ထွက်သွားလေသည်။

နောက်တစ်ယောက်သည် ဆိုင်ထဲဝင်လာပြန်ပြီး စကော့ချ် ဝီစကီတစ်ခွက် မှာလိုက်ပြန်သည်။ သောက်ပြီး ထထွက်သွားပြန်သည်။ မန်နေဂျာက ပိုက်ဆံတောင်းသောအခါ



အရင်လူကဲ့သို့ပင် ပေးပြီးကြောင်း ပြော၍ ဆိုင်ထဲမှ ထွက်သွားလေသည်။

မကြာမီ နောက်လူတစ်ယောက် ရောက်လာပြန်ကာ စကော့ချ် ဝီစကီတစ်ခွက် မှာပြန်လေသည်။ ထိုအခါ ဆိုင်မန်နေဂျာက

'ဒီမှာ ခင်ဗျား သိအောင် ပြောရဦးမယ်၊ စောစောက လူ နှစ်ယောက် ဒီလိုပဲ လာပြီး အရက်မှာ သောက်တယ်၊ ပိုက်ဆံတောင်းတော့ ပေးပြီးပြီ ဆိုပြီး ထွက် ထွက် သွားကြတယ်၊ ခင်ဗျားကရော ဘယ်လိုလဲ'

'အပိုတွေ ပြောမနေပါနဲ့၊ ကျုန်တော်ကို ပိုက်ဆံ ပြန်မအမ်းရသေးဘူးလေ၊ လုပ်ပါဦး'

www.burmeseclassic.com

www.burmeseclassic.com





## ၄၄။ အကြံပေးချက်

သတင်းစာတစ်စောင်တွင် လူမှုရေး၊ အိမ်ထောင်ရေးနှင့် ပတ်သက်၍ အကြံပေးသည့် အခန်း တစ်ခန်းဖော်ပြလျက် ရှိလေရာ၊ ထိုအခန်းသို့ အကြံဉာဏ် တောင်းသည့် စာ တစ်စောင် ရောက်လာသည်။

အမကြီးရှင့်–


ကျွန်မ ရည်းစားက ကျွန်မကို ကိတ်မုန့်ကြီး တစ်လုံး လက်ဆောင် ပေးလာပါတယ်၊ အဲဒီ ကိတ်မုန့်ပေါ်မှာလဲ စေ့စပ်လက်စွပ် တစ်ကွင်း ပါပါတယ်။ အဲဒါကို မြင်တော့ မေမေက သိပ်စိတ်ဆိုးပြီး ကျွန်မကို ပြောပါတယ်။ ကျွန်မတို့လို မိန်းမပျိုကလေးတွေဟာ ယောကျ်ားတွေဆီက လက်ဆောင်ပစ္စည်းကို ‘လက်မခံ သင့်ဘူးတဲ့။ ကျွန်မ ဘာ ဆက်လုပ်ရမလဲဟင်’

ဆယ်ကျော်သက် ညီမငယ်–

မင်းမေမေ ပြောတာ မှန်ပါတယ်ကွယ်။ ဒီတော့ မုန့်ကိုပဲ ပြန်ပို့လိုက်ပါ။







## ၄၅။ မကြိုက်လို့တဲ့

တရားရုံးတစ်ရုံးတွင် ဖောက်ထွင်း ခိုးယူမှုတစ်မှုကို စစ်ဆေး နေလေသည်။

‘မောင်မင်း၊ ဒီဆိုင်ကို လေးကြိမ်တိတိ ဖောက်ထွင်း ဝင်ရောက် ခိုးယူတယ်လို့ ဝန်ခံတယ်နော်’

‘ဟုတ်ပါကယ်’

‘ဒီတော့ မင်း ဘာပစ္စည်းတွေ ခိုးယူသလဲ’

‘အင်္ကျီတစ်ထည်ပါ တရားသူကြီး’

‘ဘာပြောတယ်၊ အင်္ကျီတစ်ထည် ဟုတ်လား၊ မင်း ပြောတော့ ဒီဆိုင်ထဲကို လေးကြိမ်တောင် ဝင်ခိုးတယ်ဆို’


‘ဟုတ်ပါတယ် တရားသူကြီး၊ သုံးကြိမ်စလုံး ကျွန်တော့် မိန်းမက အင်္ကျီအရောင်ကို မကြိုက်ဘူးဆိုလို့ပါ’



www.burmeseclassic.com

www.burmeseclassic.com





## ၄၆။ မဖြစ်နိုင်ဘူး

လူတစ်ယောက်သည် နေထိုင်ရသည်မှာ မကောင်းသဖြင့် ဆရာဝန်ထံ သွားရောက် ပြသလေသည်။ ဆရာဝန်က စမ်းသပ်စစ်ဆေးပြီး ပြောလိုက်သည်။

'ခင်ဗျား ဘာမှဖြစ်တာ မဟုတ်ဘူးဗျ၊ ပျော်ပျော် နေလိုက်ရင် ကောင်းသွားမှာပါ၊ ဒီလိုလေဗျာ အလုပ်လုပ်နေရင်း သီချင်းလေး ဘာလေးဆိုပြီးလုပ်ပေါ့ဗျာ'

'မဖြစ်နိုင်ပါဘူး ဒေါက်တာရယ်'

'ဘာဖြစ်လို့လဲ'

'ကျွန်တော်က တီးဝိုင်းမှာ ကလဲနက် မှုတ်တဲ့သူမို့ပါ'







## ၄၇။ တစ်ခုကလွဲလို့

တစ်ခါက ကမ္ဘာပေါ်တွင် ဈေးရောင်း အကောင်းဆုံးသူတစ်ယောက်သည် အက်စကီးမိုးတစ်ယောက်အား ရေခဲသေတ္တာတစ်လုံးကို သွားရောင်းခဲ့လေသည်။ လ အနည်းငယ်ကြာ သောအခါ ထိုအက်စကီးမိုးနှင့် တွေ့သဖြင့် ဝယ်ထားသည့် ရေခဲသေတ္တာအကြောင်း မေး ကြည့်သည်။


'အားလုံးကောင်းပါတယ်။ တစ်ခုပဲ ဒုက္ခများတာရှိတယ်။ အပေါ်က ခွက်ကလေးထဲကို ရေခဲတုံးကလေးတွေ အံ့ကိုက်ဖြစ်အောင် လုပ်လုပ်တည့်ရတာ တစ်ခုပါပဲဗျာ'



www.burmeseclassic.com

www.burmeseclassic.com





## ၄၈။ သတင်းဆိုး သတင်းကောင်း

လင်ကွာမယားကွာ အမှုတစ်မှုအတွက် ရောက်လာသော အမျိုးသား အမှုသည်ကို သူ့ရှေ့နေဖြစ်သူက ပြောလိုက်သည်။

'ခင်ဗျားအတွက် သတင်းကောင်းရော၊ သတင်းဆိုးရော ရှိတယ်'

'ဒီတော့ဗျာ၊ ကျွန်တော့်ကို သတင်းကောင်း အရင်ပြောစမ်းပါ'

'ခင်ဗျားရဲ့ ဇနီးသည်က ခင်ဗျားအဖေဆီက ရမဲ့ အမွေတွေကို သူ့ကို ခွဲပေးစရာ မလိုတော့ဘူးတဲ့၊ သူမယူတော့ပါဘူးတဲ့'

'ဒါဆိုရင် သတင်းဆိုးက ဘာလဲဟင်'

'ခင်ဗျားတို့ နှစ်ယောက် တရားဝင် ကွာရှင်းပြီးရင် သူဟာ ခင်ဗျားအဖေနဲ့ လက်ထပ်တော့မယ်တဲ့ဗျ'







## ၄၉။ ဒီအချိန်မှာ

ကျွန်တော်သည် ရဲအရာရှိ တစ်ဦးဖြစ်ပြီး ဇနီးသည်ကမူ မှုခင်းသတင်းထောက် တစ်ယောက် ဖြစ်ပါသည်။ ထို့ကြောင့် မကြာခဏ ဆိုသလိုပင် တရားရုံးထဲတွင် ကျွန်တော်တို့ နှစ်ယောက်သည် တွေ့ တွေ့နေကြပါသည်။ တစ်ခါက ဇနီးသည်ကလဲ အမှုတစ်မှုအတွက် သတင်းလာယူနေစဉ် ကျွန်တော်ကလဲ ဖောက်ထွင်းမှုတစ်မှုအတွက် စွဲချက်တင်ရန် တရားရုံးထဲသို့ ရောက်နေကြပါသည်။

ထို့နောက် ကျွန်တော်သည် ကျမ်းသစ္စာ ကျိန်ဆိုပြီး အမှုအတွက် ထွက်ဆိုနေစဉ် တရားသူကြီးက ကျွန်တော့် ဇနီးသည်အား စာရွက် တစ်ရွက် ကမ်းပေးလိုက်ပါသည်။ ဇနီးသည်လည်း ထိုစာကို ဖတ်ပြီး ပြုံးလိုက်သည်။

ထိုညနေတွင် ဇနီးသည်ကို ကျွန်တော်က ထိုအကြောင်းကို မေးကြည့်ရာ ဇနီးသည် အောက်ပါအတိုင်း ရေးထားသော စာရွက် ကလေးကို ကျွန်တော့်အား ပြပါသည်။

'မင်းယောကျ်ား ကျမ်းသစ္စာ ကျိန်ဆိုထားတုန်း မင်း သူ့ကို ဘာမျှား မေးချင်သလဲ ဟင်'




www.burmeseclassic.com

www.burmeseclassic.com







## ၅၀။ စဉ်းစားကြည့်ပါ

စိတ်ဓာတ်ကျနေသော လူတစ်ယောက်သည် စိတ်ရောဂါကု ဆရာဝန်ထံ လာပြပြီး သူ့အကြောင်းကို ပြောပြနေသည်။

'ဒေါက်တာပဲ စဉ်းစားကြည့်ပါ။ ကျွန်တော့် မိန်းမနဲ့ ပြောဆို ဆက်ဆံရတာ ဘယ်လောက် မလွယ်လဲလို့။ ဒီလိုပါ သူက ကျွန်တော့်ကို မေးခွန်းတစ်ခု မေးပါတယ်။ အဲဒီ မေးခွန်းကို သူကပဲ ဖြေပါတယ်။ ပြီးတော့ ဘာကြောင့် ကျွန်တော့် အဖြေ မှားရတယ်ဆိုတာကို နာရီဝက်လောက် ရှင်းပြတယ် ဒေါက်တာ'



## ၅၁။ စောင့်ရတဲ့အချိန်

ကျွန်တော် စောင့်နေသော ဘတ်စ်ကား တစ်စီးရောက်လာသည့်အခါ ကျွန်တော် ရှေ့မှ စောင့်နေသော အမျိုးသမီးတစ်ဦးက သူလက်မှတ်ကို ဒရိုင်ဘာအား ပေး လိုက်သည်။


'အစ်မကြီးခင်ဗျာ ဒီလက်မှတ် က မနေ့က လက်မှတ်ပါ'

'အေးလေ အဲဒါကိုက မင်းတို့ ကားကို ငါဘယ်လောက် ကြာကြာစောင့်နေတယ်ဆိုတာ ပြောပြနေတာပေါ့'

www.burmeseclassic.com

www.burmeseclassic.com





## ၅၂။ လိမ်နေတာ

ဂျွန်ဆိုသူသည် ကြက်တူရွေးတစ်ကောင်ကို စကားပြောသင်လျက် ရှိသည်။

ဂျွန်။ ။ ငါ ပြောတာ လိုက်ပြောစမ်း။
‘ငါ လမ်းလျှောက်တတ်တယ်’

ကြက်တူရွေး။ ။ ငါ လမ်းလျှောက်တတ်တယ်။


ဂျွန်။ ။ ငါ စကားပြောတတ်တယ်။

ကြက်တူရွေး။ ။ ငါ စကားပြောတတ်တယ်။

ဂျွန်။ ။ ငါ ပျံတတ်တယ်။

ကြက်တူရွေး။ ။ ဒါတော့ လိမ်ပြောတာပဲ။





## ၅၃။ မီးတော့ လင်းနေတယ်

အရက် အလွန်အကျွံ မူးနေသော လူတစ်ယောက်သည် သူ၏ အိမ်သော့ကို ထုတ်၍ လမ်းဓာတ်မီးတိုင်အောက်တွင် မိမိအိမ် ထင်ပြီး တံခါးဖွင့်ရန် ကြိုးစားနေသည်ကို ရဲအရာရှိတစ်ယောက်က တွေ့သဖြင့် ပြောလိုက်သည်။


‘ခင်ဗျား အိမ်မှာ တစ်ယောက်မှ မရှိကြဘူး ထင်တယ်ဗျ’

‘ဖြစ်နိုင်တယ်၊ ဒါပေမယ့် အပေါ်ထပ်ကတော့ မီးလင်းနေတယ်ဗျ’

www.burmeseclassic.com

www.burmeseclassic.com





၅၄။ သားကတော့

အမျိုးသမီးတစ်ယောက်သည် သူ့ သူငယ်ချင်း တစ်ယောက်နှင့် တွေ့ရာ သူငယ်ချင်း၏ သားနှင့်သမီးတို့ ရှေ့ဆင့် နောက်ဆင့် အိမ်ထောင်ကျ သွားကြသည့် အကြောင်းကို မေးမြန်းနေလေသည်။

'ဒါနဲ့ နင့်သမီး လက်ထပ်လိုက်တဲ့ ကောင်လေးက တော်ရဲ့ လားဟင်'

'အို သိပ်တော်တာပဲ၊ သူကလေ ကျွန်မ သမီးနောက်ကျပြီး အိပ်ရာဝင်လဲ ဘာမှမပြောဘူး၊ ပြီးတော့ အလုပြင်ဆိုင်တွေကို ခဏ ခဏ သွားလဲ ဘာမှ မပြောဘူး၊ နေ့တိုင်းတိုင်းလိုလိုပဲ ညစာကို အပြင်ထွက်ပြီး ကျွေးတယ်လေ'

'ဟုတ်လား၊ တော်တာပေါ့၊ ဒါနဲ့ ရှင့်သားက ရောဟင်'

'သူ့အတွက် ကျွန်မ စိတ်မကောင်း ဖြစ်နေရတာပေါ့၊ သူယူထားတဲ့ မိန်းကလေးက ညညဆိုရင်လဲ သန်းခေါင်သန်းလွဲမှ အိပ်ရာဝင်တယ်၊ သွားလိုက်ရတဲ့ အလှပြင်ဆိုင်ဆိုတာလဲ တစ်ချိန်လုံးလိုလိုပဲ၊ ပြီးတော့ ညစာလဲ နေ့တိုင်း အပြင်ထွက်စားသတဲ့လေ'





၅၅။ သူတို့ထောင်မှ မပေးတာ

အလွန်တရာမှ ကပ်စေးနဲ့သော မိလျံနာ သူဌေးကြီး တစ်ဦးအား ရပ်ကွက်ဆိုင်ရာ လူမှုရေးအဖွဲ့မှ သွားရောက်တွေ့ဆုံပြီး အလှူငွေ ထည့်ရန် ပြောလေသည်။

'ကျွန်တော်တို့ရဲ့ မှတ်တမ်းမှာ သူဌေးကြီးဟာ ဒီလောက်ကြွယ်ဝ ချမ်းသာနေပေမယ့် ကျွန်တော်တို့ အဖွဲ့ကို တစ်ခါမှ မလှူမတန်းဘူးလို့ တွေ့ရပါတယ်၊ အဲဒါ.......'

'အော် မင်းတို့ မှတ်တမ်းထဲမှာ ငါ့အဖေ ကွယ်လွန်သွားတော့ တစ်ပြားမှ မကျန်ရစ်ခဲ့လို့ ဆင်းရဲမွဲတေနေတဲ့ အမေကြီးရှိယ်အို တစ်ယောက် ငါ့မှာ ရှိတယ်ဆိုတာ ပါရဲ့လားကွ၊ မစွမ်းမသန်ဖြစ်လို့ ဘာအလုပ်မလုပ်နိုင်ဘဲ

www.burmeseclassic.com




ဒုက္ခရောက်နေတဲ့ အစ်ကို တစ်ယောက် ရှိတယ် ဆိုတာရော ပါရဲ့လား၊ ပြီးတော့ ငါ့ညီမ တစ်ယောက် မုဆိုးမဖြစ်ပြီး ကလေးငါးယောက်နဲ့ စားရမဲ့ သောက်ရမဲ့ ဘဝ ရောက်နေ တာကော ပါရဲ့လား’

ထိုအခါ အလှူငွေ လာကောက်သည့် လူက စိတ်မကောင်း စွာနှင့် ဝန်ခံလိုက်သည်။

‘ကျွန်တော်တို့ မှတ်တမ်းတွေမှာ အဲဒါတွေ မပါပါ ဘူး ခင်ဗျာ’

‘အေး ဒါဆိုရင် ငါပြောမယ် နားထောင်၊ သူတို့တောင်မှ ငါက တစ်ပြားတစ်ချပ်မှ မပေးတာ၊ မင်းတို့အဖွဲ့ကို ငါက ဘာဖြစ်လို့ လှူရမှာလဲကွ’





၅၆။ ကျူပ်အခန်းထဲ

စိတ်ဆိုး ဒေါသ ထွက်နေသော ဖခင် တစ်ယောက်က မကျေမနပ်နှင့် မိတ်ဆွေ တစ်ယောက်ကို ပြောနေသည်။

‘ကျုပ်တို့ငယ်ငယ်ကဗျာ၊ တစ်ခုခုကို အမှားလုပ်မိရင် ညစာ မစားရပဲ ကိုယ့်အခန်းထဲ ဝင်နေရတယ်၊ အဲဒီလို မိဘတွေက အပြစ်ပေးတာဗျ၊ ခုတော့ ကျုပ်သားရဲ့ အခန်းမှာ ရုပ်မြင်သံကြားစက် ရှိတယ်၊ ကွန်ပျူတာ ရှိတယ်၊ စီဒီဓာတ်ပြား ဖွင့်စက်ရှိတယ်လေ’

‘ဒီတော့ ခင်ဗျား သူ့ကို ဘယ်လို အပြစ်ပေးလိုက်သလဲ’

‘ကျုပ်အခန်းထဲမှာ ထားလိုက်ရတာပေါ့ဗျာ’

www.burmeseclassic.com

www.burmeseclassic.com





၅၇။ ကဲဆိုးပုံက


သူခိုးတစ်ယောက်သည် သူငယ်ချင်းတစ်ယောက်နှင့် တွေ့သဖြင့် သူကံဆိုးပုံအကြောင်းကို ပြောပြသည်။

'ညကကွာ၊ ရှေ့နေတစ်ယောက်ရဲ့အိမ်ကို ဝင်ခိုးတော့ အဲဒီ ရှေ့နေက ဖမ်းမိသွားတယ်ကွ၊ ပြီးတော့ ခိုးထားတဲ့ ပစ္စည်းတွေ ပြန်ထားပြီး မင်းထွက်သွားတော့၊ နောက် ဘယ်တော့မှ ပြန်မလာနဲ့လို့ ငါ့ကို သတိပေး လွှတ်လိုက်တယ်'

'ဒါဆို မင်း ကံကောင်းတာပဲ'

'ဘယ်ကလာ ကံကောင်းရမှာလဲကွ၊ အဲဒီလို သတိ ပေးရတဲ့ အတွက် သူ့ကို ငါက ဒေါ်လာ ၅၀ ပေး လိုက်ရတယ်လေ'





၅၈။ ၂၄ နာရီဖွင့်ထားရင်

၂၄ နာရီလုံးလုံး ဖွင့်ထားသော စတိုးဆိုင်တစ်ဆိုင်တွင် ကျွန်မသည် အလုပ်ရသဖြင့် အလုပ်ဝင်သည့် ပထမနေ့တွင် ဈေးဝယ်လာသူ တစ်ယောက်က ကျွန်မအား မေးလာ သည်။

'ဒီစတိုးဆိုင်က ၂၄ နာရီလုံးလုံး ဖွင့်တယ်နော်၊ ပြီးတော့ တစ်ပတ်မှာ ၇ ရက်စလုံး ဖွင့်တယ် ဟုတ်လား၊ တစ် နှစ်လုံး ၃၆၅ ရက်စလုံးလည်း ဒီအတိုင်း ဖွင့်ထားတာပဲ မဟုတ်လား'

ဘာရည်ရွယ်ချက်နှင့် မေးသည်ကို နားမလည်သော်လည်း ကျွန်မက 'ဟုတ်ပါတယ်ရှင်' ဟု ပြန်ဖြေလိုက်သည်။


ထိုအခါ လှည့်မထွက်သွားခင် ထိုသူ၏ ပြောလိုက်သည်။

'ဒါဆိုရင်လဲဗျာ၊ ဘာဖြစ်လို့ တံခါးတွေမှာ သော့ ခလောက်တွေ ချိတ်ထားရတာလဲဟင်'

www.burmeseclassic.com

www.burmeseclassic.com






၅၉။ မရောက်သေးဘူး

အရက်မူးယစ်နေသော ကမ္ဘာလှည့် ခရီးသည် တစ်ယောက်သည် အငှားကား တစ်စီးငှား၍ သူတည်းခိုရာ ဟိုတယ်သို့ ပြန်လာသည်။ လမ်းတွင် ထိုသူသည် အပေါ်အင်္ကျီနှင့် လည်စီးကို ချွတ်ပစ်သည်။ ရှပ်အင်္ကျီကို ချွတ်ရန် ကြယ်သီးများ ဖြုတ်နေသည်ကို ဒရိုင်ဘာက တွေ့သဖြင့် ပြောလိုက်သည်။

'အင်္ကျီတွေ ဘာတွေ မချွတ်ပါနဲ့ဦး၊ ခင်ဗျား ဟိုတယ်ကို မရောက်သေးပါဘူး'

'ဘာပြောတယ်၊ ဟိုတယ်ကို မရောက်သေးဘူး ဟုတ်လား၊ မင်းကွာ စောစောက ပြောရောပေါ့၊ ဖိနပ်တောင်တံခါးအပြင်ဖက်မှာ ချွတ်ထားခဲ့ပြီကွ'





၆၀။ မမြင်နိုင်တော့ဘူး

စိတ်ရောဂါကု ဆရာဝန်တစ်ယောက်သည် လူနာ တစ်ယောက်အား မေးမြန်းနေသည်။

'ခင်ဗျားရဲ့ လက်ဝဲဘက် နားရွက်ကို ဖြတ်လိုက်ရင် ဘာ ဖြစ်သွားမလဲ'

'ကျွန်တော် ဘာသံမှ မကြားနိုင်တော့ဘူးပေါ့'

'ဒါဆိုရင် လက်ျာဖက် နားရွက်ကို ဖြတ်လိုက်ရင်ကော'

'ဘာဆို ဘာမှ မြင်နိုင်တော့မှာ မဟုတ်ဘူးဗျ'

ဆရာဝန်လည်း တအံ့တသြနှင့် မေးလိုက်သည်။


'ဘာဖြစ်လို့လဲဗျ'

'ကျွန်တော် မျက်မှန်တပ်လို့ ရတော့မှာမှ မဟုတ်ဘဲဗျာ'

www.burmeseclassic.com

www.burmeseclassic.com





## ၆၁။ ဘယ်လို သိသလဲ

တစ်ခါက လွန်စွာမှ ကြွယ်ဝ ချမ်းသာသော လူတစ်ယောက်သည် မြေဧက ၄၀၀ ကျော်သော ခြံမြေကြီး တစ်ကွက်ကို ဝယ်လိုက်သည်။ ထိုသို့ ဝယ်ရာတွင် တန်ဖိုးထက် အဆမတန် ပိုပေး၍ ဝယ်လိုက်ခြင်း ဖြစ်သည်။ ဤသို့ ဝယ်ရခြင်းမှာလည်း ထိုခြံမြေထဲတွင် သက်တမ်း ၃၀၀ ကျော်ပြီဖြစ်သော ထင်းရှူးပင်ကြီး တစ်ပင်ရှိနေသောကြောင့် ဖြစ်သည်။



သူဌေးကြီး၏ မိတ်ဆွေများက ထိုထင်းရှူးပင်ကြီးမှာ ထိုမျှ သက်တမ်း ရှိနေပြီကို မယုံကြသဖြင့် သူဌေးကြီးက ထိုခြံစောင့်လုပ်သူကို ခေါ်ပြီး ထင်းရှူးပင်သက်တမ်း အတိအကျ သိရအောင် စုံစမ်းခဲ့ရန် လွှတ်လိုက်သည်။

၄ ရက်ခန့်ကြာပြီးနောက် ထိုခြံစောင့်သည် ပြန်ရောက်လာပြီး သူဌေးကြီးအား ဝမ်းသာအားရနှင့် သူတွေ့ရှိခဲ့သည်ကို ပြောပြသည်။

'သတင်းကောင်းပါပဲ သူဌေးကြီး ခင်ဗျား၊ အဲဒီ ထင်းရှူးပင်ကြီးဟာ သက်တမ်းပေါင်း ၃၃၂ နှစ်ရှိပါပြီ'


'ဟုတ်လား၊ မင်း တယ်တော်ပါလား၊ ဒါနဲ့ ဒီလို အတိအကျ သိရအောင် မင်း ဘယ်လိုလုပ် စုံစမ်းခဲ့သလဲ'

'လွယ်လွယ်ကလေးပါ ခင်ဗျာ၊ သစ်ပင်ကြီးကို ခုတ်လှဲပြီး ပင်စည်က အဝိုင်းတွေကို ရေတွက်ကြည့်လို့ပါ'

www.burmeseclassic.com

www.burmeseclassic.com





## ၆၂။ မပျောက်သေးရင်

အာဖရိကတောနက်တွင်းရှိ ကျေးရွာတစ်ရွာတွင် လူတစ်ယောက်သည် အကြီးအကျယ် ဖျားနေသဖြင့် ကျေးရွာမှ မော်ဆရာတစ်ယောက်ကို ပင့်ခေါ် ကုသလေသည်။


မော်ဆရာလည်း လူနာကို စမ်းသပ်ပြီး ဖားပြုပ်မျက်လုံး၊ မြွေသည်းခြေ၊ ကြွက်နှလုံး၊ ပိုးတုံးလုံးခြောက်ကောင်နှင့် ပိုးဟပ် တစ်ကောင်တို့ကို မြစ်ရေ နောက်နောက်နှင့် ရောမွှေပြီး ဆေး အဖြစ် တိုက်ကျွေးလေသည်။

နောက်တစ်နေ့တွင် ထိုမော်ဆရာကြီးသည် လူနာ ထံ ရောက်လာသည့်အခါ လူနာမှာ မသက်သာသေးသဖြင့် အောက်ပါအတိုင်း ပြောလိုက်လေသည်။

'မသက်သာသေးဘူးဆိုရင်တော့ အက်စပရင် ၂ ပြား သောက်တော့ သောက်ဖို့ လိုလိမ့်မယ်'







## ၆၃။ ဒီလူကိုး

ထောက်လှမ်းရေးသမားတစ်ယောက်ကို မော်ဖီဆိုသူထံမှ သတင်းများ ရယူရန် အိုင်ယာလန်သို့ စေလွှတ်လိုက်လေသည်။ ထိုမော်ဖီဆိုသူကို မြို့အနှံ့လိုက်ရှာပြီး တွေ့သည့်အခါ ဟုတ်မဟုတ် သေချာစေရန် လျှို့ဝှက်စကားတစ်ခွန်း ပြောကြည့်ရန်လည်း မှာကြားလိုက်သည်။

သို့နှင့် အိုင်ယာလန်သို့ ရောက်လာပြီး နေရာအနှံ့ လျှောက်သွားခါ မော်ဖီကို ရှာဖွေနေခဲ့ရာ တောကျေးလက်ပိုင်း လမ်းမပေါ်တွင် ထောက်လှမ်းရေးသမားသည် လယ်သမားတစ်ဦးနှင့် သွားတွေ့လေသည်။ သို့နှင့် နှုတ်ဆက်ပြီး စကားပြောကြည့်သည်။

'ဒီမှာ တဆိတ်လောက်ကူညီစမ်းပါ၊ ကျွန်တော် မော်ဖီ

www.burmeseclassic.com

www.burmeseclassic.com



ဆိုသူကို ရှာနေပါတယ်၊ သူ့ကို သိသလား ဟင်'


'ဟာ ခင်ဗျား သိပ်ကံကောင်းတဲ့ လူပဲဗျ။ ဟိုရှေ့နားက တောင်ကုန်းလေးတဖက်မှာ ရွာတစ်ရွာရှိတယ်။ အဲဒီရွာမှာ အသားရောင်းတဲ့ လူက မော်ဖီတဲ့၊ ပြီးတော့ ပေါင်မုန့်ဖုတ်တဲ့ လူနာမည်ကလဲ မော်ဖီပဲ၊ နောက်တော့ ကျူပ်နာမည်ကလဲ မော်ဖီပဲဗျ'

ထောက်လှမ်းရေးသမားက တွေးလိုက်သည်။ သူရှာနေသူသည် သူနှင့်စကားပြော နေသည့်သူပဲ ဖြစ်ရမည်ဟု ယူဆပြီး နားနားကပ်၍ လျှို့ဝှက်စကားကို တိုးတိုးလေးပြောလိုက်သည်။

'နေမင်းကြီးက တောက်ပနေပါတယ်
မြက်ပင်တွေကလဲ တောထလို့
နို့စားနွားမတွေလဲ နို့ညှစ်ရန် အသင့်ဖြစ်နေပြီ'

'အော် ခင်ဗျား ရှာနေတဲ့လူက စပိုင် မော်ဖီကိုးဗျ၊ အဲဒီလူလဲ ဒီရွာထဲမှာပဲ နေပါတယ်ဗျာ'





## ၆၄။ နာမည်ကြောင့်

တရားရုံး တစ်ရုံးတွင် အမျိုးသမီး တစ်ယောက်သည် သူ၏ ခင်ပွန်းသည်အား ကွာရှင်းပြတ်စဲ လိုမှုဖြင့် လာရောက် အစစ်ခံနေသည်။ သို့နှင့် တရားသူကြီးက သူ့အား မေးမြန်း စစ်ဆေးသည်။

'အဲဒီနေ့ မနက်မှာ ခင်ဗျား ယောကျ်ား အိပ်ရာက နိုးလာတော့ ဘာ စပြောလိုက်သလဲ'

'သူကလား၊ ငါဘယ်ရောက်နေတာလဲ ကေသီတဲ့'

'ဒါလေး ပြောတာနဲ့ဗျာ၊ ဘာဖြစ်လို့ ကွာရှင်းချင်ရတာလဲ'

'ကျွန်မ နာမည်က ဆုဇန်လေ'

www.burmeseclassic.com

www.burmeseclassic.com





၆၅။ အရည်အချင်းကောင်း

တစ်နေ့တွင် ဇနီးဖြစ်သူက ခင်ပွန်းသည်အား သားအကြီးကောင် အကြောင်း ပြောပြသည်။

'မောင်ရေ–သားကြီးက သိပ်ပျင်းတာပဲ။ သူ့ခိုင်းတာမှန်သမျှ သားငယ်ကလေးကို ချော့ပြီး ပြန်ခိုင်းနေတယ်'

'ဟုတ်လား၊ အဲဒါ ပျင်းတာ မဟုတ်ဘူး။ သူ လုပ်ငန်းရှင်တစ်ယောက် ဖြစ်လာမယ်ဆိုတာ ပြနေတာကွ'





၆၆။ ရှေ့နေ

တရားရုံးတစ်ခုတွင် လူသတ်မှုနှင့် စွဲချက်တင် ခံရသည့်လူတစ်ယောက်အား တရားသူကြီးက မေးလိုက်သည်။

'ခင်ဗျားအတွက် ရှေ့နေရော ငှားထားသလား'

'ကျွန်တော့် အမှုအတွက် လိုက်ပေးတဲ့ ရှေ့နေ မရှိသေးပါဘူး'

ထိုအခါ တရားသူကြီးက အနီးနားတွင်ရှိသော ရှေ့နေတစ်ယောက်ကို လှမ်းပြောလိုက်သည်။

'မစ္စတာဘတ်၊ ဒီတရားခံကို ဟိုနောက်ခန်းထဲ ခေါ်သွားပြီး သူ့အမှုအကြောင်းကို မေးမြန်းကြည့်ပါ။ ပြီးတော့ အကြံဉာဏ်ကလေးလဲ ပေးလိုက်ပါဦး'

www.burmeseclassic.com

www.burmeseclassic.com



ရှေ့နေမစ္စတာဘတ်လဲ တရားခံဖြစ်သူကို ခေါ်သွားပြီး နောက် နာရီဝက်ခန့်ကြာသောအခါ တရားရုံးထဲသို့ သူ တစ်ယောက်တည်း ပြန်လာလေသည်။ ထို့ကြောင့် တရားသူကြီးက မေးလိုက်သည်။

'တရားခံရော ဘယ်ရောက်သွားသလဲ'

ရှေ့နေက ပြန်ပြောလိုက်သည်မှာ

'ကျွန်တော် သူ့အမှု အကြောင်းကို ကြားရတော့ မင်းကို ငါ အကောင်းဆုံး အကြံဉာဏ်ပေးမယ်ဆိုပြီး၊ ငါသာ မင်းနေရာမှာဆိုရင် ဟိုပြတင်းပေါက်ကနေ ထွက်ပြေးမှာပဲလို့ ပြောလိုက်ပါတယ်။ အဲဒီမှာ တရားခံလဲ ပြတင်းပေါက်ကနေ ထွက်၊ ရေပိုက်ကနေ တွယ်ဆင်းပြီး ပြေးသွားလိုက်တာ ကျွန်တော်လှမ်းကြည့်တော့ ဟိုနားက တောင်ကုန်းပေါ်ကိုတောင် ရောက်နေပြီ ဖြစ်ပါတယ် ခင်ဗျာ'





## ၆၇။ အမှာစကား

မိခင်ဖြစ်သူသည် အိမ်ထောင်ပြုရန် စေ့စပ်လိုက်ပြီဖြစ်သော သားထံ စာတစ်စောင်ရေးလိုက်သည်။

သားရေ–

အမေတို့အတွက် သတင်းကောင်း ကြားရတာပါပဲ။ အမေတို့ အမေတို့လဲ သားလိုပဲ ပျော်ရွှင်ကြည်နူး နေပါတယ်။ အခုလို မိန်းမကောင်းကလေးနဲ့ လက်ထပ်နိုင်ပါစေလို့ မေမေတို့ ဆုတောင်းနေခဲ့တာ ကြာပါပြီကွယ်။ တကယ်တော့ မိန်းမကောင်းဆိုတာ ယောကျ်ားတွေ အတွက် ကောင်းကင်ဘုံရဲ့လက်ဆောင်မွန်ပဲပေါ့။ အဲဒီလို မိန်းမကောင်းတွေမှ သားဘဝကို အကောင်းဆုံး ဖြစ်အောင်

www.burmeseclassic.com

www.burmeseclassic.com



ဖန်တီးပေးနိုင်သလို အဆိုးတွေကိုလဲ ဖယ်ရှား ပေးပါ လိမ့်မယ်ကွယ်။

ထိုစာ၏အောက်တွင် တခြား လက်ရေးတမျိုးနှင့် စာတိုကလေးကို တွေ့သဖြင့် သားဖြစ်သူသည် ဖတ်ကြည့်လိုက်ရာ

'မင်းအမေ တံဆိပ်ခေါင်း သွားယူနေတယ်။ အိမ်ထောင်မပြုနဲ့၊ 'ဒီအတိုင်းနေ လူမိုက်ရဲ့' ဟူ၍ တွေ့ရလေသည်။





### ၆၈။ ဝင်ကူပေးနေတာ

အမေရိကန် လူမည်း အလုပ်သမား နှစ်ယောက်ဖြစ်သည့် ဆမ်နှင့် ဂျိုးတို့သည် စက်ရုံတစ်ရုံတွင် ဝင်ရောက် လုပ်ကိုင်နေကြသည်။ အလုပ်သမားခေါင်း ဖိုမင်တစ်ဦးသည် အလုပ်သမားများ အလုပ် လုပ်မလုပ် လိုက်လံ စစ်ဆေးကြည့်ရှုလျက် ရှိသည်။ တစ်နေရာ၌ ဆမ် အိပ်ပျော်နေသည်ကို တွေ့သွားသည်။ သူ့အနားတွင်လည်း ဂျိုးက အိပ်ငိုက်လျက် ရှိသည်။ ဖိုမင်က ဂျိုးကို မေးလိုက်သည်။


'ဟေ့ကောင် ဂျိုး၊ မင်း ဒါ ဘာလုပ်နေတာလဲ'

'ဆမ်ရဲ့ အလုပ်တွေကို ကူလုပ်ပေးနေတာပါ'

www.burmeseclassic.com

www.burmeseclassic.com





### ၆၉။ မပါပါစေနဲ့

ဂရိနိုင်ငံတွင် ဖြစ်သည်။ အမျိုးသမီးတစ်ဦးသည် ပြိုကျပျက်စီး နေသော ရှေးဟောင်း အဆောက်အဦး တစ်ခုရှေ့၌ ဓာတ်ပုံ အရိုက်ခံလျက် ရှိသည်။ ဓာတ်ပုံဆရာကို အမျိုးသမီးက လှမ်းသတိ ပေးလိုက်သည်။

'ဓာတ်ပုံထဲမှာ မော်တော်ကား မပါပေ့စေနဲ့နော်၊ တော်ကြာ ကျွန်မ ယောကျ်ားက ကျွန်မကားနဲ့ ဝင်တိုက်ထားလို့ ပြိုကျနေတယ် ထင်ဦးမယ်'





### ၇၀။ မတွေ့တာကြာလို့

တစ်နေ့တွင် အိမ်တစ်အိမ်သို့ မိတ်ဆွေတစ်ယောက် အလည် ရောက်လာပြီး ဘီလ်ဆိုသူကို မတွေ့သဖြင့် သူ့ဇနီးအား မေးလိုက်သည်။

'ဘီလ်တစ်ယောက် ဘယ်သွားနေသလဲ၊ မတွေ့တာ တောင် အတော်ကြာသွားပြီ'


'မော်တော်ကားတစ်စီး သွားခိုးလို့ ထောင် ၃ နှစ်ကျနေတယ် လေ'

'မိုက်လိုက်တဲ့ ကောင်ကွာ၊ မော်တော်ကားများ သွားခိုးရတယ် လို့ အကြွေးဝယ်ပြီး မပေးပဲနေရင်လဲ ရရဲ့သားနဲ့။ လူကြီးလူကောင်းတွေ ဆိုရင် ဒီလိုလုပ်တာပဲ'

www.burmeseclassic.com

www.burmeseclassic.com





၇၁။ တွေ့ဆုံညှိနှိုင်းပွဲ

လယ်သမားနှစ်ယောက်တို့သည် တစ်ရက်တွင် ငါးများထွက်လာကြသည်။ အိမ်ပြန်ရောက်ကြသောအခါ ငါးများအတွေ့အကြုံများကို အပြန်အလှန် ပြောကြရာ တစ်ယောက်က သူ့အတွေ့အကြုံကို ပြောပြသည်။

'ငါမိတဲ့ ဆယ်လ်မွန်ငါးကြီးက ပေါင် ၂၀၀ တောင်ရှိတယ်'

'ဆယ်လ်မွန်ငါးဆိုတာမျိုးဟာ ဘယ်တော့မှ ပေါင် ၂၀၀ မရှိဘူးကွ'

ထိုသို့ အခြေအတင် ငြင်းခုန်နေကြပြီး ပထမလူက သူ့ငါးကို ပေါင်နှစ်ရာမှ တပြားသား မလျော့ပဲ နောက်လှ



ကို ဘာများမိသလဲဟု မေးလိုက်သည်။

'မီးအိမ်တစ်လုံးပါကွာ၊ အဲဒီ မီးအိမ်ပေါ်မှာ 'ကပ္ပတိန်ကွတ်၊ ၁၇၅၆ ခုနှစ်'လို့ ရေးထားတယ်ကွ၊ မင်း ယုံချင်ယုံ မယုံချင်နေ၊ မီးအိမ်ထဲမှာ ထွန်းထားတဲ့ ဖရောင်းတိုင်က ဒီနေ့အထိ မီးတောက်နေတုံးပဲ'


ထိုအခါ ပထမလူက ပြန်ပြောလိုက်သည်မှာ

'ကဲကွာ ငါတို့ ငါးများ အတွေ့အကြုံတွေကို ဒီလို အဆုံးသပ်ရအောင်လား၊ ငါမိတဲ့ ဆယ်လ်မွန်ငါး အလေးချိန်ကို ပေါင် ၁၀၀ အထိ လျှော့လိုက်မယ်ကွာ။ မင်းများလို့ရတဲ့ မီးအိမ်ထဲက ဖရောင်းတိုင်ကိုလဲ မီးငြိမ်းလိုက်ပါတော့ကွာ' ဟု သတည်း။

www.burmeseclassic.com

www.burmeseclassic.com





## ၇၂။ ဒါကြောင့်ကို

တစ်နေ့တွင် ပင်လယ်ငါးဖမ်းသင်္ဘော တစ်စီးပေါ်တွင် သင်္ဘောသား နှစ်ယောက်သည် အတွက်အချက်တွင် သူတော်သည် ငါတော်သည် ဟု ငြင်းခုန်နေကြသည်။ ယင်းကို သင်္ဘောကပ္ပတိန်က တွေ့သွားရာ လက်တွေ့ကျကျ မည်သူတော်သည်ကို ဆုံးဖြတ်ပေးရန် သူတို့နှစ်ယောက်အား အောက်ပါမေးခွန်း တစ်ခုပေး၍ တွက်ချက်နိုင်းသည်။

'ပေါင် ၅၀၀ ရှိတဲ့ ငါးခွေးလျှာ ငါးကြီးတစ်ကောင်ကို ဖမ်းမိပြီး ဆိပ်ကမ်းသို့ ရောက်သောအခါ တစ်ပေါင်ကို ၆ ဒေါ်လာနှင့် ရောင်းလျှင် ငွေမည်မျှ ရမည်နည်း'



ထိုသင်္ဘောသား နှစ်ယောက်စလုံး ထိုပုစ္ဆာကို တွက်ချက်ကြသော်လည်း အဖြေမရနိုင် ဖြစ်နေသည်။ နာရီအနည်းငယ် ကြာသွားသောအခါ သင်္ဘောသား တစ်ယောက်က ကပ္ပတိန်အား မေးခွန်းကို တစ်ခေါက် ပြန်ပြောပြရန် တောင်းပန်လိုက်သည်။

'ကဲ သေသေချာချာ နားထောင် ပေါင် ၅၀၀ ရှိတဲ့ ငါးခွေးလျှာ ငါးကြီး တစ်ကောင်ကို.........'

'ခဏနေပါ၊ ခဏနေပါဦး ဆရာ၊ ဖမ်းမိတဲ့ ငါးက ငါးခွေးလျှာနော်'

'အေးလေ၊ အဲဒါ ဘာဖြစ်သလဲ'

'သေပါတော့ဗျာ၊ ကျွန်တော် ဒါကြောင့်မို့ တွက်လို့မရတာကိုး၊ ကျွန်တော်က ဆယ်လ်မွန်ငါး ဆိုပြီး တစ်ချိန်လုံး တွက်နေတာ'

www.burmeseclassic.com

www.burmeseclassic.com





၇၃။ စာခြောက်ရုပ်


ကျေးလက်တောရွာတစ်ရွာတွင် ကလေးများစုဝေး စကားပြောနေစဉ် လယ်သမားသား တစ်ယောက်က ကြွားလိုက်သည်။

'ငါ့အဖေ လုပ်ထားတဲ့ စာခြောက်ရုပ်က သိပ်ကောင်းတာကွ၊ ကျီးကန်းတွေ စာတွေဆိုရင် အဲဒီ စာခြောက်ရုပ်အနားကို လာဖို့ မပြောနဲ့ သုံးမိုင်အတွင်းတောင် မလာဝံ့ဘူး'

ထိုအခါ အနားရှိ ကလေးတစ်ယောက်ကလည်း အားကျမခံ ပြန်ကြွားလိုက်သည်။

'ဒါ ဘာဟုတ်သေးသလဲ၊ ငါ့ဦးလေး လုပ်ထားတဲ့ စာခြောက်ရုပ်က ပိုကောင်းတာပေါ့။ ကျီးကန်းတွေက ဆိုရင် ငါ့ဦးလေး စာခြောက်ရုပ်ကို တွေ့တာနဲ့ သူတို့ မနှစ်က ချီယူသွားတဲ့ စပါးတွေအားလုံး ပြန်ယူ လာပို့တယ်ကွ'





၇၄။ သိပ်တတ်နေရင်

ကလေးတစ်ယောက်သည် သူ့မိခင်အား ပြောပြနေသည်။

'မေမေ သားတော့ ကျောင်းဆက် မတက်တော့ဘူး'


'ဘာဖြစ်လို့လဲ သားရယ်'

'ကျွန်တော်ကြားတဲ့ သတင်းတစ်ခုကြောင့်ပါ။ အီတလီနိုင်ငံမှာတဲ့ လူတစ်ယောက်ဟာ သိပ်သိ သိပ်တတ်နေလို့ သေနတ်နဲ့ ပစ်သတ်သွားတယ် ဆိုလို့ပါ'

www.burmeseclassic.com

www.burmeseclassic.com





## ၇၅။ ဈေးကွက်


ကုန်ပစ္စည်းအမျိုးအမည် အသစ်တစ်ခုကို ထုတ်လုပ်ရာ၌ ဈေးကွက် အတွင်း ရောက်ရှိလာပုံမှာ အဆင့် ၃ ဆင့် ရှိသည်။

ပထမဦးစွာ ထိုကုန်ပစ္စည်းအသစ်ကို အမေရိကန်တို့က စတင် တီထွင်လိုက်သည်ဟု ကြေငြာသည်။

ဒုတိယမှာ ရုရှတို့က ထိုကုန်ပစ္စည်းမျိုးကို လွန်ခဲ့သော နှစ် ၂၀ ကပင် သူတို့ တီထွင်ပြီးသားဟု ထုတ်ဖော် ပြောကြားလိုက်သည်။

တတိယကမူ ဂျပန်တို့က ထိုကုန်ပစ္စည်းကို စတင် ထုတ်လုပ်ပြီး ကမ္ဘာအနှံ့သို့ တင်ပို့ရောင်းချမည် ဖြစ်သည်။





## ၇၆။ မြီးစားနှင့်မြီးရှင်

တစ်နေ့တွင် ကျောင်းတစ်ကျောင်း၌ စီးပွားရေး ဘာသာရပ်ကို သင်ကြားပို့ချနေသော ဆရာက သူ့အတန်းအား မေးခွန်းတစ်ခု မေးလိုက်သည်။

'မြီးစားနဲ့ မြီးရှင်ဆိုတဲ့ အဓိပ္ပာယ်ဟာ ဘယ်လို ကွဲပြားခြားနားသလဲ'


ထိုအခါ ကျောင်းသားတစ်ယောက်က ထရ၍ ဤသို့ ဖြေလိုက်သည်။

'မြီးရှင်ဆိုတာက မြီးစားထက် မှတ်ဉာဏ်ပိုကောင်းပါတယ် ဆရာ'

www.burmeseclassic.com

www.burmeseclassic.com






## ၇၇။ သတို့သမီး

မူလတန်းကျောင်းတစ်ကျောင်းတွင် ပထမတန်း၌ ဆရာမက သူ့အတန်းအား 'လက်ထပ်မင်္ဂလာပွဲ' ခေါင်းစဉ်ဖြင့် စာစီစာကုံး ရေးခိုင်းလိုက်သည်။ ထိုခေါင်းစဉ်ဖြင့် ကျောင်းသူကလေးတစ်ယောက်က အောက်ပါအတိုင်း ရေးလာသည်။

'လက်ထပ်မင်္ဂလာပွဲ'

လက်ထပ်မင်္ဂလာပွဲများတွင် သတို့သမီးဆိုသူသည် အမြဲတမ်းလိုလို စိတ်အပြောင်းအလဲမြန်သူများ ဖြစ်သည်။ လက်ထပ်ရန် ဘုရားကျောင်းသို့ လာသည့်အခါ အသက်အရွယ်ကြီးကြီး လူတစ်ယောက်နှင့် လက်တွဲ၍ ရောက်လာပြီး ပြန်သောအခါတွင် အသက်ငယ်ငယ် လူတစ်ယောက်နှင့် လက်တွဲ၍ ပြန်သွားသောကြောင့် ဖြစ်သည်။





## ၇၈။ ပြပြီးပြီ

တနေ့တွင် အရက်ဆိုင်တစ်ဆိုင်သို့ လူတစ်ယောက်သည် ရောက်လာပြီး ဘီယာတစ်ခွက် မှာသောက်လေသည်။ ဘီယာတစ်ဝက်ခန့် သောက်ပြီးသောအခါ ကျန် ဘီယာများနှင့် အရက်ရောင်းသူအား ပက်လိုက် သည်။ ထို့နောက် သူကပင် အရင်ဦးအောင် ပျာပျာသလဲ တောင်းပန်စကား ဆိုသည်။

'ကျွန်တော့်မှာ အဲဒီလို ဆိုးတဲ့အကျင့် ရှိတယ်ဗျ။ အဲဒီလို လုပ်ပြီးရင်လဲ ကျွန်တော် အရမ်းကို ရှက်သွားတာပါပဲ'

'ဒါဆိုရင် ခင်ဗျား စိတ်ရောဂါ ဆရာဝန်တစ်ယောက်နဲ့ ပြသင့်တယ်'

www.burmeseclassic.com

www.burmeseclassic.com



လပေါင်းများစွာ ကြာသောအခါ ထိုသူသည် အရက်ဆိုင်သို့ ရောက်လာပြန်သည်။ ဘီယာမှာသောက်ပြီး ကျန်ဘီယာများနှင့် အရက်ရောင်းသူကို ပက်လိုက် ပြန်သည်။ အရက်ရောင်းသူက သူ့အား စိတ်ဆိုးသွားပြီး မေးလိုက်သည်။


'ခင်ဗျား စိတ်ရောဂါကု ဆရာဝန်နဲ့ ပြပြီး မဟုတ်လား'

'ပြပြီးပြီလေ'

'ဒါဆိုရင် ခင်ဗျားရောဂါက မပျောက်သေးဘူးပေါ့'

'ပျောက်သွားပြီဗျ၊ အရင်တုံးက အဲဒီလို လုပ်ပြီးရင် သိပ်ရှက်သွားတတ်တယ်။ အခုတော့ လုံးဝ မရှက်တော့ဘူး'





## ၇၉။ ဘာသာစကား နှစ်မျိုးတတ်ရမယ်

ခွေးတစ်ကောင်သည် လမ်းလျှောက်ထွက်လာရာ ကုမ္ပဏီတစ်ခု၏ ရုံးခန်းတစ်ခန်းရှေ့သို့ ရောက်လာသည့်အခါ ကြော်ငြာ တစ်ခုကို သွားတွေ့လေသည်။

ထိုကြော်ငြာမှာ

'စာရေးတစ်ယောက် အလိုရှိသည်။ တစ်မိနစ်လျှင် စာလုံးရေ ၇၀ လက်နှိပ်စက်ဖြင့် ရိုက်နိုင်ရမည်။ ကွန်ပျူတာလည်း အသုံးပြုတတ်သူ ဖြစ်ရမည်။ အနည်းဆုံး ဘာသာစကားနှစ်မျိုးကို တတ်ကျွမ်းရမည်။ မည်သူမဆို အထက်ပါ အရည်အချင်းနှင့် ပြည့်စုံလျှင် လျှောက်ထားနိုင်သည်'

ဟူ၍ ဖြစ်သည်။

ထိုခွေးသည် အလုပ်ဝင်လျှောက်ရာ ကုမ္ပဏီ ပိုင်ရှင်က ခွေးတစ်ကောင် ဖြစ်နေသဖြင့် လက်မခံပေ။ ထိုအခါ

www.burmeseclassic.com

www.burmeseclassic.com



ခွေးက ကြော်ငြာတွင်ရေးထားသည့် မည်သူမဆို လျှောက်ထားနိုင်သည် ဟူသော စာပိုဒ်ကို ပြလိုက်သဖြင့် အလုပ်ရှင်မှာ ဘာမှ မတတ်နိုင်ဘဲ ထိုခွေးကို မေးလိုက်သည်။

'ကဲ ဒါဆိုရင် မင်း လက်နှိပ်စက် ရိုက်တတ်ရဲ့လား'

ဘာမှ ပြန်ပြောမနေတော့ဘဲ လက်နှိပ်စက်ရှိရာ သွား၍ စာတစ်စောင်ကို အမှားအယွင်း မရှိ ထိုခွေးက ရိုက်ပြလိုက်သည်။

အလုပ်ရှင်က ကွန်ပျူတာရော အသုံးပြုတတ်သလား ဟု မေးပြန်သည်။

ကွန်ပြူတာ ရှိရာသွားပြီး ကွန်ပျူတာ ပရိုဂရမ်တစ်ခုကို ရေးပြပြီး ထိုပရိုဂရမ်ကို အသုံးပြုပြလေသည်။

အလုပ်ရှင်မှာ ကြံရာမရ ဖြစ်ပြီး နောက်ဆုံး ပြောလိုက်သည်။

'ဘာဘဲဖြစ်ဖြစ်ကွာ မင်းလို ခွေးတစ်ကောင်ကိုတော့ မငှားနိုင်ဘူးကွ။ မင်းက တို့လိုအပ်တဲ့ အရည်အချင်းတွေနဲ့ ပြည့်စုံပါတယ်။ ဒါပေမယ့် ကြော်ငြာမှာ ရေးထားတယ် မဟုတ်လား။ ဘာသာစကား နှစ်မျိုး တတ်ရမယ်လို့'

ထိုအခါ ခွေးက 'ညောင်' ဟု ကြောင်တစ်ကောင်လို အော်ပြလိုက်လေသည်။

BURMESE CLASSIC .com





## ၈၀။ အထဲ သွင်းနေတာ ဟုတ်လား

လူတစ်ယောက်သည် အခန်း၀တွင် ကန့်လန့်ဖြစ်နေသော ခုံရှည် တစ်လုံးကို မပြီးရွှေ့ရန် အိမ်နီးချင်းတစ်ယောက်ကို ခေါ်၍ အကူအညီ တောင်းလေသည်။ ထိုနောက် အိမ်နီးချင်းနှင့်အတူ မ,ပြီး ရွှေ့ကြရာ လုံး၀ပင် နေရာမှ မရွှေ့သဖြင့် အိမ်ရှင် ဖြစ်သူက စိတ်ပျက်လက်ပျက်နှင့် ပြောလိုက်သည်။


'နေပါတော့ဗျာ။ ဒီအတိုင်းဆိုရင် အထဲသွင်းလို့ရမှာ မဟုတ်ပါဘူး'

'ဘာပြောတယ် ခင်ဗျားက အထဲကို သွင်းနေတာ ဟုတ်လား'

www.burmeseclassic.com

www.burmeseclassic.com





## ၈၁။ ရေစိမ်ခံ အကြမ်းခံ နာရီ

အရက်ဆိုင်တစ်ဆိုင်တွင် အရက် လာသောက်သူ တစ်ယောက်က ဘားကောင်တာ တာဝန်ခံကို မေးလိုက်သည်။


'ဘယ် နာရီလောက် ရှိပြီလဲဗျ'

'ကျွန်တော့်မှာ နာရီ မရှိတော့ဘူး။ အရင်တုံးက ရေစိမ်ခံ အကြမ်းခံ နာရီတစ်လုံး ဝယ်ခဲ့ဖူးပါတယ်ဗျာ'

'အခု အဲဒီ နာရီ ဘယ်ရောက် သွားသလဲ'

'မီးလောင်သွားပြီလေ'





## ၈၂။ နာမည်တွေ မကုန်သေးဘူး

တစ်ခါက တောလက် ကျေးရွာကလေးတစ်ရွာတွင် သက်ဆိုင်ရာက သန်းခေါင်စာရင်း သွားကောက်သည်။ အိမ်တစ်အိမ်သို့ ဝင်ပြီး အမျိုးသမီးတစ်ဦးကို တွေ့သဖြင့် 'ဤအိမ်တွင် လူ ဘယ်နှစ်ယောက် ရှိသလဲ' ဟု မေးလိုက်သည်။

အမျိုးသမီးလည်း ခေတ္တ စဉ်းစားနေပြီးမှ ဖြေလိုက်သည်။

'ကျွန်မရယ်၊ ဖေဖေရယ်။ မောင်လေး ဘီလီ၊ နောက် ညီမလေး စီစီ၊ အမွှာ ညီအစ်ကို နှစ်ယောက် ရစ်ကီနဲ့ မစ်ကီ။ ပြီးတော့ တွမ်မီ၊ အဲ '

'နေပါဦး၊ နေပါဦး။ ကျွန်တော်တို့ သိချင်တာက တစ်ယောက်၊ နှစ်ယောက်စသဖြင့် ပေါ့ဗျာ'

'ကျွန်မတို့က တစ်ယောက် နှစ်ယောက်လို့ နာမည် မပေးဘူးလေ။ မှည့်စရာ နာမည်တွေမှ မကုန်သေးတာ ရှင့်'

www.burmeseclassic.com

www.burmeseclassic.com






## ၈၃။ အစကတော့

ကျွန်မနှင့် ယောက်ျားဖြစ်သူတို့သည် ငယ်ငယ်တုံးက အတူနေခဲ့သော အထက်တန်းကျောင်း၏ ကျောင်းသားဟောင်းများ ပြန်လည် တွေ့ဆုံပွဲကို အတူသွားကြသည်။ ကျောင်းနေဖက် အတော်များများမှာ ကျွန်မတို့ နှစ်ယောက် အိမ်ထောင်ကျနေသည်ကို မသိကြပေ။ ကျွန်မ ယောက်ျားက သူ့ သူငယ်ချင်း တစ်ယောက်ကို မေးလိုက်သည်။

'မင်းတကယ် မသိဘူးလား။ တို့နှစ်ယောက် အိမ်ထောင်ကျနေတာကိုလေ'

'အစကတော့ မသိဘူး။ မင်းပိုက်ဆံအိတ်ထဲက ပိုက်ဆံတွေ ထုတ်ယူနေတာ တွေ့တော့မှပဲ မင်း မိန်းမမှန်း သိတာကွ'





## ၈၄။ မသုံးရသေးတဲ့


ကျွန်တော့် သူငယ်ချင်းတစ်ယောက်သည် သူမိတ်ဆွေ အမျိုးသမီး တစ်ယောက်ထံ အလည်သွားရာ ကျွန်တော်အား အဖော် ခေါ်လေသည်။ ကျွန်တော်က ထိုအမျိုးသမီးမှာ သူ၏ ရည်းစားဟောင်းလား ဟု မေးလိုက်သည်။ ထိုအခါ ကျွန်တော့်မိတ်ဆွေက

'အသုံးမပြုလိုက်ရတဲ့ မီးချစ်ဆံ တစ်ချောင်းပါကွာ' ဟု ပြန်ပြောလိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com





## ၈၅။ ဘယ်လို ထင်သလဲ


အရောင်းစျေးသည်တစ်ယောက်သည် မြို့စွန်ရပ်ကွက်သို့ ရောက်သွားရာ အိမ်တစ်အိမ်၏ လူခေါ် ခေါင်းလောင်းကို နှိပ်လိုက်သည်။ တံခါးပွင့်လာသောအခါ ကိုးနှစ်သား အရွယ် ကလေးငယ်တစ်ဦးသည် ဆေးပြင်းလိပ်တစ်လိပ်ကို ပါးစပ်နှင့် ခဲရင်း ထွက်လာသည်ကို တွေ့ရသည်။ အံ့အား သင့်သွားသော်လည်း ဟန်လုပ်ပြီး မေးလိုက်သည်။

'သား မေမေ အိမ်မှာ ရှိသလား ဟင်'

ကလေးငယ်သည် ဆေးပြင်းလိပ်ကို ပါးစပ်မှ ဆွဲချွတ်လိုက်ပြီး ဆေးလိပ်ပြာကို ကောဇောပေါ် ချွေချလိုက်ရင်းနှင့် ပြန်ပြောလေသည်။

'ဦးက အိမ်မှာ မေမေ ရှိတယ် ထင်လို့လား'





## ၈၆။ ဒီတစ်ခါတော့

ဥယျာဉ်ခြံတစ်ခြံတွင် ကလေးတစ်ဦးသည် သစ်သီးများ ခိုးယူနေသည်ကို ခြံစောင့်က ဖမ်းမိသဖြင့် ဂုတ်မှ ဆွဲကိုင်ပြီး ခြံပိုင်ရှင်ထံ ခေါ်လာ လေသည်။ လမ်းတွင် ကလေးငယ်က သစ်သီးခြံထဲတွင် သူ့ဦးထုပ် ကျန်ရစ်ခဲ့သဖြင့် သွားယူပါရစေ ဟု ပြောသဖြင့် ခြံစောင့်လည်း သွားယူခွင့်ပြုလိုက်လေသည်။ သို့သော် ဦးထုပ် သွားယူသော ကလေးငယ်သည် လုံးဝ ပြန်မပေါ်လာတော့ပေ။

ရက်အနည်းငယ်ကြာသောအခါ ထိုကလေးငယ်ကိုပင်

www.burmeseclassic.com

www.burmeseclassic.com



သစ်သီး ခိုးနေသည်ကို ခြံစောင့်က ဖမ်းမိပြန်သည်။ ခြံစောင့်က


'ကဲ မင်း ဒီတစ်ခါတော့ ငါ့ လက်က မလွတ်နိုင်တော့ဘူးကွ။' ဟု ဆိုကာ ဂုတ်မှ ဆွဲကိုင်ကာ ခေါ်သွားလေသည်။ ခြံပိုင်ရှင်ထံ မရောက်မီ ကလေးငယ်က တောင်းပန်လိုက်သည်။

'ဦး ကျွန်တော့် ဦးထုပ် ကျန်ခဲ့လို့'

ခြံစောင့်က ဟက်ဟက်ပက်ပက် ရယ်မောလိုက်ပြီး ပြောလိုက်သည်။

'ဟား ဟား ဟား ဒီတစ်ခါတော့ မင်း ငါ့ကို တစ်ပတ်ရိုက်လို့ ဘယ်ရမလဲကွာ။ ကဲ ဒီမှာ မင်းစောင့်နေ မင်း ဦးထုပ်ကို ငါ သွား ယူပေးမယ်'





## ၈၇။ ဝမ်းနည်းပါတယ်

နံနက်လင်းအားကြီး ၄ နာရီခန့်တွင် တယ်လီဖုန်း မြည်လာသဖြင့် လူတစ်ယောက်သည် အိပ်ရာမှ လန့်နိုး လာလေသည်။ နားထောင်လိုက်သောအခါ အိမ်နားနီးချင်းတစ်ယောက်က ဒေါသတကြီးနှင့် ပြောသံကို ကြားရလေသည်။

'ခင်ဗျား ခွေး လာဟောင်နေတာ ကျုပ် တစ်ညလုံး အိပ်လို့ကို မရဘူး သိလား'

တစ်ဖက်လူကို အနူးအညွတ် တောင်းပန်လိုက်ပြီး နာမည်နှင့် တယ်လီဖုန်းနံပါတ်ကို တောင်းထားလိုက်သည်။

နောက်တစ်ရက် မနက် ၄ နာရီခန့်တွင် အိမ်နားနီးချင်းဆီကို ဖုန်းပြန်ဆက်ပြီး ပြောလိုက်သည်မှာ

'ဝမ်းနည်းပါတယ် ခင်ဗျာ။ ကျွန်တော်ဆီမှာ ခွေးတစ်ကောင်မှ မွေးမထားပါဘူး' ဟူ၍ ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com





## ၈၈။ လက်မှတ်စစ်မယ်

တစ်ခါက ကျောင်းသားများ ဖြစ်ကြသော သချာ် အဓိက ယူသူများနှင့် အင်ဂျင်နီယာ ကျောင်းသား အုပ်စု နှစ်စုသည် သိပ္ပံပညာရပ် ဆွေးနွေးပွဲ တစ်ခုကို တက်ရောက်ရန် ရထားစီး၍ ခရီးထွက်လာခဲ့ကြလေသည်။ သချာ် ကျောင်းသားများမှာ ရထားလက်မှတ် ကိုယ်စီနှင့် ဖြစ်သည်။ သို့သော် အင်ဂျင်နီယာကျောင်းသားများမှာ လက်မှတ် တစ်စောင်တည်းသာ ဝယ်၍ ရထားစီးလာခဲ့ကြသည်။

သို့နှင့် တစ်နေရာအရောက်၌ အင်ဂျင်နီယာကျောင်းသား တစ်ဦးက လှမ်းအော်လိုက်လေသည်။

'လက်မှတ်စစ် လာပြီ'

ထိုအခါ အင်ဂျင်နီယာကျောင်းသားများက အိမ်သာထဲသို့ စုပြုံ ဝင်လိုက်ကြသည်။ လက်မှတ်စစ်က အိမ်သာ တံခါးကို သွားခေါက်ပြီး လက်မှတ်စစ်မယ် ဟု ပြော လိုက်ရာ တံခါးအောက်မှ လက်မှတ်တစ်စောင်ကို ထုတ် ပေးလိုက်သည်ကို သချာ် ကျောင်းသားများ တွေ့ကြရ လေသည်။ လက်မှတ်စစ်လည်း ထိုတစ်စောင်တည်း သော လက်မှတ်ကို စစ်ပြီး အိမ်သာတံခါးအောက်မှ လက်မှတ် ပြန်ပေးလိုက်သည်။



အပြန်ခရီးတွင် သချာ်ကျောင်းသားများသည် အလာ တုံးက အင်ဂျင်နီယာကျောင်းသားများကဲ့သို့ လက်မှတ် တစ်စောင်တည်း ဝယ်၍ ပြန်လာကြသည်။ အင်ဂျင်နီ ယာကျောင်းသားများမှာမူ တစ်ယောက်မှ လက်မှတ် မဝယ်ဘဲ ပြန်လာကြသည်။


ထိုနောက် လက်မှတ်စစ်လာပြီ ဟု အင်ဂျင်နီယာ ကျောင်းသား တစ်ယောက်က အော်လိုက်ရာ အင်ဂျင်နီယာ ကျောင်းသားများသည် အိမ်သာခန်းထဲသို့ ပြေးဝင်ကြပြီး သချာ်ကျောင်းသားများမှာလည်း တခြားအိမ်သာခန်းသို့ ပြေးဝင်ကြလေသည်။ သူတို့ ရထားတွဲထဲသို့ လက်မှတ် စစ် မရောက်လာသေးခင်မှာ အင်ဂျင်နီယာကျောင်းသား တစ်ယောက်သည် အိမ်သာအခန်းထဲမှ ထွက်လာပြီး သချာ် ကျောင်းသားများ ရှိရာ အိမ်သာအခန်းကို ခေါက် လိုက်ပြီး ပြောလိုက်သည်မှာ

'လက်မှတ်စစ်မယ်။ လက်မှတ် ပြပါ' ဟူ သတည်း။

www.burmeseclassic.com

www.burmeseclassic.com






၈၉။ တူထုမိမယ်

မိခင် ဖြစ်သူက တူတစ်လက်နှင့် သံရိုက်နေသော သားငယ်ကို လှမ်း၍ သတိပေးလိုက်သည်။

'သားရေ လက်ကို တူ ထုမိဦးမယ်နော်'

'မပူပါနဲ့ မေမေ။ သံကိုင်ထားတာ သားမဟုတ်ပါဘူး။ ညီမလေးပါ'





၉၀။ ရောက်ဘူးသလား

စာပေ ဝေဖန်ရေးဆရာ တစ်ယောက်သည် စာရေးဆရာ တစ်ဦးနှင့်တွေ့ရာ မေးခွန်းတစ်ခု မေးလိုက်သည်။

'ဆရာ ရေးတဲ့ နိုင်ငံခြား တိုင်းပြည်တွေကို ရောက်ဖူးသလား ဟင်'


ထိုအခါ စာရေးဆရာက တစ်ချက်ပြုံးပြီး ပြန်ပြောလိုက်သည်။

'ခင်ဗျား အဲဒီလို မေးတာ အံ့ပါရဲ့။ ငရဲခန်းအကြောင်း ရေးတဲ့ ဆရာကြီး ဒန်တေကို သွားမေးဖို့ ကောင်းတယ်ဗျာ'

www.burmeseclassic.com

www.burmeseclassic.com





## ၉၁။ မှတ်ဆိတ်မွေး မရိတ်ဘူးလား

ဇနီးမောင်နှံ နှစ်ယောက်သည် ပြဇာတ်တစ်ခုကို သွားကြည့်ရန် ပြင်ဆင်နေကြသည်။ သို့နှင့် အိမ်က မထွက်ခင် မိန်းမ ဖြစ်သူက ခင်ပွန်းသည်ကို တစ်ချက်ကြည့်လိုက်ပြီး မေးသည်။


'ရှင်က မှတ်ဆိတ်မွေး မရိတ်ဘူးလား'

'ရိတ်ထားတယ်လေ'

'ဘယ်တုံးက ရိတ်တာလဲ'

'မင်း စပြီးတော့ အလှပြင်တဲ့ အချိန်ကပေါ့ကွ'





## ၉၂။ အကောင်းဆုံးဟာသ

ကျွန်မ၏ မောင်ဝမ်းကွဲဖရန့်နှင့် သူ့ဇနီးတို့သည် မိုးမျှော်တိုက်ကြီး တစ်တိုက်၏အလယ် ၂၃ ထပ်တွင် နေထိုင်ကြသည်။ တစ်နေ့တွင် သူတို့လင်မယား နှစ်ယောက်သည် ဈေးဝယ်ထွက်ပြီး ပြန်လာရာ သူတို့ တိုက်ကြီးတွင် ဓာတ်လှေကား ပျက်နေသည့်နှင့် ကြုံလေသည်။ ဝယ်လာသောပစ္စည်းများမှာလည်း အပြင်တွင် တာရှည်ထားရန် မသင့်သည့် စားသောက်ဖွယ်ရာများ ဖြစ်သဖြင့် လှေကားဖြင့်ပင် တက်ရန် ဆုံးဖြတ်ပြီး တမျှော်

www.burmeseclassic.com


www.burmeseclassic.com



တခေါ်ကြီးကို လျှောက်တက်လာကြ သည်။ လမ်းတွင် ပင်ပန်းသည်ဟု မထင်ရအောင် ရယ်စရာမောစရာ ဟာသများကို တစ်ယောက် တစ်လှည့်စီ ပြောလာကြလေသည်။ သို့ နှင့် သူတို့နေထိုင်ရာ ၂၃ ထပ်သို့ ရောက်လာခဲ့သည်။ ဖရန့်လည်း ဘောင်းဘီအိတ်ထဲက လက်နှိုက်လိုက်ပြီး နောက် သူ့ဇနီးသည်အား ပြောလိုက်သည်။

'အခုမှ တကယ့်အကောင်းဆုံးဟာသပဲဟေ့၊ အိမ်သော့က ကားထဲမှာ မေ့ကျန်ရစ်ခဲ့ပြီ'





## ၉၃။ တိုးတက်လာတယ်

ကျွန်တော်၏ အိမ်နီးချင်းတစ်ယောက်သည် ငါးမျှား ဝါသနာအိုး တစ်ယောက် ဖြစ်ပြီး အပတ်စဉ် ငါးမျှား ထွက်လေ့ရှိသည်။ မည်သို့သော အခြေအနေမျိုးဘို့နှင့် ကြုံရစေကာမူ အကောင်းမြင်သည့် အလေ့လည်း ရှိသူ ဖြစ်သည်။

တစ်နေ့တွင် သူ ငါးမျှားပြန်လာရာ ကျွန်တော်က ငါးမျှား အတွေ့အကြုံကို မေးလိုက်သည်။

'တိုးတက်လာပါတယ်။ အရင်အပတ်ကဆိုရင် လေးနာရီ လုံးလုံး ငါးမျှားတာ တစ်ကောင်မှ မမိပါဘူး။ အဲ အခု အပတ်တော့ ၃ နာရီလောက်နဲ့ အရင်အပတ်က အတွေ့ အကြုံမျိုးရတယ်ဗျ'

www.burmeseclassic.com

www.burmeseclassic.com





## ၉၄။ အကောင်းဆုံးလက်ဆောင်


ကုန်တိုက်ကြီးတစ်တိုက်တွင် ဈေးဝယ်ရင်း အမျိုးသမီး မိတ်ဆွေ နှစ်ယောက်တို့ သွားဆုံကြသည်။ တစ်ယောက်က ပြောသည်။

'ကျွန်မတော့ ဒီနှစ် မိခင်များနေ့မှာ အကောင်းဆုံး လက်ဆောင် တစ်ခုရတယ် သိလား'

'ဘာလဲ မြေးရနေပြီပေါ့'

'မဟုတ်ပါဘူး၊ ကျွန်မ သား အိမ်ပြောင်းသွားပြီလေ'





## ၉၅။ နောက်တစ်ခါ ဖမ်းအောင် မလုပ်နဲ့

လူတစ်ယောက်သည် မော်တော်ကားကို သတ်မှတ်နှုန်း ထက် ပို၍ မောင်းသဖြင့် ရဲက ဖမ်းလိုက်သည်။ ရဲ အရာရှိလည်း သူ၏ စာအုပ်ကို ထုတ်၍ ကားမောင်းသူကို မေးလိုက်သည်။

'ခင်ဗျား နာမည် ဘယ်လို ခေါ်သလဲ'


'မစ္စတာ ဖာတို ကတို ဘိုလော့ ဒီ ဇီလိုင် ရှဒေ'

'ကောင်းပြီ၊ မင်း နောက်တစ်ခါ အဖမ်းခံရအောင် မလုပ်နဲ့ သိလား'

www.burmeseclassic.com

www.burmeseclassic.com





## ၄၆။ သူပေါ့

တိုရွန်တို ဟိုတယ်တွင် ဟိုတယ် စာရေးတစ်ယောက်နှင့် လာရောက် တည်းခိုနေသော လူတစ်ယောက်တို့သည် ရင်းနှီးခင်မင်သွားကြသည်။ တစ်နေ့တွင် သူတို့သည် အပျင်းပြေ ရယ်စရာများ အပြန်အလှန် ပြောကြသည်။ ဟိုတယ်စာရေးက ပြောလိုက်သည်။

'ကျွန်တော် ပဟေဠိ တစ်ပုဒ် ပြောပြမယ်၊ အဲဒါ ခင်ဗျား ဖြေနိုင်ရင် ဖြေစမ်းပါ။ ကျွန်တော့်အဖေနဲ့အမေမှာ ကလေးတစ်ယောက်ရှိတယ်။ အဲဒါ ကျွန်တော့်အစ်ကိုလဲ မဟုတ် အစ်မလဲ မဟုတ်ဘူး။ အဲဒါ ဘယ်သူ ဖြစ်မလဲ ဖြေစမ်းပါ'

ဧည့်သည်ဖြစ်သူ လဲ တခဏမျှ စဉ်းစားပြီးနောက်



ပြောလိုက်သည်။

'ငါ မသိဘူး'

'အဲဒါ ကျွန်တော်ပေါ့ဗျ'

ထို့နောက် ထိုဧည့်သည်လည်း မိမိနေရပ် ပြန်ရောက်လာသောအခါ ထိုပဟေဠိကို သူ့သူငယ်ချင်း တစ်ယောက်အား မေးလေသည်။

'ငါ့မိဘတွေမှာ ကလေးတစ်ယောက် ရှိတယ်။ အဲဒါ ငါ့အစ်ကို လည်း မဟုတ်ဘူး။ ငါ့အစ်မလဲ မဟုတ်ဘူး။ အဲဒါ ဘယ်သူလဲ မင်း သိလား'


'ငါ မသိဘူးကွ၊ ဘယ်သူဖြစ်မလဲဟင်'

'တိုရွန်တိုဟိုတယ်က စာရေးပေါ့ကွ'

www.burmeseclassic.com

www.burmeseclassic.com





## ၉၇။ ဘယ်လိုကမ်းခြေလဲ

ဆာဟာရ သဲကန္တာရထဲတွင် ရေကူးဝတ်စုံဝတ်လျက် လျှောက်နေသော ကမ္ဘာလှည့်ခရီးသည် တစ်ယောက်ကို တွေ့သဖြင့် ကုလားအုတ် စီးလာသော အာရပ်တစ်ယောက်က မေးလိုက်သည်။

'ခင်ဗျား ဘယ်သွားမလို့လဲ'

'ရေကူး သွားမလို့လေ'

'ပင်လယ်ပြင်က ဒီကနေ မိုင် ၁၀၀၀ လောက် ဝေးတယ်ဗျ'

'ဘာပြောတယ်၊ မိုင် ၁၀၀၀ ဝေးတယ် ဟုတ်လား၊ ဘယ်လို ကမ်းခြေလဲဗျ'





## ၉၈။ လွယ်ပါတယ်

စုံထောက်ကြီး ရှားလော့ဟုမ်းသည် ကောင်းကင်ဘုံ တံခါးဝသို့ ရောက်လာပြီး တံခါးခေါက်လိုက်သည်။ ထိုအခါ စိန့်ပီတာ ပေါ်လာပြီး မေးလိုက်သည်။

'ခင်ဗျား လူ့ပြည်တုံးက ဘာတွေလုပ်ခဲ့သလဲ'

'လူ့ပြည်တုံးကဆိုရင် အကော်ဆုံးစုံထောက်ကြီး တစ်ယောက် ပေါ့ဗျာ'


'လူ့ပြည်က လူသန်းပေါင်းများစွာထဲက အာဒမ်နဲ့ ဧဝကို ခင်ဗျား တွေ့နိုင်အောင်ရှာနိုင်ရင် ခင်ဗျားကို ကောင်းကင်ဘုံ ဝင်ခွင့်ပြုမယ်'

'ဒါ လွယ်လွယ်ကလေးပါဗျာ၊ အာဒမ်နဲ့ ဧဝဆိုရင် သူတို့ ဗိုက်ကို လှန်ကြည့်လိုက်၊ ချက်မပါရင် အာဒမ်နဲ့ ဧဝပဲ'

www.burmeseclassic.com

www.burmeseclassic.com





## ၉၉။ မင်း အရပ်လောက်ပဲ

ကျွန်မတို့လင်မယား လက်ထပ်ပြီးစတွင် ယောက်ျား ဖြစ်သူသည် လုပ်ငန်းတစ်ခုကို စတင်လုပ်ကိုင်ပါသည်။ သူ့အလုပ်က ပြန်လာတိုင်း ကျွန်မက သူ့ရုံးက မိန်းကလေးတွေ အကြောင်းကို မေးလေ့ရှိပါသည်။ ကျွန်မက သူတို့ ချောသလား၊ သူတို့ ဆံပင်အရောင်က ဘယ်လိုလဲ စသဖြင့် တတွတ်တွတ်မေးလေ့ရှိပါသည်။ ထိုအခါ သူက 'မောင် အဲဒါတွေ ဂရုမစိုက်မိပါဘူးကွာ' ဟု ပြန်ဖြေလေ့ရှိပါသည်။




တစ်ညတွင်တော့ ကျွန်မ ထိုသို့မေးသည့်အလေ့ကို သူဖြေလိုက်ပုံက ရပ်ဆိုင်းသွားစေပါသည်။ ထိုညက သူ့အား ကျွန်မက 'ရုံးက ကောင်မကလေးတွေ အရပ်က ဘယ်လောက်ရှိသလဲ' ဟု မေးလိုက်ပါသည်။ ထိုအခါ သူက ကျွန်မကို မတ်တပ်ရပ်စေပြီး တရှိုက်မက်မက် နမ်းပါသည်။ ပြီးမှ သူပြောလိုက်သည်မှာ

'မောင် ထင်တာတော့ မင်း အရပ်အမောင်းလောက်ပဲ ရှိမှာပါကွာ' ဟူသတည်း။

www.burmeseclassic.com

www.burmeseclassic.com





## ၁၀၀။ ကံမကောင်းလို့

လယ်ပိုင်ရှင်တစ်ယောက်သည် သူ၏အလုပ်သမားတစ်ယောက်အား ထိုညတွင် ကျင်းပမည့် ပါတီပွဲတွင် ကံစမ်းမဲ ပြုလုပ်မည်ဖြစ်ရာ ထို ကံစမ်းမဲလက်မှတ်ကို အတင်းရောင်းလေသည်။ နောက်တစ်နေ့ နံနက်တွင် ထိုအလုပ်သမားက 'ညက ဘယ်သူတွေ မဲပေါက်သွားသလဲ'ဟု လယ်ပိုင်ရှင်ကို မေးသည်။

'ပထမဆုလား၊ ငါ ပေါက်တာပေါ့ကွ၊ ငါ သိပ်ကံကောင်းတယ် နော်'



'ဒုတိယဆုကရော'

'ငါ့ မိန်းမလေကွာ၊ သူလဲ သိပ်ကံကောင်းတာပဲကွ'

'ဒါဆိုရင် တတိယဆုက ဘယ်သူ ရသလဲ'

'ငါ့ သမီးပေါ့၊ သူလဲ သိပ်ကံကောင်းတာပါပဲကွာ၊ ဒါနဲ့နေဦးကွ၊ မင်း ဝယ်ထားတဲ့ ကံစမ်းမဲ လက်မှတ်အတွက် ငါ့ကို ပိုက်ဆံ မပေးရသေးဘူးနော်'

'မပေးတော့ပါဘူးဗျာ၊ ကျွန်တော်မှ ကံမကောင်းတာပဲ'

www.burmeseclassic.com

www.burmeseclassic.com





၁၀၁။ အနားယူပုံ

ကျွန်မသမီးနှင့် ကျွန်မတို့နှစ် ယောက်သည် ကုန်တိုက်ကြီး တစ်ခုတွင် အချိန်အတော်ကြာ ဈေးဝယ် နေကြရာ ကြာသော် ကျွန်မမှာ ညောင်းညာလာသည်။ သို့နှင့် ဖိနပ် ရောင်းသည့် အခန်းရှိ ခုံတစ်လုံး ပေါ်တွင် ထိုင် လိုက်ပြီး သမီး ဖြစ်သူအား ဝယ်စရာရှိတာများ လိုက် ဝယ်ပြီး သည်နေရာကိုပြန်လာခဲ့၊ စောင့်နေမည်ဖြစ်ကြောင်း ပြောလိုက်သည်။

ဖိနပ်ရောင်းသည့်ကောင်တာ ဈေးသည် ကောင်မလေး သည် ဈေးဝယ်သူ တစ်ယောက်ပြီး တစ်ယောက်ကို ဟိုဖိနပ် ယူပြလိုက် သည်ဖိနပ် ယူပြလိုက်နှင့် အလုပ် မအားလျက်ရှိသည်ကို ကျွန်မ ကြည့်နေမိသည်။ ခဏ




ကြာသော် ထိုကောင်မလေးသည် ကျွန်မထံ ရောက် လာပြီး မေးပါသည်။ ကျွန်မက ဘာမှဝယ်ဖို့ မဟုတ် ကြောင်း ပင်ပန်းလွန်း၍ ခဏထိုင်နားနေကြောင်း ရှင်း ပြလိုက်ပါသည်။

'အို ကောင်းလိုက်တာ၊ ကျွန်မ ဒေါ်ဒေါ်ရှေ့မှာ ခဏ ထိုင်မယ်နော်၊ ဒေါ်ဒေါ်က ဝယ်သူ ဟန်ဆောင်ပေါ့၊ ကျွန်မကလဲ အဒေါ်ကို ဈေးရောင်းချင်ယောင်ဆောင် မယ်လေ၊ ဒါမှ ကျွန်မ ခဏ အမောဖြေခွင့်ရမှာ'

www.burmeseclassic.com

www.burmeseclassic.com





## ၁၀၂။ သူ့အလုပ်က

ကျွန်တော်သည် ကော်လိပ် ကျောင်းတစ်ကျောင်းတက်နေရာ ကျောင်းစရိတ်ကာမိရန် ကုန်တိုက်ကြီး တစ်တိုက်ရှိ အသားရောင်းသည့် ဌာနတွင် အချိန်ပိုင်း ဝင်ရောက်လုပ်ကိုင်လျက် ရှိသည်။ ကျွန်တော့်အဓိက အလုပ် တာဝန်မှာ ဝယ်သူများအား ထုပ်ပိုး ပေးရခြင်း၊ အသားရောင်းသူအား လိုအပ်သော အသားများ ယူပေးရခြင်းနှင့် သန့်ရှင်းရေး လုပ်ရခြင်းတို့ ဖြစ်သည်။

တစ်ညတွင် အသားရောင်းသူ ပြန်သွားပြီးနောက် လူတစ်ယောက်သည် အမဲသား တင်ပါးဆုံသားကို လာဝယ် ပါသည်။ ကျွန်တော်မှာလဲ တစ်ခါမှ မလုပ်ဘူးသဖြင့် အခက်တွေနေပြီး ဘာလုပ်ရမည် မသိဖြစ်နေစဉ် ဝယ်သူက



ရိပ်မိသဖြင့် သူ့ဟာသူ ခုတ်ပိုင်း ယူရမလားဟု မေးပါသည်။

ထို့နောက် ထိုသူသည် ဓားကို ကျွမ်းကျွမ်းကျင်ကျင် ကိုင်တွယ်ပြီး အလိုရှိသည့် အသားပိုင်းကို ဖြတ်တောက်ပိုင်းယူသည်ကို တွေ့ရသဖြင့် ကျွန်တော်က တအံ့တသြဖြင့် မေးလိုက်သည်။

'ခင်ဗျား အသားရောင်းတဲ့ လူတော့ မဟုတ်ပါဘူးနော်၊ ဟုတ်တယ် မဟုတ်လား'

'ဟုတ်ပါ့ဗျာ၊ ကျွန်တော်က ခွဲစိတ်ကု ဆရာဝန်လေ'

www.burmeseclassic.com

www.burmeseclassic.com





## ၁၀၃။ အရင်ဆုံးတွေ့သူ

ကုန်တိုက်ကြီးတစ်တိုက်တွင် ကျွန်မသည် ဈေးဝယ်ရင်း လက်ကိုင်အိတ်များ ရောင်းသောနေရာ၌ ကျွန်မ၏ ပိုက်ဆံအိတ်ကို မေ့ပြီး ထားရစ်ခဲ့သည်။ သို့နှင့် အပြေးအလွှား ပြန်သွားရာ ကျွန်မ၏ အိတ်ကို အမျိုးသမီးတစ်ယောက်က ကိုင်ကြည့်နေပါသည်။


ထို့ကြောင့် ကျွန်မက ပြုံးပြီး ပြောလိုက်ပါသည်။

'အဲဒါ ကျွန်မ အိတ်ရှင့်'

ထိုအခါ ထိုအမျိုးသမီးက ပြာပြာသလဲ ပြန်ငြင်းပါသည်။

'မဟုတ်တာရှင်၊ ကျွန်မ အရင်ဆုံးတွေ့တာပဲ'





## ၁၀၄။ တစ်ခါမျှ

ကျွန်မနှင့် ကျွန်မယောက္ခမကြီးတို့သည် ခင်ပွန်းသည်ရာထူးတိုးမည့် အကြောင်းကို ပြောဆိုဆွေးနွေးလျက်ရှိပါသည်။ ယောက္ခမကြီးက သူ့သားအကြောင်းကို ဤသို့ပြောပါသည်။

'သူတို့ ဌာနက လူတော်တစ်ယောက် ရထားတာပဲ၊ သားက အလုပ်လဲကြိုးစားတယ်၊ အားလဲကိုးရတယ်၊ ပြီးတော့ မှားတာ နာတာလဲ မရှိဘူး'

'ဟုတ်တယ်၊ ဟုတ်တယ်၊ ကျွန်မတို့ လက်ထပ်ပြီးတာ အခုဆိုရင် နှစ်နှစ်ရှိပြီ၊ သူ မှားဖူးတာဆိုလို့ နှစ်ခါပဲရှိတယ်'

'အရင်တုံးကဆိုရင် တစ်ခါမှတောင် မမှားဖူးဘူး'

www.burmeseclassic.com

www.burmeseclassic.com





၁၀၅။ ကြည့်လိုက်ဦးမယ်

တက္ကသိုလ်တက်နေသော သားအကြောင်းကို မိဘနှစ်ပါး ပြောဆိုနေကြသည်။

'ဒေါ်နယ်လ် သားဆီက နောက်ဆုံး စာလာတာ ဘယ်တုံးကလဲ'

'ခဏနေဦး ချက်စာအုပ် ကြည့်လိုက်ဦးမယ်'





၁၀၆။ ခင်ပွန်း အမေ

နံနက်စောစော တစ်ရက်တွင် ကျွန်မသည်အိမ်နေရင်း ဝတ်သည့် အဝတ်အစားကပိုကရိုနှင့် ဖီးလိမ်းပြင်ဆင်ခြင်း လည်းမပြုဘဲ၊ ခေါင်းတွင် ဆံပင်များကို အလှပြုပြင်သည့် ပလပ်စတစ်ဘီးများ တပ်ထားရင်း အနီးရှိ မော်တော်ကားနှင့် စက်ဘီး ပစ္စည်းများ ရောင်းသည့်ဆိုင်သို့ တာယာ ဘီးအသစ်များ မှာရန် ထွက်လာခဲ့သည်။ ဆိုင်မှ ဝန်ထမ်းက နေ့လည်တွင် တာယာဘီးများ ရမည် ဖြစ်ကြောင်း ပြောလိုက်သည်။ သို့ဖြင့် ထိုနေ့ ညနေတွင်

www.burmeseclassic.com

www.burmeseclassic.com



အလုပ်မှ ပြန်ရောက်သည့်အခါ အဝတ်အစား ကောင်းကောင်းမွန်မွန်ဝတ်၍ ဆံပင်နှင့် မျက်နှာကို ဖီးလိမ်းပြင်ဆင်ကာ ကားတာယာဆိုင်သို့ ထွက်လာခဲ့သည်။ ဆိုင်ရောက်သောအခါ ဆိုင်မှလူကို မှာထားသည့် တာယာများလာ ယူကြောင်းပြောလိုက်သည်။ ထိုအခါ ထိုသူက ပြန်ပြောလိုက်သည်မှာ

'အဆင်သင့်ပါပဲခင်ဗျာ၊ မနက်စောစောကလည်း ခင်ဗျားအမေ လာမှာထားခဲ့ပါတယ်' ဟူသတည်း။





## ၁၀၇။ အိမ်ထောင်ရေး၏ အဓိပ္ပာယ်

လက်မထပ်မီ ခြောက်လခန့်အလိုတွင် အမျိုးသားက စကားများ ပြော၍ အမျိုးသမီးက နားထောင်လေသည်။


လက်ထပ်ပြီး ခြောက်လကြာသောအခါ အမျိုးသမီးက ပြော၍ အမျိုးသားက နားထောင်လေသည်။

လက်ထပ်ပြီး ၁၀ နှစ်ကြာသော် အမျိုးသားရော၊ အမျိုးသမီးကပါ တပြိုင်နက် ပြောကြ၍ အိမ်နားနီးချင်းများက နားထောင်ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com






## ၁၀၈။ ဒယ်အိုးကြောင့်

အဖိုးအိုးတစ်ယောက်သည် မြစ်ကမ်းနားတစ်ခုတွင် ငါးများလျက်ရှိရာ ၂ ပေခန့်ရှိသော ငါးတစ်ကောင်ကို ဖမ်းမိလေသည်။ သို့သော် ထိုငါးကို ငါးများထဲမှ ဖြုတ်၍ မြစ်ထဲ ပြန်လွှတ်လိုက်သည်။ နောက် တစ်ခါ ဖမ်းမိသော ငါးမှာလဲ စောစောက မိသော ငါးထက်ကြီးနေ ပြန်သဖြင့် ဖြုတ်၍ ပြန်လွှတ်လိုက်ပြန်သည်။

ငါးမိနစ်ခန့် ကြာသောအခါ ငါးအသေးလေး တစ်ကောင်ကို မိရာ ထိုအခါတွင်မူ ထိုငါးလေးကို ဖြုတ်၍ ပါလာသော အိတ်ထဲသို့ ထည့်လိုက်သည်။ အနီးတွင် သူကဲ့သို့ ငါးမျှားနေသူများရှိရာ သူ့ အမူအပြုမှာ ထူးဆန်းလှသဖြင့် ဝိုင်းဝန်း မေးကြသည်။ အဖိုးအိုက ပြန်ပြောသည်မှာ—

'ဒီလိုပါဗျာ၊ ကျုပ်မှာ ရှိတဲ့ ဒယ်အိုကလေးက သေးသေးလေး ဆိုတော့ ငါးသေးသေးလေးလေးပဲ လိုလို့ပါ' ဟု သတည်း။





## ၁၀၉။ အစ်ကိုဆီက

စိတ္တဇဝေဒနာရှင်တစ်ယောက်ဆီ စာတစ်စောင် ရောက်လာသည်။ ထိုစာကို ဖွင့်ဖောက်လိုက်သောအခါ အထဲတွင် စာရွက်အလွတ်တစ်ရွက်ကို တွေ့သည့်အခါ ထိုသူက အောက်ပါအတိုင်း ပြောလိုက်သည်။


'အော်၊ အစ်ကိုဆီက စာကိုး'

ထိုအခါ ဘေးလူများက ဘယ်လိုလုပ်ပြီး အစ်ကိုဆီက စာ မှန်း သိသလဲဟု မေးကြသည်။ ထိုအခါ၌ ဝေဒနာရှင်က 'သူနဲ့ ကျုပ်နဲ့က စကား မပြောကြတာ ၁ နှစ်လောက် ရှိပြီဗျ' ဟူ၍ ပြန်ပြောလေသည်။

www.burmeseclassic.com

www.burmeseclassic.com





၁၁၀။ ရေလောင်းပေးပါ


ကျွန်မ၏ သမီးဖြစ်သူသည် နယူးရောက်ရှိ စိန့်ကယ်ရီ တက္ကသိုလ်တွင် ပညာသင်ကြားလျက်ရှိသည်။ သူသည် အသုံးအဖြုန်းကြီးလွန်းပြီး ကျွန်မမှာ သူ မှာသည့် ငွေများ ပို့ပို့နေရသဖြင့် သတိပေးသည့်အနေဖြင့် စာတစ်စောင်တွင် ဤသို့ ထည့်ရေးလိုက်သည်။

'သမီးရေ.......မေမေတို့ အိမ်နောက်က ပိုက်ဆံသီးတဲ့ သစ်ပင်ကြီးလေ တစ်နေ့တစ်ခြား ခြောက်သယောင်း လာနေပြီး.......'

မကြာခင် သမီးထံမှ စာတစ်စောင်ရောက်လာရာ ထို စာအောက်တွင် စာတစ်ကြောင်း ပါလာသည်။

'သစ်ပင်ကြီးကို ရေမှန်မှန် လောင်းလောင်းပေးပါမေမေ' ဟူသတည်း။





၁၁၁။ တခြားအကြောင်းက

ကာလီဖိုးနီးယားရှိ အိုလုံးတက္ကသိုလ်တွင် ကျွန်တော်သည် သင်္ချာ ဘာသာရပ်ကို သင်ကြားပို့ချနေရာ တစ်နေ့တွင် တပည့်မ တစ်ယောက် ရောက်လာပြီး သူ၏လက်မှာ ကြွက်သားများရောင်ပြီး ကိုက်ကိုက်နေသဖြင့် စာရေး၍ မရကြောင်း၊ ထို့ကြောင့် ကျွန်တော် စာသင်သည့်အခါ တွင် ဗွီဒီယိုဖြင့် ရိုက်ကူးပါရစေဟု ခွင့်တောင်းလာပါသည်။ သို့နှင့် ကျွန်တော်က ခွင့်ပြုလိုက်ပါသည်။


ကျွန်တော် စာသင်ချိန် သုံးလေးပတ်ခန့် ကြာသောအခါ ထိုတပည့်မအား ဗွီဒီယိုရိုက်ကူးထားပြီး လေ့လာရသည်မှာ အဆင်ပြေလားဟု မေးလိုက်ပါသည်။ ထိုအခါ တပည့်မ ကလဲ မှတ်စုလိုက်ရေးသည်ထက်ပင် ထိရောက်ကြောင်း ပြန်ဖြေပါသည်။ ဆက်၍သူက ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'တကယ်တော့ အမှန်ပြောရရင် တခြားအကြောင်း တစ်ခုလဲ ရှိပါတယ်ဆရာ၊ မေမေ့ကို ဆရာဟာ မုဆိုးဖို တစ်ယောက်လို့လဲ ပြောလိုက်ရော မေမေက ဆရာ့ ရုပ်ရည်ကို ကြည့်ချင်တယ်လို့ ပြောလို့ပါ'



## ၁၁၂။ တော်သေးတာပေါ့

တစ်နေ့တွင် ကျွန်တော်သည် ကားမောင်းလာရာ မြို့ထဲ အရောက်တွင် ဘရိတ်ပေါက်သွားသဖြင့် ကားကို ကြိုးစား ထိမ်းမောင်းပြီး နီးရာ တစ်နေရာတွင် ရပ်သွားအောင် လုပ်ရပါသည်။ မော်တော်ကားကို အခြားမော်တော်ကား တစ်စီးစီးနှင့်လည်းကောင်း၊ လမ်းဘေးရှိ အရာများနှင့် လည်းကောင်း တစ်ခုနှင့်မျှ မတိုက်မိအောင်၊ ရပ်သွားအောင် မနည်း ကြိုးစားလိုက်မှ မော်တော်ယာဉ် ထိမ်းသိမ်းရေး ဌာန ရှေ့တွင် ရပ်သွားပါသည်။

သို့နှင့် ကျွန်တော်ကားပေါ်က ဆင်းလိုက်သောအခါ

www.burmeseclassic.com

www.burmeseclassic.com



မော်တော်ယာဉ် ထိမ်းသိမ်းရေးဌာနမှ တာဝန်ရှိသူ ၃ ယောက် ပြေးထွက်လာသဖြင့် ကျွန်တော်က လှမ်းပြော လိုက်ပါသည်။

'ဘရိတ် ပေါက်သွားလို့ပါခင်ဗျ'

'အို တော်သေးတာပေါ့၊ ငါတို့က ကားမောင်းလိုင်စင် လာလျှောက်တဲ့ သူများလားလို့'





## ၁၁၃။ ငွေတောင်းခံလွှာပို့လိုက်

သူငယ်ချင်းနှစ်ယောက် ဖြစ်သော ရှေ့နေတစ်ယောက်နှင့် ဆရာဝန် တစ်ယောက်တို့သည် အသင်းဝင်ထားသော ကလပ်တွင် တွေ့ဆုံမိကြသည်။

'ဒီကလပ်က လူတွေကကွာ ငါနဲ့တွေ့ရင် သူတို့ရဲ့ ရောဂါတွေကို ပြောပြောပြီး ဘာလုပ်ရမလဲလို့ မေးမေး နေကြတယ်ကွ၊ အဲဒီတော့ ငါ့ဆေးခန်းကို လာထိခိုက် တာပေါ့၊ ငါ ဘယ်လိုလုပ်ရင် ကောင်းမလဲကွ'


'လွယ်ပါတယ်ကွာ၊ အဲဒီလို လာမေးတဲ့ လူတွေကို မှတ်ထားပြီး နောက်နေ့ကျတော့ ငွေတောင်းခံလွှာပို့ လိုက်ပေါ့'

နောက်နှစ်ရက်ခန့် ကြာသောအခါတွင်မူ ဆရာဝန် ဖြစ်သူထံသို့ ရှေ့နေထံမှ ငွေတောင်းခံလွှာ တစ်စောင် ရောက်လာလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com





## ၁၁၄။ သူငယ်ချင်းကောင်း

တစ်နေ့တွင် ကျွန်တော့် မော်တော်ကားကို အနည်းငယ် ပြင်ဆင်ရန် လိုသဖြင့် စက်ပြင်ဆရာတစ်ယောက်ဆီသွား၍ ပြလေသည်။ ထိုအခါ ကုန်ကျမည့်စရိတ်ကို ပြောပြသည်။ ကျွန်တော်က ဟိုဖက်လမ်းက စက်ပြင်ဆရာ တစ်ယောက်ဆီ သွားဦးမည်ဖြစ်ကြောင်း၊ သက်သာသည့် နေရာတွင် လာပြင်မည် ဖြစ်ကြောင်း ပြောလိုက်သည်။

စက်ပြင်ဆရာက ဤသို့ ပြန်ပြောသည်။

'ကောင်းပါပြီခင်ဗျာ၊ အဲဒီလူက ကျွန်တော့် သူငယ်ချင်းထဲမှာ အကောင်းဆုံးပါပဲ'



ကျွန်တော်လည်း ထိုစက်ပြင်ဆရာဆီသို့ သွားပြပြီ သက်သာသည့် ပထမလူထံ ပြန်လာသည့်အခါ ထိုလူက ပြုံး၍ ကျွန်တော့်ကို ပြောလိုက်သည်။

'သူက ကျွန်တော် တောင်းတဲ့ ဈေးထက် နှစ်ဆပို တောင်းလိုက်တယ် မဟုတ်လား၊ ဒါကြောင့်မို့ ကျွန်တော် ပြောတာပေါ့၊ သူက ကျွန်တော့်ရဲ့ သူငယ်ချင်းကောင်း တစ်ယောက်ပါလို့'

www.burmeseclassic.com

www.burmeseclassic.com





## ၁၁၅။ ဘယ်သူလဲ

တစ်ချိန်တုံးက ဆိုဗီယက်နိုင်ငံတွင် ဖြစ်သည်။ ဆိုဗီယက်ခေါင်းဆောင် ဖြစ်သူ မီခေးလ် ဂေါ်ဗာချော့ဗ်သည် အရေးကြီးသော အစည်းအဝေး တစ်ခုကို တက်ရောက်ရန် အချိန်နောက်ကျနေသဖြင့် သူ့ ကားဒရိုင်ဘာကို အမြန်မောင်းခိုင်းလေသည်။ ကားဒရိုင်ဘာက သတ်မှတ်မိုင်နှုန်းထက် ပိုမောင်းလျှင် ရဲက ဖမ်းဆီးအရေးယူမည်ကို စိုးရိမ်သဖြင့် သူ့အနေနှင့် ကားကို အမြန်မမောင်းရဲကြောင်း ဂေါ်ဘာချော့ဗ်ကို ပြန်ပြောလိုက်သည်။



ဂေါ်ဗာချော့ဗ်လည်း ကားမောင်းသူကို နောက်ခန်းပြောင်းထိုင်စေပြီး သူကိုယ်တိုင်ကားကို မောင်းလာခဲ့သည်။ တစ်နေရာအရောက်တွင် ကားအမြန်မောင်းမှုနှင့် ရဲက ဖမ်းတားပြီး ရပ်ခိုင်းလိုက်သည်။ ရဲအရာရှိက သူ့ရဲသားတစ်ယောက်ကို ကားအမြန်မောင်းမှုနှင့် ဖမ်းဆီး အရေးယူရန် မော်တော်ကားဆီ လွှတ်လိုက်သည်။

ခဏကြာသော် ထိုရဲသား ပြန်လာပြီး သူ့အထက်အရာရှိအား ပြောလိုက်သည်။

'အရေးကြီးတဲ့ အစည်းအဝေးတက်စရာရှိလို့ အမြန်မောင်းတာလို့ ပြောပါတယ်


'ဘယ်သူလဲကွ'

'ဘယ်သူလဲတော့ မသိဘူးဆရာ။ သူ့ရဲ့ ကားဒရိုင်ဘာကတော့ ရဲဘော် ဂေါ်ဗာချော့ဗ်ကိုယ်တိုင်ပဲ ဆရာ'

www.burmeseclassic.com

www.burmeseclassic.com





## ၁၁၆။ ဖုန်းစောင့်နေလို့

ဟိုတယ်ကြီးတစ်ခုတွင် လာရောက်တည်းခိုနေသော လုပ်ငန်းရှင်တစ်ဦး သည် တစ်နေ့သော နံနက်ခင်းတွင် ဟိုတယ် အဝင်အဝ ဆုံလည် တံခါးမကြီးကို ပတ်၍ ပြေးနေသည်ကို တံခါးစောင့်က တွေ့သဖြင့် အကျိုးအကြောင်း မေးလိုက်သည်။

'တခြားအကြောင်း မရှိပါဘူး၊ မနက်စာ မစားခင် တစ်မိုင်လောက် အပြေး လေ့ကျင့်တတ်လို့ပါ'

'ဒါဆိုရင်လဲ အပြင်မှာ ထွက်ပြီး အပြေးကျင့်ရောပေါ့'

'ဟာ မဖြစ်ဘူးဗျ၊ ဒီမနက်ပိုင်းမှ အလုပ်ကိစ္စအတွက် အရေးကြီးတဲ့ ဖုန်းတစ်ခုကို စောင့်နေရလို့ပါ'





## ၁၁၇။ အိပ်မပျော်လို့

သူငယ်ချင်း မိတ်ဆွေနှစ်ယောက်တို့ တွေ့ကြရာ တစ်ယောက်က ပြောလိုက်သည်။

'ငါတော့ အိပ်မပျော်တာ ကြာပြီ။ မနက်ဖြန်ခါမှ ဒေါ်လာ ၂၀၀၀၀ မရရင် ငါ့ဘဝလဲ ပျက်ပါပြီကွာ'

'ဟင် ဘာဖြစ်လို့ ငါ့ဆီကို မလာတာလဲ။ မင်းနဲ့ငါနဲ့က သူငယ်ချင်းတွေပဲဟာ အကူအညီလိုရင် ငါက ပေးရမှာပေါ့'


'ဒီလိုဆိုရင် ငါလိုနေတဲ့ ငွေ ၂၀၀၀၀ ကို မင်းက ထုတ်ပေးမယ်ပေါ့ ဟုတ်လား'

'ငွေတော့ ပေးမလို့ မဟုတ်ပါဘူး။ ငါ့မှာ အိပ်ဆေးကောင်းကောင်း ရှိလို့ပါ'

www.burmeseclassic.com

www.burmeseclassic.com





၁၁၈။ မိနစ် ၃၀

အာနီးဆိုသူသည် သူ့မိတ်ဆွေတစ်ယောက်အား သူ့ဇနီးသည်၏ မွေးနေ့တွင် မည်သည့်လက်ဆောင်ကို ပေးရမည်ကို စဉ်းစားမရသည့် အကြောင်းကို ပြောပြ နေသည်။

'ငါ့မိန်းမမှာ ငါပေးချင်တဲ့ လက်ဆောင်ပစ္စည်း တွေထဲကလဲ ရှိပြီးသား ဖြစ်နေပြီကွ၊ ပြီးတော့ သူက သူ့လိုချင်တာ ဘာမဆိုလဲ ဝယ်နိုင်တယ်ကွာ'

'ဟာ အကြံတစ်ခုရပြီကွ၊ ဒီလိုလုပ်ကွာ၊ လက်ဆောင်



ကတ်ပြား တစ်ခု ကိုယ်ဖာသာလုပ်ပြီး ဒီလိုရေးလိုက်ကွာ 'အချစ်အတွက် မိနစ် ၃၀၊ အချစ်နှစ်သက်တဲ့ ဘယ်နည်းနဲ့မဆို'။ အဲဒါဆိုရင် မင်း မိန်းမသိပ်သဘောကျသွားမှာကွ'

နောက်တစ်နေ့တွင် အာနီး၏ သူငယ်ချင်းက မေးသည်။

'ဘယ်နှယ့်လဲကဲ– ငါပေးတဲ့အကြံအတိုင်း မင်း မွေးနေ့လက်ဆောင် ပေးလိုက်တယ် မဟုတ်လား'

'အေး ပေးလိုက်တယ်'

'သိပ်သဘောကျသွားတယ် မဟုတ်လား'

'သိပ်ဟုတ်တာပေါ့ကွာ၊ ငါ့မိန်းမလေ ခုန်ပေါက် ပျော်မြူးသွားပြီး ငါ့ကိုနမ်းတယ်၊ ပြီးတော့ အိမ်ပြင် ထွက်ပြေးသွားပြီး နောက် မိနစ် ၃၀ ကြာရင် ပြန်လာခဲ့မယ်နော်လို့ ပြောသွားတယ်ကွ'

www.burmeseclassic.com

www.burmeseclassic.com






## ၁၁၉။ ဆေးလိပ်လဲ ရောင်းတယ်

ဟိုတယ်တစ်ခုရှိ လက်ဆောင်ပစ္စည်းများ ရောင်းသော ဆိုင်ခန်းထဲတွင် လူတစ်ယောက်သည် ဆေးလိပ်သောက်လျက်ရှိသည်။ ထိုအခါ ဆိုင်မှ အရောင်းစျေးသည်တစ်ယောက်က ထိုလူထံသွား၍ ဤဆိုင်ခန်းထဲတွင် ဆေးလိပ်မသောက်ရကြောင်းကို ယဉ်ယဉ်ကျေးကျေး ပြောပြသည်။

'မင်းတို့တောင်မှ ဆေးလိပ် ရောင်းနေသေးတာပဲကွ၊ ဆေးလိပ် သောက်တာ ဘာဖြစ်သလဲ'

'ဟုတ်ပါတယ်ခင်ဗျာ၊ ကျွန်တော်တို့ ဆိုင်က ဆေးလိပ်လဲ ရောင်းသလို၊ ကွန်ဒွန်းလည်း ရောင်းနေတာပဲဗျာ'





## ၁၂၀။ အဓိပ္ပာယ်ဖွင့်ဆိုချက်

သင့်၏ ဆံပင်များ ရှေ့ပိုင်းက ပြောင်နေလျှင် သင်သည် အတွေးအခေါ် ပညာရှင်တစ်ယောက် ဖြစ်သည်။


သင့်၏ ဆံပင်များ နောက်ပိုင်းက ပြောင်နေလျှင် သင်သည် အချစ်ကြီး ချစ်တတ်သူဖြစ်၏။

သင့်၏ ဆံပင်များ ရှေ့ပိုင်းရော နောက်ပိုင်းပါ ပြောင်နေလျှင် သင်သည် သင့်ကိုယ်သင် အချစ်ကြီး တတ်သူဟု ထင်နေသူဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com





၁၂၁။ ဖြစ်နေတဲ့ရောဂါ

အမျိုးသမီးတစ်ယောက်သည် ဆရာဝန်တစ်ယောက်ထံ လာပြီး ပြသရာ ဆရာဝန်က သေချာစွာ စစ်ဆေးပြီး ဆေးပေးလိုက်သည်။

'ခင်ဗျား အိပ်ရာကထတာနဲ့ ဒီအစိမ်းရောင်ဆေးလုံးကို ရေတဖန်ခွက်အပြည့်နဲ့ သောက်ပါ။ ထမင်းစားပြီးတာနဲ့ ဒီအပြာရောင် ဆေးလုံးကို ရေတဖန်ခွက်အပြည့်နဲ့ သောက်ပါ။ အိပ်ရာမဝင်မီ အနီရောင် ဆေးလုံးကို ရေတဖန်ခွက် အပြည့်နဲ့သောက်ပါ'

'ကျွန်မရောဂါက ဘာလဲဟင်'

'ခင်ဗျား ဖြစ်နေတာက ရေမသောက်တဲ့ရောဂါပဲဗျ'

◉





၁၂၂။ အကောင်းဆုံး

ဆံပင်ညှပ်ဆိုင် သုံးဆိုင်သည် လမ်းတစ်လမ်းထဲတွင် ဖွင့်ထားကြသည်။ ထိုအခါ ဆံပင်ညှပ်ဆိုင်တစ်ဆိုင်က သူ့ဆိုင်ကို လူများ သတိထားမိရန် ဆိုင်းဘုတ်တစ်ခုကို ချိတ်ဆွဲလိုက်သည်။

'ဤမြို့၌ အကောင်းဆုံးဆံသဆိုင်'

ဒုတိယ ဆံသဆိုင်က လူကလဲ အားကျမခံ ဆိုင်းဘုတ် တစ်ခု ချိတ်ဆွဲပြန်သည်။

'ဤကမ္ဘာပေါ်၌ အကောင်းဆုံးဆံသဆိုင်'

နောက်ဆုံး ဆံသဆိုင်ကလဲ အောက်ပါအတိုင်း ဆိုင်းဘုတ် တစ်ခု သူ့ဆိုင်ရှေ့တွင် ချိတ်လိုက်လေသည်။


'ဤလမ်းထဲတွင် အကောင်းဆုံးဆံသဆိုင်'

◉

www.burmeseclassic.com

www.burmeseclassic.com





## ၁၂၃။ နောက်ဆုံးမျိုးဆက်


ကလေးတစ်ယောက်သည် သူ့အမေထံ ပြေးလာပြီး ပြောလိုက်သည်။

'မေမေရေ– မေမေ၊ သားတို့ ထမင်းစားခန်းထဲမှာ ထားတဲ့ ပန်းအိုးလှလှကလေးလေ မေမေပြောပြောနေတဲ့ မျိုးရိုးစဉ်ဆက် ထိမ်းသိမ်းလာတဲ့ ပန်းအိုးကလေးလေ'

'အေး ဟုတ်တယ် ငါ့သား၊ အဲဒါ ဘာဖြစ်သလဲ'

'အဲဒီပန်းအိုးကလေး နောက်ဆုံးမျိုးဆက်ကြောင့် ကျကွဲသွားပြီ မေမေရဲ့'





## ၁၂၄။ ဘယ်သူ့လစာလဲ

အသက် ၉၀ ကျော်ပြီဖြစ်သော သန်းကြွယ် သူဌေးကြီး တစ်ယောက်သည် သူ၏ ငယ်ရွယ် ချောမောလှပသော အတွင်းရေးမှူးမကလေးကို အလွန် သဘောကျသဖြင့် ပြောလိုက်သည်။


'မင်းအတွက် ငါ့ရဲ့ သေတမ်းစာထဲမှာ လစဉ်တစ်လခ ပေး ဖို့ ငါရေးထားတယ်'

'အဲဒီ လစာက ကျွန်မ လစာလား၊ သူဌေးကြီးရဲ့ လစာလားဟင်'

www.burmeseclassic.com

www.burmeseclassic.com





## ၁၂၅။ မူးရင် ဒီလိုပဲ

လူလတ်ပိုင်းအရွယ် လင်မယားနှစ်ယောက် မောင်းလာသော မော်တော်ကားကို ရဲတစ်ဦးက အမြန်မောင်းမှုနှင့် ဖမ်းဆီးလိုက်သည်။ ထိုအခါ ယောကျ်ားဖြစ်သူက ပြန်ပြောသည်။

'ကျွန်တော် ဘယ်တော့မှ မိုင်ပို မမောင်းဘူးဗျ'


'မိုင် ၄၀ သတ်မှတ်ထားတဲ့ နေရာမှာ ခင်ဗျား ကားက ၅၀ ကျော် နေတယ်ဗျ'

'ဘယ်လိုမှ မဖြစ်နိုင်ဘူးဗျ။ ခင်ဗျားတို့ရဲ့ ရေဒါပျက်နေလို့ ဖြစ်လိမ့်မယ်'

ထိုသို့ ငြင်းခုံနေကြစဉ် အမျိုးသား၏ ဇနီးဖြစ်သူက ဝင်ပြောလိုက်သည်။

'ရဲအရာရှိကြီးရယ်၊ သူနဲ့ ဖက်ပြီး ငြင်းမနေနဲ့၊ သူက အဲဒီလို ပဲရှင့်၊ အခုလို အရက်သောက်ထားရင် ပိုဆောင်မှ ဆိုးသေးတယ်'





## ၁၂၆။ အိမ်က ဟာနဲ့ အတူတူပဲ


ဟိုတယ်တစ်ခုတွင် ခေတ္တတည်းခိုနေကြစဉ် တစ်နေ့၌ ကျွန်တော်တို့ မိသားစုသည် ဟိုတယ်ထဲမှ ထွက်လာကြရာ ဟိုတယ်အဝရှိ ခြေသုတ် ဖုံပေါ်တွင် ရေးဆွဲထားသော ဟိုတယ်တံဆိပ်ကို ကြည့်ပြီး ကျွန်တော့် သားကလေးက ကောက်ကာငင်ကာ ပြောလိုက်သည်။

'အိမ်က မျက်နှာသုတ် ပဝါပေါ်က တံဆိပ်နဲ့ အတူတူပဲနော်'

www.burmeseclassic.com

www.burmeseclassic.com





## ၁၂၇။ ကျွန်တော်လဲ ဒီအတိုင်းပါပဲ

ကျွန်တော့် မိတ်ဆွေတစ်ယောက်သည် တရားဥပဒေ အရာရှိတစ်ဦး ဖြစ်သည်။ တစ်နေ့တွင် အကျဉ်းထောင် တစ်ခုတွင် ယာယီထိမ်းသိမ်း ပညာပေးထားသော အကျဉ်းသား တစ်ဦးထံသွား၍ သူချိုးဖောက်ခဲ့သော ဥပဒေနှင့် ပတ်သက်၍ နားလည်အောင် ရှင်းလင်း ပြောပြပြီး နောင်တွင် ယခုကဲ့သို့ ဥပဒေ ချိုးဖောက်မှုမျိုး မဖြစ်ရအောင် သတိပေး ညွှန်ကြားနေသည်။ ထိုသို့ ညွှန်ကြားပြောဆို နေစဉ် ထိုအကျဉ်းသားနှင့်အတူ သူ့အား အကျဉ်းခန်း ထဲတွင် တံခါး ပိတ်ထားလိုက်သည်။



တစ်နာရီခန့်ကြာအောင် ပြောဆိုပြီးသွားသောအခါ သူသည် ထိုအခန်းထဲမှ နေ၍ အော်လိုက်သည်။

'ပြီးသွားပြီဗျို့၊ ကျွန်တော်ကို တံခါးလာ ဖွင့်ပေးပါဦး'

သို့သော် မည်သူမျှ မကြားသဖြင့် သူ့အား တံခါးလာ မဖွင့် ပေးကြပေ။

ခဏကြာသောအခါ လူတစ်ယောက်သည် တံမျက်စည်း တစ်ချောင်းကို ထမ်း၍ လျှောက်သွားသည်ကို တွေ့ရသဖြင့် ထိုသူ့အား လှမ်းပြောလိုက်သည်။

'ဒီမှာ တစ်ယောက်ယောက်ကို တွေ့ရင် ပြောလိုက်စမ်း ပါ။ ကျွန်တော် ဒီအခန်းထဲက ထွက်ချင်နေပြီလို့'


ထိုအခါ အပြင်က လူက အောက်ပါအတိုင်း ပြန်ပြော သွားလေသည်။

'ကျွန်တော်လဲ ခင်ဗျားလိုပါပဲဗျာ'

www.burmeseclassic.com

www.burmeseclassic.com





၁၂၈။ စာအုပ်တစ်အုပ်၏ တန်ဘိုး


ပါမောက္ခတစ်ယောက်သည် အတန်းထဲတွင် စာအုပ်တစ်အုပ်၏ တန်ဖိုးနှင့် ပတ်သက်၍ ပြောဆိုရှင်းလင်းနေသည်။ ထို့နောက် အတန်းထဲမှ မိန်းကလေးတစ်ဦးကို မေးလိုက်သည်။

'ကဲ မင်းဆိုရင် ဘယ်လိုစာအုပ်မျိုးကို ရွေးမလဲ'

ထိုမိန်းကလေးသည် ခဏမျှ စဉ်းစားနေပြီးနောက် ဖြေလိုက်သည်။

'ဘဏ်မှာ ငွေထုတ်တဲ့ စာအုပ်ပါ'





၁၂၉။ ဘယ်လိုလုပ် ထွက်သလဲ

တိရိစ္ဆာန်ရုံတစ်ရုံတွင် သားပိုက်ကောင်တစ်ကောင်ကို ရရှိသဖြင့် ရှစ်ပေအမြင့်ရှိသော ဝင်းခြံထဲတွင် ထားလိုက်သည်။ နောက်တစ်နေ့ နံနက်တွင် ထိုသားပိုက်ကောင်ကို ဝင်းအပြင်တွင် တွေ့ရသဖြင့် သားပိုက်ကောင်ကို ခြံထဲပြန်သွင်းပြီး ဝင်းထရံအမြင့်ကိုလည်း ၁၅ ပေထိမြင့်လိုက်သည်။ သို့သော် သားပိုက်ကောင်မှာ အပြင်တွင်တွေ့နေသည်။ ထိုအခါ တိရစ္ဆာန်ရုံမှ အရာရှိများမှာ

www.burmeseclassic.com

www.burmeseclassic.com




စဉ်းစားမရ ဖြစ်ပြီး သားပိုက်ကောင်၏ ဝင်းခြံကို ပေ ၃၀ အထိ မြှင့်လိုက်ပြန်သည်။ သားပိုက်ကောင်မှာ ဝင်း အပြင်၌ တွေ့မြဲ တွေ့နေရလေသည်။

ထိုသားပိုက်ကောင်ကို သစ်ကုလားအုတ်တစ်ကောင်က မေးလိုက်သည်။

'မင်းအပြင် မထွက်နိုင်အောင် ဝင်းခြံအမြင့်ကို ဘယ်လောက် မြှင့်ရမလဲကွ'

'ဒါတော့ မသိဘူးလေ၊ ဝင်းတံခါးကို သော့မခတ်ထားလို့ကတော့ ပေတစ်ထောင် မြှင့်လဲ ကိစ္စ မရှိပါဘူးဗျာ'





## ၁၃၀။ အိမ်က ထွက်ပြေးမလို့

တစ်ညတွင် ကျွန်မ၏ ခင်ပွန်းသည်သည် အလုပ်မှ ပြန်လာရာ ဘေးအိမ်မှ ကလေးငယ် တစ်ယောက်သည် ညကြီးမင်းကြီး တစ်ယောက်တည်း အပြင်ထွက် ထိုင်နေသည်ကို တွေ့သဖြင့် ဘာလုပ်နေတာလဲဟု မေးလိုက်သည်။

'ကျွန်တော်အိမ်က ထွက်ပြေး မလို့ဗျ'

'ဒါဆိုရင် ဘာဖြစ်လို့ မင်း အိမ်ရှေ့မှာပဲ ထိုင်နေရတာလဲ'

ထိုကလေးငယ်ကသည် ခင်ပွန်းသည်ကို တချက်လှမ်းကြည့်လိုက်ပြီးမှ ပြောလိုက်သည်။

'လမ်းဟိုဘက်ကို မကူးရဘူးလို့ ဖေဖေက မှာထားတာကိုး'

www.burmeseclassic.com

www.burmeseclassic.com





## ၁၃၁။ ယုံမှ မယုံတာ

မည်သည့်ဘာသာတရားကိုမှ ယုံကြည်ကိုးကွယ်မှု မရှိသူ တစ်ယောက်သည် လော့ချ်နက်စ် ရေနဂါးကြီး တစ်ကောင် ရှိသည့် ကန်ထဲတွင် ငါးမျှားနေရာ ရုတ်တရက် ရေနဂါးကြီးပေါ်လာပြီး သူ့လှေအား တိုက်ခိုက်လေသည်။ ထို့ကြောင့် သူရော လှေပါ လေထဲမြောက်ပါ သွားပြီးနောက် ရေနဂါးကြီးက လှေရောလူပါ မြိုပစ်လိုက်သည်။ ထိုသူလည်း ကြောက်အားလန့်အား ဘုရားတတော့သည်။


'ဘုရားသခင် ကယ်တော်မူပါ'

ခဏအကြာတွင် ထိုသူသည် လေထဲတွင် လွင့်မျောနေပြီး ကောင်းကင်ထက်မှ စကားပြောသံကိုလဲ ကြားရလေသည်။

'မင်းက ငါ့ကို မယုံကြည်ဘူး မဟုတ်လား'

'ဒီလိုရှိပါတယ် ဘုရားသခင်၊ တပည့်တော် လျှောက်ထားပါ ရစေ။ တကယ်တော့ တပည့်တော်ဟာ လော့ချ်နက်စ် ရေနဂါးကြီး ရှိတယ်ဆိုတာကိုလဲ ယုံကြည်သူတစ်ယောက် မဟုတ်ပါဘူး ဘုရား'





## ၁၃၂။ နောက်တစ်ယောက်

လူတစ်ယောက်သည် ရုပ်ရှင်ရိုက်ကူးနေသည့် စတူဒီယို တစ်ခုသို့ လာရောက်ကြည့်ရှုရာ စွန့်စားခန်း ရိုက်နေသည်ကို တွေ့ရသဖြင့် သဘောကျလျက်ရှိသည်။

ထိုအခန်းမှာ အမြန်မောင်းနေသည့်ကားထဲမှ လူတစ်ယောက် ထွက်လာပြီး လေယာဉ်ပျံအတောင်ပံတဖက်မှ လက်ကိုင်သံတန်းကို တွဲလောင်းခို၍ ပါသွားသည့် အခန်းဖြစ်သည်။ ထိုအခန်းကို လူစားထိုး၍ စတန့်မင်းသား တစ်ယောက်နှင့် ရိုက်နေသည်ကို တွေ့ရသဖြင့် ဧည့်သည်က သူ့အား လိုက်ပြသည့်လူအား မေးလိုက်သည်။

'အဲဒီ စတန့်မင်းသားက တော်တော်တော်တာပဲ၊ စွန့်စားခန်းတိုင်းမှာ သူ အားလုံး လုပ်နိုင်တာပဲနော်'

'လုပ်နိုင်တာတော့ ကျွန်တော် မသိဘူး။ နောက်စွန့်စားခန်း တစ်ခု ရိုက်မယ်ဆိုရင် ကုမ္ပဏီက နောက်တစ်ယောက် ငှားရတာပဲ ကျွန်တော် သိတယ်'

www.burmeseclassic.com

www.burmeseclassic.com





## ၁၃၃။ ကလေးတွေ ရှိတယ်

ဟာမင် စဟာစ်ဆိုသူသည် ဒေါ်လာ ၂ သန်း ထိပေါက်ရာ ပန်းချီကားများကို ဝယ်ယူ စုဆောင်းရန် ပန်းချီကား ရောင်းသည့် ပြခန်းတစ်ခုသို့ ရောက်လာပြီး ပြောလေသည်။

'ကျွန်တော်က ပန်းချီကို သိပ်တော့ နားမလည်ဘူးဗျ၊ ဒါပေမယ့် ခင်ဗျားမှာ ရှိတဲ့ ပန်းချီကားလဲ တန်ဖိုးအကြီးဆုံး ပန်းချီ ကားတစ်ကားတော့ ဝယ်ချင်တယ်'

'ရပါတယ်ခင်ဗျာ၊ ကျွန်တော်အခုပဲ ထုတ်ပြပါတယ်' ဟု ဆိုကာ ပြခန်းပိုင်ရှင်သည် အခန်းတခန်းထဲ ဝင်သွားပြီး ခဏအကြာ ပန်းချီကားချပ်ကြီးတစ်ချပ်ကို ယူ၍ ထွက်လာသည်။ ထိုပန်းချီကားကြီးမှာ အဖြူရောင် နောက်ခံ



ပေါ်တွင် အလည်တည့်တည့်၌ အနက် ရောင် အစက် ကလေး တစ်စက်တို့ထားသည်။

ထိုအခါ ဟာမင်က မေးလိုက်သည်။

'ဒါ ဘာအဓိပ္ပာယ်လဲဗျ'

'အကောင်းဆုံးပန်းချီကားကြီးပေါ့ဗျာ၊ ဒီအနက် စက် ကလေးက တစ်ဆူတည်းသော ဘုရားသခင်ကို ရည်ညွှန်း ထားတာ ဖြစ်ပါတယ်။ ဘုရားသခင်ရဲ့ မေတ္တာတော် အနန္တကိုလည်း ကိုယ်စားပြုထားတဲ့ ပန်းချီကားပေါ့'

ဟာမင်လည်း သိပ်သဘောကျ သွားပြီးနောက် ငွေ အမြောက်အမြားပေးကာ ထိုပန်းချီကားကြီး ဝယ်ယူ လိုက်လေသည်။

ရက်အတန်ကြာသောအခါ ဟာမင်လည်း နောက် တစ်ခေါက် ထိုပြခန်းသို့ သွားရောက်ပြန်သည်။ ပြခန်း ပိုင်ရှင်လည်း ဟာမင် ဝင်လာသည်နှင့် ဝမ်းသာအားရ နှုတ်ဆက်ပြီး ပြောလိုက်သည်။

'အတော်ပဲဗျာ၊ ခင်ဗျား အရင်တစ်ခါ ဝယ်သွားတဲ့ ပန်းချီကား မျိုး တစ်ချပ် ကျွန်တော် ရထားသေးတယ်ဗျ'

အခန်းတစ်ခန်းထဲသို့ ဝင်သွားပြီး ပြန်ထွက်လာသော အခါ ပန်းချီကား တစ်ချပ် ပါလာသည်။ ထိုပန်းချီကားမှာ အဖြူရောင်ပေါ်တွင် အနက်စက်ကလေး နှစ်စက်ချ ထားသည်။

'ဒါက ဘာအဓိပ္ပာယ်လဲ ဟင်'

'ဒီလိုဗျ၊ အတူတကွ ပေါင်းစည်းခြင်း သဘောပေါ့'

www.burmeseclassic.com

www.burmeseclassic.com



ဒါက အာဒမ်ကို ရည်ညွှန်းတာ၊ ဒါကတော့ ဧဝကို ကိုယ်စား ပြုထားထားတာပေါ့၊ သဘာဝအတိုင်း ဘုရားသခင် ဖန်ဆင်းတော်မူတဲ့အတိုင်း ယောကျ်ားနဲ့ မိန်းမ ပုံပေါ့ဗျာ....ပြီးတော့....'

'တော်ပြီ တော်ပြီ ဆက်မပြောနဲ့ ဒီကားကို အိမ်ယူသွားလို့ မဖြစ်ဘူးဗျ၊ အိမ်မှာက ကလေးတွေ ရှိနေတယ်လေ'





၁၃၄။ အခိုးခံရလို့

ဂေါ့ဖ်ကစားခြင်းကို အရူးအမူး စွဲလန်းနေသူ တစ်ယောက်သည် သူလို ဂေါ့ဖ်ကစားသမား သူငယ်ချင်း တစ်ယောက်နှင့် တွေ့လေသည်။

'ဒီမနက်ပဲကွာ ငါ့ ဂေါ့ဖ်ရိုက်တန်တွေ အခိုးခံလိုက်ရတယ်'

'ဟာ ဟုတ်လား၊ ဘယ်မှာ အခိုးခံရတာလဲကွ'

'ဆူပါမားကတ် ကားထားတဲ့ နေရာမှာပေါ့'


'သူခိုးတွေက မင်းကားကိုရော ဖျက်ဆီးသွား သေးသလား'

'အဲဒါတော့ ငါ မသိဘူးကွာ၊ ဒီကောင်တွေ ကားပါ ယူသွားတယ်လေ'

www.burmeseclassic.com

www.burmeseclassic.com






၁၃၅။ လက်ဆောင်ကတ်ပြား

ဥရောပတိုက်သို့ အလည်ရောက်လာသော အာရပ်နိုင်ငံတစ်နိုင်ငံမှ ရေနံသူဌေးလင်မယားသည် မိတ်ဆွေ သူငယ်ချင်းများအတွက် လက်ဆောင်ပစ္စည်းများ ဝယ်ရန် ထွက်လာခဲ့ကြသည်။ ထို့နောက် ပန်းချီကား အရောင်းပြခန်းတစ်ခုသို့ ရောက်လာပြီး ဗန်ဂိုး၊ ရမ်း ဘရန့်ချ်နှင့် ပီကာဆိုတို့၏ ပန်းချီကားများကို ရွေး ချယ်ဝယ်လိုက်လိုက်သည်။ ပြခန်းပိုင်ရှင်က ထိုကားများအားလုံး ဒေါ်လာ ၅ သန်း ကျကြောင်း ပြောရာ ငွေပေးချေလိုက်သည်။ ရေနံသူဌေးကြီးက သူ့မိန်းမအား လှည့်ပြောလိုက်သည်။

'မိန်းမရေ မိတ်ဆွေအတွက် လက်ဆောင် ကတ်ပြားတော့ ဝယ်ပြီးပြီ၊ လက်ဆောင်ပစ္စည်း ဝယ်ဘို့ လုပ်ကြဦးစို့'





၁၃၆။ ဓာတ်ခဲအားကုန်နေလို့

အသက် ၄ နှစ်သာ ရှိသေးသော အိမ်နီးနားချင်းအိမ်မှ ကလေး တစ်ယောက်သည် ကျွန်တော့်အိမ်သို့ လာလည်ရာ ကျွန်တော်က အိမ်တွင် မွေးထားသော လိပ်ကလေးလို သူ့အား ပြသလေသည်။ သို့သော် လိပ်ကလေးမှာ လိပ်ခွံထဲမှ ထွက်လာအောင် မည်သို့မျှ လုပ်မရ ဖြစ်နေသည်။

သို့နှင့် ကျွန်တော်သည် လိပ်ခွံကို အသာအယာ ခေါက်သော် လည်း လိပ်ကလေးမှာ ထွက်မလာပါ။ ထိုအခါ အလည်လာသော ကလေးငယ်က ပြောလိုက်သည်။

'ဓာတ်ခဲကုန်နေလို့ ထင်တယ်'

www.burmeseclassic.com

www.burmeseclassic.com





၁၃၇။ ထိတ်လန့်စရာသတင်းက

မာဘွန့်ဆိုသူသည် သူရှေ့နေက ခေါ်သဖြင့် ရှေ့နေ၏ ရုံးခန်းသို့ ရောက်လာသည်။ ထိုအခါ ရှေ့နေက ပြောလိုက်သည်။

'ခင်ဗျား သတင်းဆိုးကို အရင် နားထောင်မလား၊ ဒါမှ မဟုတ် ထိတ်လန့်စရာ သတင်းကို အရင် နားထောင်မလား'


'သတင်းဆိုးကို အရင်ပြောဗျာ'

'ခင်ဗျားဇနီးက ဒေါ်လာ ၁ သန်းတန်တဲ့ ပုံတစ်ပုံကို ရထားတယ်'

'ဒါလား သတင်းဆိုး။ တော်ပြီ ခင်ဗျား ပြောပြမယ့် ထိတ် လန့်စရာ သတင်းကို နားထောင်မနေတော့ဘူး'

'ခဏနေဦး၊ အဲဒီ ထိတ်လန့်စရာ သတင်းဆိုတာက ခင်ဗျား မိန်းမ ရထားတဲ့ ပုံက ခင်ဗျားနဲ့ ခင်ဗျားရဲ့ အတွင်းရေးမှူးမလေး ပုံဗျ'





၁၃၈။ နောက်တစ်ခါကျရင်

ကျွန်မတို့သည် သူငယ်ချင်း ဘီလ်တို့ ဇနီးမောင်နှံအား အိမ်သို့ ဖိတ်ပြီး ဗီဒီယို ကားတစ်ကားကို ပြသည်။ ဘီလ်တို့နှင့်အတူ အသက် ၉၇ နှစ် ရှိပြီဖြစ်သော သူတို့ မိခင်လဲ ပါလာသည်။ ထိုရုပ်ရှင်ကား ကို ကြည့်နေရင်းနှင့် ဘီလ်မှာ အိပ်ပျော်သွားသည်။ ခဏကြာမှ လန့်နိုးလာရာ ဘီလ်က သူ့ဇနီးသည်အား ပြောလိုက်သည်။

'ကဲ ပြန်ကြရအောင်ကွာ၊ မေမေလ အတော်ပင်ပန်းနေရောပေါ့'

ထိုအခါ ကျွန်မကို ဘီလ်တို့အမေက ကြည့်ကာ ပြောလိုက်သည်။

'နောက်တစ်ခါ ဗီဒီယိုကြည့်ဖို့ ခေါ်ရင် ကလေးတွေကို အိမ်မှာပဲ ထားခဲ့မယ်နော်'

www.burmeseclassic.com

www.burmeseclassic.com





## ၁၃၉။ လောင်းမယ်

ဘီလ်ဆိုသူသည် သူနေထိုင်ရာ အရပ်ရှိ အရက်ဆိုင်ထဲတွင် သူ၏ အားကစား စွမ်းရည်မည်မျှ သန်စွမ်းကြောင်းကို ပြောဆိုကာ သူနှင့် ပြိုင်ဘက်များကို စိန်ခေါ် လျက်ရှိသည်။ သို့သော် ဆိုင်ရှိလူများ က သူ့အကြောင်းကို သိနေသဖြင့် သူနှင့် မည်သူကမျှ မပြိုင်ဝံ့ကြပေ။ ထိုအခါ ဆိုင်ထဲသို့ ရောက်နေသော လူစိမ်းတစ်ဦးက ထလာကာ ဒေါ်လာ ၅၀ ကြေးယှဉ်ပြိုင်မည်ဟု ဆိုလိုက်သည်။ လှည်းတစ်စီးပေါ်တွင် တစ်ခုခု တင်၍ လမ်းဟိုဘက်ထိပ်ထိ ဆွဲပြ



မည်ဖြစ်ကြောင်း၊ သူ ထွန်းသွားသော လှည်းကို ဘီလ်မည်သို့မျှ ပြန်ဆွဲ မလာနိုင်စေရဟု စိန်ခေါ်လိုက်သည်။

ဘီလ်က ပိန်ပိန်သေးသေးနှင့် လူကို ကြည့်၍ စိန်ခေါ်မှုကို လက်ခံလိုက်သည်။ ထိုအခါ လှည်းတစီးကို ငှားလိုက်ကြသည်။ စတင်ဆွဲမည့် နေရာသို့ ရောက်သောအခါ ဘီလ်က ပြောလိုက်သည်။

'ကဲ ခင်ဗျား ဆွဲပေတော့'

'ကောင်းပြီ၊ ခင်ဗျား လှည်းထဲ ဝင်လိုက်လေဗျာ'

www.burmeseclassic.com

www.burmeseclassic.com





## ၁၄၀။ ကောင်းလာတဲ့ မှတ်ဉာဏ်

ကျွန်တော်သည် ခဏခဏ မေ့တတ်သဖြင့် မှတ်ဉာဏ်ကောင်းသည့် သင်တန်းကို တက်ရာ အောင်မြင်ပြီးစီးခဲ့သဖြင့် ယခင်လို မမေ့တတ်တော့ကြောင်းကို ပြသချင်နေသည်။

တစ်နေ့တွင် ဇနီးသည်က ဈေးဝယ် ထွက်မည်ပြုရာ ကျွန်တော်က အလုပ်မှ အပြန်တွင် ဝင်ဝယ်ခဲ့မည် ဖြစ်ကြောင်း ပြောပြီး ဈေးဝယ်ရန် ရေးမှတ်ထားကာ စာရွက်ကို ဖတ်၍ စုတ်ပြဲလိုက်သည်။ ပြီးမှ ဝယ်မည့် ပစ္စည်းများကို ရေရွတ်ပြလိုက်ကာ အလုပ်သို့ ထွက်လာခဲ့သည်။

ညနေ အိမ်သို့ ပြန်ရောက်သောအခါ ဇနီးသည်က ဝယ်လာသည့် ပစ္စည်းများ ဘယ်မှာလဲဟု မေးတော့မှ ညနေ ဈေးဝယ်ရန် လုံးဝ မေ့နေသည်ကို သိရတော့သည်။







## ၁၄၁။ လွန်သွားပြီ

သာယာသော ညနေခင်းတွင် လူငယ်တစ်ယောက်သည် မိန်းကလေး တစ်ယောက်နှင့် လည်ပတ်သွားလာလျက် ရှိသည်။ ညဖက် ပြန်ကာနီးတွင် လူငယ်က မိန်းကလေးကို ပြောလိုက်သည်။

'အချစ်ရယ် မင်း ကိုယ့်ကို လက်ထပ်မလား ဟင်'

'တကယ်လား၊ လက်ထပ်မှာပေါ့'

ထို့နောက် အတန်ကြာအောင် လူငယ်သည် တိတ်ဆိတ်ငြိမ်သက်သွားသဖြင့် မိန်းကလေးက တားလိုက်သည်။

'ဘာဖြစ်သွားတာလဲ ဟင်၊ ဘာမှ ပြန်မပြောတော့ဘူးလား'


'ကိုယ် စဉ်းစားနေတာပါ။ အခုည မင်းကို ပြောလိုက်တာ လွန်များသွားသလားလို့'



www.burmeseclassic.com

www.burmeseclassic.com





## ၁၄၂။ ဒီလိုပါ

အိမ်ရှေ့ပန်းခြံထဲတွင် ကစားနေသော ကျွန်မမိတ်ဆွေ၏ ၄ နှစ်အရွယ် သားငယ်ကလေးသည် သူ့နားထဲသို့ ခဲလုံး တစ်လုံး ဝင်သွားကြောင်း လာပြောသဖြင့် သူ့မိခင်မှာ ပြာပြာသလဲနှင့် ဆေးရုံသို့ ပြေးရတော့သည်။

ဆရာဝန်က ကလေးငယ်၏ နားထဲမှ ခဲလုံးကို ခက်ခက်ခဲခဲ ထုတ်ယူပြီးနောက် ပြောလိုက်သည်။

'မင်း အတော်ဆိုးတာပဲ၊ ဒီခဲလုံးကို မင်းနားထဲ ဝင်အောင် ဘယ်လို လုပ်လိုက်တာလဲ'

ထိုအခါ ကလေးငယ်က

'ဒီလို လုပ်လိုက်တာပါ'ဟု ပြောရင်း သူ့နားထဲသို့ ခဲလုံးကို ပြန်ထည့် ပြလိုက်လေသည်။





## ၁၄၃။ စေတနာ ပိုမိလို့

ရထားအထက်တန်းတွဲပေါ်သို့ ကျောပိုးအိတ် မနိုင်မနင်းနှင့် တက်လာသော အီတလီမကလေး တစ်ယောက်ကို ကျွန်တော်က ကူညီဆွဲတင် ပေးလိုက်သည်။ တွဲပေါ် ရောက်သောအခါ ထိုသူငယ်မကလေးမှာ မောမော ပမ်းပမ်းနှင့် နီးရာခုံတစ်ခုံပေါ်တွင် ခြေပစ်လက်ပစ် ထိုင်ချပြီး ခဏအကြာတွင် အိပ်ပျော်သွားလေသည်။ မကြာမီမှာပင် လက်မှတ်စစ် တစ်ယောက် တက်လာသဖြင့် ကျွန်တော်က ထိုသူငယ်မကလေးကို လှုပ်နှိုးပြီး ရိုးရိုးတန်းတွဲဆီသို့ လိုက်ပို့ရာ သူငယ်မကလေးက ကြောင်တောင်တောင်နှင့် ကျွန်တော် ဆွဲခေါ်ရာသို့ လိုက်လာလေသည်။

www.burmeseclassic.com

www.burmeseclassic.com




ထိုစဉ် လက်မှတ်စစ် ရောက်လာပြီး သူငယ်မကလေးကို လက်မှတ်စစ်ပြီး ကျွန်တော့်အား မေးလိုက်သည်။

'ဒီကလေးမကလေးနဲ့ ခင်ဗျား သိသလား'

'ဟင့်အင်း မသိပါဘူး။ ဘာဖြစ်လို့လဲ'

'ဒီလိုပါဗျာ၊ သူ့ကို တစ်ယောက်ယောက်က ပြောပြသင့်ပါတယ်၊ အထက်တန်းလက်မှတ် ဝယ်ပြီး ရိုးရိုးတန်းမှာ လာထိုင်နေလို့ပါ'





၁၄၄။ နှစ်စေ့လို့

လူတစ်ယောက်သည် အိမ်မွေး တိရစ္ဆာန်များ ရောင်းသော ဆိုင်တစ်ဆိုင်သို့ ဝင်လာပြီး အရောင်းစျေးသည်အား ပြောလိုက်သည်။

'ကြွက်နှစ်ကောင်ရယ်၊ ပိုးဟက်ငါးကောင်ရယ် ကျွန်တော် လိုချင်ပါတယ်'

အရောင်းစျေးသည်မှာ ထူးထူးဆန်းဆန်း စျေးလာဝယ်သဖြင့် ဘာကြောင့် ထိုအကောင်များကို လိုချင်တာလဲဟု ပြန်မေးလိုက်သည်။

'ဒီလိုပါဗျာ၊ ကျွန်တော်က အခန်းငှားနေတာ အခု နှစ်စေ့ပြီဗျ၊ ဒီတော့ ငှားတဲ့ စာချုပ်ထဲမှာက နဂိုမူလ အရှိအတိုင်း အိမ်ခန်းကို ပြန်အပ်ရမယ်လို့ ရေးထားလို့ပါ'

www.burmeseclassic.com

www.burmeseclassic.com





## ၁၄၅။ မနက်ဖြန် လာခဲ့ပါ

ကျွန်တော် မိတ်ဆွေတစ်ယောက်သည် အလွန်မှ ဝေးလံသီခေါင်သော အိုင်းရစ်ကျေးရွာကလေးတစ်ရွာသို့ သွားရောက်လည်ပတ်လျက်ရှိသည်။ တစ်နေ့တွင် ကျေးရွာရှိ စာအုပ်ဆိုင်တစ်ဆိုင်သို့ သွားကာ သတင်းစာ တစ်စောင် ဝယ်လေသည်။ ထိုအခါ ဆိုင်ရှင်က မေးလိုက်သည်။

'ဘယ်နေ့က သတင်းစာ ယူချင်တာလဲ၊ မနေ့ကလား ဒီနေ့ သတင်းစာလား'

'ဒီနေ့ သတင်းစာပါ'

'ဒါဆိုရင် မနက်ဖြန်ခါကျရင် လာခဲ့လေ'





## ၁၄၆။ အချိန်ရမှာလဲ

အားအင်ကုန်ခန်းနေသော လူငယ်တစ်ယောက်သည် သူ့သူငယ်ချင်း တစ်ယောက်ကို ပြောပြနေသည်။

'ငါ့ သိပ်ကို အားအင်ကုန်ခမ်းနေတယ်ကွာ၊ ငါ ဝတ္ထု တစ်ပုဒ် ရေးနေတာ အခုလိုဖြစ်နေတော့ သိပ်ဒုက္ခရောက်တာပဲကွာ'

'ဒီလို လုပ်ပါလားကွာ၊ မင်း ချောကလက် မစားဘူးလား၊ စားကြည့်စမ်းပါကွာ၊ မွန်တေရူးမားလို အားအင်မျိုး မင်း ရလာမှာကွ'

'မွန်တေရူးမားက ဝတ္ထုရေးတဲ့ လူလားကွ'

www.burmeseclassic.com

www.burmeseclassic.com



'မင်း မသိဘူးလား၊ မိန်းမတွေ အများကြီး ယူထားတဲ့ လူလေကွာ'


ရက်အနည်းငယ် ကြာသောအခါ ဝတ္တုရေးသော လူငယ်သည် သူ့မိတ်ဆွေနဲ့ လမ်းတွင် တွေ့ရာ ဝမ်းသာအားရနှင့် နှုတ်ဆက်ပြီး ပြောလိုက်သည်။

'ချောကလက်က တကယ့်ကို စွမ်းတာပါပဲဗျာ'

'ဒါဆိုရင် မင်းဝတ္တု အတော်ပြီးနေပြီပေါ့'

'ဝတ္တု ဟုတ်လား၊ မင်းက နောက်နေပြန်ပါပြီ၊ ဘယ်လို လုပ်ပြီး စာရေးချိန်ရမှာလဲကွာ'၊





၁၄၇။ နားမကြားလို့

လူတစ်ယောက်သည် သားဖြစ်သူ ဒဏ်ရာတွေနှင့် ဆေးရုံရောက်နေသည်ဟု သတင်းရသဖြင့် ဆေးရုံသို့ အပြေးအလွှား ရောက်လာသည်။

သားဖြစ်သူမှာ ခြေကျိုးသွားပြီး တကိုယ်လုံး၌လည်း ဒဏ်ရာ ဗလပွနှင့် ဖြစ်နေရာ အဖေဖြစ်သူက မေးလိုက်သည်။

'ဘာဖြစ်တာလဲ ငါ့သား ပြောစမ်းပါဦး၊ မင်း ကောင်မလေး အိမ်က အပြန်မှာ ကားချင်းတိုက်မိလို့လား'

'မဟုတ်ဘူး အဖေ'

'ဒါဆိုရင် ဘယ်လို ဖြစ်တာလဲ'

www.burmeseclassic.com

www.burmeseclassic.com



'သားနဲ့ သားကောင်မလေးတို့ တွဲပြီးကနေကြတဲ့အချိန်မှာ သူ့အဖေကြီး ဝင်လာတယ်။ သူ့အဖေက နားက ကောင်းကောင်း မကြားတော့ သီးချင်းသံကို မကြားဘူးလေ၊ အဲဒါနဲ့ သားကို ဂုတ်က ကိုင်ပြီး ပြတင်းပေါက်ကနေ လွှင့်ပစ်လိုက်လို့ပါ'





၁၄၈။ နာမည်မေးပြီ

မိသားစုတစ်စုသည် ရပ်ကွက်တစ်ခုသို့ ပြောင်းလာခဲ့ရာ ထိုရပ်ကွက်မှ လူများနှင့် ရင်းနှီးသိကျွမ်း ခင်မင်လိုသော်လည်း အိမ်နီးနားချင်းများက အရေးတယူနှင့် ခေါ်ယူဆက်ဆံခြင်း မရှိသဖြင့် စိတ်ထဲ၌ စနိုးစနောင့် ဖြစ်နေကြသည်။

တစ်နေ့တွင် ထိုမိသားစုထဲမှ သားငယ်ကလေးသည် အားရဝမ်းသာနှင့် အိမ်သို့ အမောတကော ပြန်လာပြီး

www.burmeseclassic.com

www.burmeseclassic.com




ပြောလိုက်သည်။

'မေမေရေ၊ သားကိုလေ အိမ်ရှေ့အိမ်က အန့်တီ ဒီနေ့မှာ သားနာမည် ဘယ်လို ခေါ်သလဲလို့ မေးတယ် သိလား'

'ဟုတ်လား ငါ့သား ဝမ်းသာစရာပဲ၊ နောက်တော့ သူက ဘာပြောသေးသလဲ'

'ဟင့်အင်း သားကိုတော့ ဘာမှ မပြောဘူး၊ ရဲ့သား တစ်ယောက်ကိုတော့ သားနာမည် ပြောလိုက်တယ် မေမေ'





## ၁၄၉။ ကိုင်ရတာ ခက်တယ်

လူတစ်ယောက်သည် ဇနီးဖြစ်သူက ကလေးမွေးရန် ဆေးရုံတက်နေသဖြင့် အိမ်အလုပ်များကို တစ်ယောက်တည်း ဒိုင်ခံ လုပ်ရလေသည်။ သူ့မိန်းမက အထူးမှာခဲ့သည်မှာ အလှမွေးထားသော ရွှေငါးကလေးများကို သန့်ရှင်းရေး လုပ်ပေးရန် ဖြစ်သည်။


မိန်းမစကားကို တသွေမတိမ်း လိုက်နာသော ယောကျ်ားဖြစ်သူသည် ငါးကလေးများကို သန့်ရှင်းရေး လုပ်ပုံကို အောက်ပါအတိုင်း ပြန်ပြောပြသည်။

'ငါးကလေးတွေကို ကန်ထဲဖမ်းပြီး တခြား ရေခွက်ထဲ ထည့်ရတာ ၁၅ မိနစ်လောက် ကြာတယ်ကွ။ ပြီးတော့ ငါးကလေးတွေကို လက်နဲ့ကိုင်ထားပြီး သွားပွတ်တံနဲ့ တိုက်ပေးတော့၊ အဲဒီ ငါးကလေး တွေကို လက်နဲ့ကိုင်ရတာ အတော့်ကို ခက်တာပဲကွာ'

www.burmeseclassic.com

www.burmeseclassic.com






## ၁၅၀။ ရိုးသားခြင်းဟူသည်

တစ်ခါက စာရေးဆရာကြီးမတ်တွင်းသည် ရိုးသားခြင်းနှင့် ပတ်သက် ပြီး ဟောပြောပွဲတစ်ခုတွင် အောက်ပါအတိုင်း ဟောပြောလေသည်။

'ကျွန်တော် ငယ်ငယ်တုံးကပေါ့။ တစ်နေ့မှာ လမ်းပေါ်လျှောက် သွားနေရင်းနဲ့ ဖရဲသီးတွေ တင်လာတဲ့ လှည်းတစီးကို တွေ့ပါရော။ ဒါနဲ့ ကျွန်တော်လဲ လှည်းနောက်ကို တိတ်တိတ်ကလေး လိုက်သွားပြီးတော့ ဖရဲသီး တစ်လုံးယူလိုက်ပါတယ်။ ပြီးတော့ ချောင်တစ်ချောင်ထဲ ပြေးပြီ အဲဒီဖရဲသီးကို ခွဲပြီးစားလိုက်တဲ့ တခဏမှာ ကျွန်တော့်စိတ်ထဲ တမျိုးဖြစ်သွားပါတယ်။ ဒါနဲ့ ခဏလေးတောင်မှ ဆိုင်းမနေတော့ပဲ ကျွန်တော် စိတ်ဆုံးဖြတ်လိုက်ပါတယ်။ ဖရဲသီးလှည်းနောက် ပြေးလိုက်ပြီး ခုနက ယူခဲ့တဲ့ ဖရဲသီးကို ပြန်ထားလိုက်ပါတယ်။ အဲပြီးတော့မှ မှည့်နေကဲ့ ဖရဲသီးတစ်လုံး ရွေးပြီး ယူလာခဲ့ပါတော့တယ်'





## ၁၅၁။ စဆင်းတော့

ယောကျ်ားဖြစ်သူသည် အိမ်ပြန်ရောက်ရောက်ခြင်း မိန်းမဖြစ်သူကို ပြောလိုက်သည်။

'မိန်းမရေ ငါတော့ အလုပ်ကောင်းကောင်းတစ်ခု တွေ့လာတယ်ကွ။ လခကလဲ ကောင်းတယ်။ ကျန်မာရေးအတွက် အခမဲ့ ဆေးကုသခွင့်ပေးတယ်။ မတော်တဆထိခိုက်မှု အာမခံလဲ ထားပေးတယ်။ ပြီးတော့ ရုံးပိတ်ရက်တွေ အတွက်လဲ လခပေးတယ်။ နောက် နေ့ခင်းဖက်မှာလဲ ကော်ဖီ တိုက်သေးတယ်ကွ'

'ဟုတ်လား မောင်၊ အတော်ကို ကောင်းတဲ့ အလုပ်ပဲနော်'

'အေး မင်း သဘောကျတယ် မဟုတ်လား၊ ဒီတော့ တနင်္လာနေ့ကစပြီး မင်း အလုပ်စ ဆင်းတော့'

www.burmeseclassic.com

www.burmeseclassic.com






၁၅၁။ ဒုတိယအကောင်းဆုံး

လူတစ်ယောက်အား သေချာစွာ စစ်ဆေးစမ်းသပ်ပြီးနောက် ဆရာဝန် က ပြောလိုက်သည်။

'ခင်ဗျား ဒီနေ့ကစပြီး ဆေးလိပ်ရယ်၊ အရက်သောက်တာရယ် ဖြတ်လိုက်ပါ။ ညတိုင်း အိပ်ရာ စောစော ဝင်ပြီးတော့ မနက်ကျရင်လဲ အိပ်ရာ စောစောထပါ။ အဲဒါဟာ ခင်ဗျားအတွက် အကောင်းဆုံးပါ'

'ဆရာရယ်၊ အကောင်းဆုံးဆိုတာကို ကျွန်တော်လိုက်မလုပ်နိုင်ပါဘူး။ ဒီတော့ ဒုတိယအကောင်းဆုံးက ဘယ်လိုလုပ်ရမလဲ ဆရာ ပြောပြပါ'





၁၅၂။ မဝယ်သေးဘူး

တစ်နေ့တွင် ကျွန်မ၏ ခင်ပွန်းသည်သည် ဘတ်စ်ကားစီးလာရာ ချောမောလှပသော အမျိုးသမီးငယ်ကလေးနှင့် အတူတွဲထိုင်လာရပြီး အမျိုးသမီးထံမှ အလွန်တရာမှ မွှေးကြိုင်သင်းပျံ့သော ရေမွှေးနံ့ကို ရသဖြင့် သဘောကျပြီး မေးလိုက်သည်။

'စိတ်မရှိပါနဲ့နော်၊ ခင်ဗျား သုံးတဲ့ ရေမွှေးက ဘာအမျိုးအစားလဲ ဟင်၊ ကျွန်တော့် ဇနီးသည်ကို ဝယ်ပေးချင်လို့ပါ'

ထိုအမျိုးသမီးသည် ကျွန်မ ခင်ပွန်းသည်ကို ခြေဆုံး

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းဆုံး ကြည့်လိုက်ပြီးမှ ရေမွှေးနာမည်ကို ပြောပြသည်။ ကားပေါ်မှ ဆင်းကာနီးတွင် နေရာမှထကာ ခင်ပွန်းသည်ကို ဤသို့ ပြောလိုက်ပါသည်။

'ကျွန်မသာ ရှင့်နေရာမှာဆိုရင် အဲဒီ ရေမွှေးမျိုး မဝယ်ပေးဘူးရှင့်၊ အဲ ဝယ်ပေးမိရင်တော့ အခုလိုဘဲ ရှင်လိုယောကျ်ားတွေက ရှင့်မိန်းမကို အကြောင်းမရှိ အကြောင်းရှာပြီး စကားပြောလိမ့်မယ်'





### ၁၅၄။ အားလုံး ထုပ်ပိုးတော့

အလွန်တရာမှ စိတ်လှုပ်ရှားနေသော အမျိုးသမီး တစ်ယောက်သည် ယောကျ်ားဖြစ်သူထံ ဖုန်းဆက်ပြော လိုက်သည်။

'ကျွန်မ ထီပေါက်တယ်၊ အဲဒါ ရှင့်အဝတ်အစားတွေ ထုတ်ပိုးထားတော့'


'ဟာ ဟုတ်လား၊ နွေရာသီ အဝတ်တွေလား၊ ဆောင်းရာသီ အဝတ်တွေလား'

'ရှင့်အဝတ်တွေ အားလုံး ထုပ်ပိုးပြီး ည ၆ နာရီမထိုးခင် ရှင် အိမ်က ထွက်သွားတော့လို့ ပြောတာ'

www.burmeseclassic.com

www.burmeseclassic.com






၁၅၅။ ခင်ဗျားအကြောင်း ပြောပါဦး

တစ်နေ့တွင် ဝတ္ထုရေးဆရာတစ်ယောက်သည် မတွေ့ရတာ ကြာပြီဖြစ်သော မိတ်ဆွေတစ်ယောက်နှင့် သွားတွေ့သည်။

နှစ်နာရီခန့် စကားလက်ဆုံကြပြီးနောက် ဝတ္ထုရေးဆရာက ပြောလိုက်သည်။

'စကားပြောလို့ကောင်းလိုက်တာ ကျွန်တော့် အကြောင်းတွေ ပြောတာ တော်တော်တောင် ကြာသွားပြီ။ ကဲ ကဲ ခင်ဗျားအကြောင်း မေးရဦးမယ်။ ဒီမှာ ကျွန်တော့် နောက်ဆုံးထုတ်တဲ့ ဝတ္ထုကို ခင်ဗျား ဘယ်လို မြင်သလဲ ပြောစမ်းပါဦးဗျာ'





၁၅၆။ တရုတ်ပြည်လားဟင်

ကျွန်တော်သည် ဩစတြေးလျနိုင်ငံ၊ မဲလ်ဘုန်းရှိ ဆေးရုံတစ်ရုံတွင် ဆေးကျောင်းသားအဖြစ် ပညာသင်နေစဉ်၊ လူနာဆောင်တစ်ခုကို အခြားဆရာဝန် နှစ်ယောက်နှင့်အတူ လူနာများကို လိုက်လံကြည့်ရှု စစ်ဆေးရာ လိုက်ပါခဲ့ရသည်။ ဆရာဝန်နှစ်ဦးနှင့် ကျွန်တော်တို့သည် တရုတ်လူမျိုးများ ဖြစ်ကြသည်။

သို့နှင့် မနေ့ညက သတိမေ့ပြီး ဆေးရုံရောက်လာသည့်

www.burmeseclassic.com

www.burmeseclassic.com




လူနာတစ်ဦးထံသို့ ကျွန်တော်တို့ သုံးယောက်သား ရောက်သွားလေသည်။ အနုအချိန်တွင် သတိရစ ပြုနေပြီဖြစ်သဖြင့် စစ်ဆေး စမ်းသပ်ပြီး ဘယ်ရောက်နေသည်ကို သိသလားဟု လူနာအား ကျွန်တော်တို့က မေးလိုက်သည်။

လူနာသည် ကောင်းကောင်း သတိမရသေးဘဲ ဇဝေဇဝါဖြစ် နေပြီး ကျွန်တော်တို့သုံးယောက်ကို ကြည့်လျက် မဝံမရဲနှင့် ပြောလိုက်သည်မှာ

'တရုတ်ပြည်မှာလားဟင်' ဟူသတည်း။

☻





## ၁၅၇။ ပြတင်းပေါက်မှန်တွေ ကွဲနေတဲ့

ပင်လယ် ကမ်းခြေတစ်ခုသို့ အပမ်းဖြေ အနားယူရန် လာသူတစ်ယောက်သည် ထိုကမ်းခြေရှိ ဟိုတယ်တစ်ခုသို့ ဘယ်နေရာမှာ ရှိသလဲဟု လှမ်း၍ ဖုန်းဆက်မေးလေသည်။

'ပင်လယ်ကမ်းခြေကနေ ခဲတပစ်စာလောက်မှာပဲ ရှိပါတယ်'

ထိုအခါ အပမ်းဖြေလာသူက ထပ်မေးလိုက်သည်။

'ဟိုတယ်ကို ကျွန်တော် ဘယ်လို ရှာရမလဲ'

ဟိုတယ်က ပြန်ဖြေလိုက်သည်မှာ

'အဲဒီမှာရှိတဲ့ ပြတင်းပေါက် မှန်တွေအားလုံး ကွဲနေတဲ့ အဆောက်အအုံကို တွေ့လိမ့်မယ်။ အဲဒါ ကျွန်တော်တို့ ဟိုတယ်ပါပဲ' ဟူ၍ ဖြစ်သည်။

☻

www.burmeseclassic.com

www.burmeseclassic.com





## ၁၅၈။ ကျေးဇူးတင်လိုက်တာ

ဇနီးသည်ဖြစ်သူအား ကွာရှင်းခွင့်တောင်းထားသူကို တရားသူကြီးက ပြောလိုက်သည်။

'ဒီအမှုကို သေချာစွာ လေ့လာပြီးပြီဖြစ်သဖြင့် ခင်ဗျားရဲ့ မိန်းမကို တစ်ပတ်ကို ဒေါ်လာ ၃၅၀ ပေးဖို့ ကျွန်ုပ် ဆုံးဖြတ်လိုက်တယ်'

ထိုအခါ တရားခံဖြစ်သူက ပြန်ပြောလိုက်လေသည်။

'ဟာ တကယ့်ကို တရားသူကြီးမင်းဟာ အကြင်နာ တရားနဲ့ ပြည့်ဝပါပေတယ်။ ကျွန်တော်ကလဲ ကြိုးစားပြီးတော့ ကျွန်တော် တတ်နိုင်သလောက် ဒေါ်လာ အနည်းငယ်ကို မိန်းမဆီကို ပို့ပေးပါမယ် တရားသူကြီးမင်းခင်ဗျာ'





## ၁၅၉။ ဖရောင်းတိုင်မီးသွားငြိမ်းနေတယ်

ကလေး မရနိုင်၍ စိတ်ဆင်းရဲနေသော လင်မယား နှစ်ယောက်သည် ကိုးကွယ်နေသော ဘုန်းတော်ကြီး ထံသွား၍ သူတို့အတွက် ကလေးရအောင် ဆုမွန်ကောင်း တောင်းပေးရန် လျှောက်ထားလေသည်။ ထိုအခါ ဘုန်းတော်ကြီးက ပြန်လည် မိန့်ကြားတော်မူသည်။

'ရောမကို သွားပြီး ဥပုသ်ဝင်မလို့၊ အဲဒီရောက်တဲ့အခါ မင်းတို့အတွက် ဖရောင်းတိုင်ထွန်းပြီး ဆုတောင်းပေးမယ်'

www.burmeseclassic.com


www.burmeseclassic.com



သုံးနှစ်ခန့်ကြာပြီးနောက် ဘုန်းတော်ကြီးသည် ပြန်လည်ရောက်ရှိလာရာ ထိုလင်မယားနှစ်ယောက်ထံ သွားရောက်လည်ပတ်လေသည်။ အမျိုးသမီးဖြစ်သူမှာ ကိုယ်ဝန်ကြီးတကားကားနှင့် ကလေးအမွှာ နှစ်စုံနှင့် လက်မလည်အောင် အလုပ်ရှုပ်နေသည်ကို တွေ့ရလေသည်။ ယင်းကို တွေ့ပြီး ဝမ်းမြောက်ဝမ်းသာ ဖြစ်လျက် ဘုန်းတော်ကြီးက ယောကျ်ားဖြစ်သူကို ဝမ်းသာစကား ပြောချင်၍ ဘယ်သွားနေသလဲဟု မေးလိုက်သည်။ အမျိုးသမီးက စိတ်ပျက်လက်ပျက်နှင့် ပြန်ဖြေလိုက်သည်။

'ရောမကို သွားပြီး ဖရောင်းတိုင်မီး သွားငြိမ်းနေပါတယ် ဘုရား'





## ၁၆၀။ အားပေးတာတော့ဟုတ်ပါရဲ့

ကျွန်တော်သည် မွေးလူနာဖြစ်သည့် ဇနီးသည်နှင့်အတူ လန်ဒန်ရှိ ဆေးရုံတစ်ရုံ၏ မွေးခန်းထဲတွင် ရောက်ရှိနေပါသည်။ ဇနီးသည် မှာလည်း ပထမဦးဆုံးကလေးမွေးရန် ရောက်ရှိရခြင်း ဖြစ်သည်။ သူနာပြု ဆရာမတစ်ဦးက ဇနီးသည်အား ကလေးမွေးပေးနေပြီး အမျိုးသမီး ဆရာဝန်မတစ်ဦးက ကျွန်တော်ရှေ့ကုတင်တဖက်တွင် ရပ်လျက် ကလေးမွေးဖွားပေးခြင်းကို လိုအပ်သလို ညွှန်ကြားပေးလျက် ရှိသည်။

ကျွန်တော်လည်း ဇနီးသည် အားမငယ်စေရန် စောင်အောက်ရှိ ဇနီးသည်လက်ကို ဆုပ်ကိုင်ထားပါသည်။

www.burmeseclassic.com


www.burmeseclassic.com



ခဏအကြာတွင် ဆရာဝန်မက ကျွန်တော်အား ပြုံးလျက် ပြောလိုက်ပါသည်။

'အားပေးတာတော့ ကောင်းပါတယ်၊ ဒါပေမယ့် အခုလို ရှင့်မိန်းမကို အားပေးတာ ကျွန်မလက်ကို ဆုပ်ထားတာကတော့ မဟုတ်သေးဘူးလို့ ထင်ပါတယ်'





## ၁၆၁။ စမ်းသပ်ကြည့်ဦးမယ်

ဆရာဝန် သုံးယောက်သည် ဆရာဝန်များ ညီလာခံသို့ အသွားတွင် ၎င်းတို့ စီးလာသောကားမှာ ဘီးများ လေလျော့သွားလေသည်။ ထိုအခါ မော်တော်ကားမှ သူတို့ သုံးယောက်သည် ဆင်းပြီး ကားဘီးကို စစ်ဆေး ကြည့်ကြသည်။

ပထမဦးဆုံး ဆရာဝန်တစ်ယောက်က ဆိုသည်။

'လေလျော့သွားတယ်လို့ ကျွန်တော်တော့ ထင်တယ်'

ဒုတိယ ဆရာဝန်ကလည်း သေသေချာချာ ကြည့်ပြီး ပြောသည်။

'လေလျော့သွားတာ သေချာပါတယ်'

www.burmeseclassic.com

www.burmeseclassic.com



တတိယဆရာဝန်ကမူ ကားဘီးကို ကိုင်ကြည့်ပြီး ပြောပြန်သည်။

'စမ်းကြည့်လို့ ရတာတော့ လေ မရှိပုံပဲ'

ဆရာဝန် သုံးယောက်သားသည် ခေါင်းတငြိမ့်ငြိမ့်နှင့် ထိုအချက်ကို သဘောတူလိုက်ပြီး ပြိုင်တူပြောလိုက်ကြသည်။

'ကဲ ကျွန်တော်တို့ သေချာအောင် လက်တွေ့ စမ်းသပ်ကြည့်ရအောင်'





## ၁၆၂။ မင်း မကြားဘူးလား

မိုက်ဆိုသူသည် ကျေးလက်မြို့ကလေးတစ်မြို့သို့ ရောက်လာရာ အပမ်းဖြေသည့်အနေနှင့် စားသောက်ဆိုင် တစ်ဆိုင်ဝင်၍ အနားယူ စားသောက်နေလေသည်။ ထိုအချိန်တွင် လူတစ်ယောက်သည် တံခါးဝ၌ ဖြုန်းကနဲ ပေါ်လာပြီး အော်ဟစ် သတိပေးလိုက်သည်။

'အသက်မသေချင်သေးရင် ပြေးကြ၊ ပြေးကြ၊ ဟိုမှာ ဘစ်ဂျိတ်ကြီး လာနေပြီ'

ထို့ကြောင့် ဆိုင်ထဲရှိ လူများ အလျှိုအလျှို ထွက်ပြေးသွားကြပြီး မကြာခင် လူကောင်ထွားထွားကြီး တစ်ယောက်သည် တံခါးပေါက်မှ ဝုန်းကနဲ ဝင်လာပြီး စားပွဲများ ကုလားထိုင်များ ထွန်းထိုးကန်ကျောက်ပြီး ဘားကောင်တာဆီသို့ ရောက်လာသည်။ ထိုလူကြီးက ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ငါ့ကို အရက်တစ်ခွက်ပေးစမ်း'

အရက်ဆိုင်ဘားခန်းထဲတွင် တစ်ယောက်ထဲ ကျန်ခဲ့သော မိုက်သည် ဝီစကီအရက်တစ်ပုလင်းကို ဖြာဖြာသလဲ လှမ်းပေးလိုက်သည်။ ထိုလူကြီးသည် အရက်ပုလင်းကို လှမ်းယူပြီး ပုလင်းလိုက် မော့ချလိုက်သည်။ ထို့နောက် ပုလင်းကိုပါ ဂါးစားလိုက်သည်။

ထိုအခါ အကြောက်လန့်ပြီး တုန်တုန်ရီရီဖြစ်နေသော မိုက်က ထစ်ထစ်ငေါ့ငေါ့နှင့် မေးလိုက်သည်။

'နော်က်– နောက်တစ်လုံး သောက်ဦးမလား ခင်ဗျ'

'တော်ပြီကွ လစ်တော့မယ်၊ မင်း မကြားဘူးလား ဘစ်ဂျိတ်ကြီး လာတော့မယ်တဲ့'





## ၁၆၃။ မေ့လာလိမ့်မယ်

အရောင်းမန်နေဂျာ တစ်ယောက်သည် သူ့၏ အရောင်းမြှင့် ချေးသည် တစ်ယောက်နှင့်ပတ်သက်၍ သူ့လုပ်ဖော်ကိုင်ဖက် တစ်ဦးအား မကျေမနပ်နှင့် ပြောနေသည်။

'ဂျော့ဆိုတဲ့ ကောင်ဟာ တကယ့်ကို သတိမေ့တတ်တဲ့ ကောင်ဗျ၊ ဒါပေမယ့် အဲဒီကောင်က ဈေးတော့ ကောင်း ကောင်း ရောင်းတတ်တာ အံ့သြစရာတော့ကောင်းသားပဲ။ အခုလဲ သူထမင်း သွားစားတယ်လေ။ အဲဒါ ငါက သူ့ အပြန်မှာ မုန့်ဝယ်ခဲ့ဖို့မှာလိုက်တယ်၊ ငါတစ်ခုတော့ ပြောရဲတယ်၊ ဒီကောင် မုန့်ဝယ်ဖို့ မေ့လာမှာပါကွာ'

ထိုသို့ ပြောနေစဉ် အခန်းတံခါး ဝုန်းကနဲ ပွင့်လာပြီး

www.burmeseclassic.com

www.burmeseclassic.com




ဂျော့ ဆိုသူ ဝင်လာလေသည်။

'အခု ဘာဖြစ်လာသလဲ သိသလား၊ ကျွန်တော် ထမင်းသွားစားတော့ ဆိုင်မှာ ဖရဒ်ဘရောင်းနဲ့ တွေ့တယ်။ ဖော်ကျွန်း ၅၀၀ ကုမ္ပဏီက ဥက္ကဋ္ဌလေ။ သူတို့ ကျွန်တော်တို့ဆီက ကုန်ပစ္စည်း မဝယ်တာ ၁၀ နှစ်လောက်တောင် ရှိသွားပြီ။ အခု သူက ကျွန်တော်တို့ ဆီက ကုန်ပစ္စည်း ဒေါ်လာ ၁၅ သန်းဖိုးဝယ် မလို့တဲ့'

ထိုအခါ အရောင်းမန်နေဂျာက သူ့အဖော်ဘက်သို့ လှည့်၍ ပြောလိုက်သည်မှာ

'ကဲ ကျွန်တော် မပြောဘူးလား။ ဒီကောင် မုန့်ဝယ်ဖို့ မေ့လာလိမ့်မယ်လို့' ဟူသတည်း။





## ၁၆၄။ အမှုသည်က လွဲလို့

တရားရုံးတစ်ရုံးတွင် အမျိုးသမီးငယ်လေးတစ်ဦးအား သတ်မှုနှင့် လူတစ်ယောက်အား ရုံးတင်တရားစွဲလျက်ရှိသည်။ အသတ်ခံရသော အမျိုးသမီးငယ်လေး၏ ရုပ်အလောင်းကို လုံးဝရှာမတွေ့သော်လည်း သက်သေခံအထောက်အထားများမှာ ခိုင်လုံလျက်ရှိသဖြင့် တရားခံမှာ အပြစ်ရှိကြောင့် တရားရုံးတော်က ယူဆလျက်ရှိသည်။ သို့သော် တရားခံ၏ ရှေ့နေက သံသယအကျိုးကို သူ့တရားခံ ရရှိနိုင်ရန် အစွမ်းကုန် ချေပ လျှောက်ထားလျက် ရှိနေရာ နောက်ဆုံး ဂျူရီလူကြီးများအား သေဆုံးသွားသော မိန်းကလေးအကြောင်းကို ဖွဲ့နွဲ့ပြောဆိုနေရင်းက ဗြုန်းကနဲ တံခါးပေါက်ကို ညွှန်ပြကာ ပြောလိုက်သည်။

'ဟောဟိုမှာ ကျွန်တော်ပြောတဲ့ မိန်းကလေး ရောက်လာပါပြီ'

ထိုအခါ ဂျူရီလူကြီးများအားလုံးက လှည့်ကြည့်လိုက်

www.burmeseclassic.com

www.burmeseclassic.com



သည်။ တရားခံရှေ့နေက ဆက်လျှောက်လဲသည်။

'ကဲ ကျွန်တော်ပြောတယ် မဟုတ်လား။ မိန်းကလေးဟာ အသတ်ခံရတာ မဟုတ်ပါဘူးလို့ လူတိုင်းမှာ သံသယ ရှိနေတာသေချာနေပါတယ်။ ဒါကြောင့်မို့ အဲဒီမိန်းကလေး အခန်းထဲ ဝင်လာပြီ လို့လဲ ပြောလိုက်ရော လူကြီးမင်းတို့ အားလုံးဟာ လှည့်ကြည့်ကြတယ် မဟုတ်ပါလား ခင်ဗျာ'

မည်သို့ပင် တရားခံရှေ့နေက လျှောက်လဲသော်လည်း ဂျူရီ အဖွဲ့က တရားခံသည် လူသတ်မှုကို ကျူးလွန်သဖြင့် အပြစ်ရှိကြောင်း ဆုံးဖြတ်လိုက်ကြသည်။

တရားခံရှေ့နေက ထပြီး ကန့်ကွက် စကားဆိုသည်။

'လူကြီးမင်းတို့အားလုံး တရားရုံးထဲမှာရှိတဲ့ လူအားလုံး လှည့်ကြည့်ကြတယ် မဟုတ်ပါလား ခင်ဗျာ'

ထိုအခါ ဂျူရီအဖွဲ့၏ ခေါင်းဆောင် ဖြစ်သူက တရားခံ ရှေ့နေအား ပြောလိုက်လေတော့သည်။

'ဟုတ်ပါတယ်၊ အားလုံးလှည့်ကြည့်တာ မှန်ပါတယ်၊ ခင်ဗျားရဲ့ အမှုသည်က လှည့်လို့ပေါ့ဗျာ'





၁၆၅။ ကျွန်မအမျိုးထဲမှာ

စီးပွားရေး လုပ်ငန်းရှင်တစ်ယောက်သည် သူ၏ အတွင်း ရေးမှူးမလေးကို လက်ထပ်ယူလိုက်ပြီးနောက် ပြောလိုက် သည်။

'မိန်းမရေ ငါ့လုပ်ငန်းအတွက် အတွင်းရေးမှူးတစ်ယောက် ရှာပြီး ခန့်ဦးမှ ဖြစ်မယ်'

'ဟုတ်တယ်၊ ကျွန်မလဲ အဲဒါပဲ စဉ်းစားနေတာ၊ အခု ကျွန်မ အမျိုးတစ်ယောက်လဲ ကျောင်းပြီးသွားပြီဆိုတော့'


'ဟုတ်လား၊ ကောင်းတာပေါ့၊ နာမည်က ဘယ်သူတဲ့လဲ'

'ငျွန်စမစ်တဲ့။ ကျွန်မ မောင်ဝမ်းကွဲပါ'

www.burmeseclassic.com

www.burmeseclassic.com






## ၁၆၆။ အိမ်ပြုပြင်မွမ်းမံဖို့

ကျွန်မ၏ခင်ပွန်းသည်မှာ ဘဏ်တစ်ခုမှ ငွေချေးဌာန တာဝန်ခံ တစ်ယောက် ဖြစ်သည်။ တစ်နေ့တွင် သူ့ထံသို့ အမျိုးသမီးတစ်ဦး ရောက်လာပြီး သူ့ယောကျ်ားအား ကွာရှင်းပြတ်စဲရန် အကြောင်းပြ၍ ငွေလာချေးလေသည်။ ကျွန်မခင်ပွန်းသည်က သူ့အား ရှင်းပြသည်။ လင်မယား ကွာရှင်းဖို့အကြောင်းပြပြီး ငွေချေး၍ မရကြောင်း၊ တခြား အကြောင်းများနှင့်သာ ငွေချေးနိုင်ကြောင်း ဥပမာ မော်တော်ကား ဝယ်ရန်၊ မိမိနေအိမ် ပြုပြင်မွမ်းမံရန် စသည့်အကြောင်းပြ၍ ငွေချေးနိုင်ကြောင်း ပြောပြသည်။ ထိုအခါ ထိုအမျိုးသမီးက ဝမ်းသာအားရ နှင့် ပြောလိုက်သည်။

'ဒီလိုဆိုရင် အခုဟာက အိမ်ပြုပြင်မွမ်းမံဖို့ ငွေချေးတဲ့ သဘောပါပဲ'





## ၁၆၇။ စက်ဘီးတော့ စီးတတ်ပါတယ်

ကလေးငယ်တစ်ယောက်သည် စက်ဘီးစီးလာရာ အမျိုးသမီးကြီး တစ်ယောက်ကို ဝင်တိုက်မိလေသည်။ အမျိုးသမီးကြီးမှာ ဒဏ်ရာ အနာတရ မရသော်လဲ ရှက်လဲ ရှက်သွားပြီး ဒေါသတကြီးနှင့် အော်ဟစ်ကာ ကလေးကို ဆူပူကြိမ်းမောင်းသည်။


'ဟဲ့ သေချင်းဆိုးလေး၊ စက်ဘီး မစီးတတ်ဘဲနဲ့ စီးရ သလားဟဲ့'

'စီးတတ်ပါတယ် အဒေါ်ကြီးရ၊ ကျွန်တော် မသိတာက ခေါင်းလောင်း မတီးတတ်တာပါ'

www.burmeseclassic.com

www.burmeseclassic.com





၁၆၈။ အနီးစပ်ဆုံးမို့


မှုကြိုကျောင်းတက်နေသော ဂျူလီသည် အိမ်ပြန်ရောက်သောအခါ ဝမ်းသာအားရ ပြောလိုက်သည်။

'သမီးလေ ဒီနေ့ အတန်းထဲမှာ ဆုရလာတယ်၊ ဆရာမက သမီးတို့ကို မေးတယ်၊ ခွေးမှာ ခြေဘယ်နှစ်ချောင်း ရှိသလဲတဲ့၊ အဲဒီတော့ သမီးက သုံးချောင်းလို့ ဖြေလိုက်တာ ဆုရတာပဲ ဖေဖေ'

'ခွေးမှာ ခြေထောက် သုံးချောင်း ရှိတယ်လို့ ဖြေတာ ဆုရတယ် ဟုတ်လား'

'ဟုတ်ပါတယ် ဖေဖေရဲ့၊ အဖြေမှန်နဲ့ အနီးစပ်ဆုံးက သမီးပဲ ရှိတာကိုး'





၁၆၉။ ကျွန်တော်ပါ

'ဆရာမ၊ သားတို့ ကျောင်းကားပေါ်မှာ ကလေး တစ်ယောက် ခုံပေါ်က လိမ့်ကျတာ သားကလွှဲလို့ အားလုံး ဝိုင်းရယ်ကြတယ်'

'အဲဒီ ကလေးက ဘယ်သူလဲကွဲ့'

'သားပဲ ဆရာမ'

www.burmeseclassic.com

www.burmeseclassic.com






၁၇၀။ သူ့ဥပမာ

ဆရာမ ဖြစ်သူက တပည့်ဖြစ်သူကို မေးခွန်းတစ်ခု မေးလိုက်သည်။

'ကဲ ဂျော့၊ ကမ္ဘာကြီးဟာ လုံးနေတယ် ဆိုတာကို သက်သေ သုံးခုလောက် ပြောပြစမ်းပါ'

'ဟုတ်ကဲ့၊ ဖေဖေကလဲ ပြောပါတယ်၊ မေမေကလဲ ပြောပါတယ်၊ အခု ဆရာမကလဲ ကမ္ဘာကြီးလုံးတယ်လို့ ပြောပါတယ်'





၁၇၁။ ပထမ

အတန်းထဲ၌ အလွန်တရာမှ ညံ့ဖျင်းလှသော ကျောင်းသား တစ်ယောက်ကို ဆရာမက ဆူပူလျက်ရှိသည်။


'ဂျော်နီ မင်းဟာ ဘယ်တော့မှ ပထမရမှာ မဟုတ်ဘူး သိ လား'

'ဆရာမ ကျွန်တော်ရတာ တစ်ခုရှိပါတယ်၊ ထမင်းစားဖို့ အဆောင်မှာ တန်းစီရင် ကျွန်တော် ပထမချည်းပါပဲ'

www.burmeseclassic.com

www.burmeseclassic.com






## ၁၇၂။ သူ့အရွယ်တုန်းက

သားငယ်ဖြစ်သူကို ဖခင်က ဆုံးမသွန်သင်နေသည်။

'ငါ့သား အရွယ်တုန်းက သမ္မတကြီး ဂျော့ဝါရှင်တန်ဟာ ဘယ်တော့မှ လိမ်မပြောဖူးတဲ့'

'သိပါတယ် ဖေဖေ၊ သူဟာ အဖေ့အရွယ်လဲကျရော အမေရိကန်နိုင်ငံရဲ့ သမ္မတကြီး ဖြစ်နေပါပြီ'





## ၁၇၃။ ပြက္ခဒိန်တော့ လိုပြီ

ကျောင်းသားကလေး နှစ်ယောက်သည် ကျောင်းသွားရင် စကားပြောလာကြသည်။

'ငါတော့ကွာ ပြက္ခဒိန် တစ်ခုတော့ လိုနေပြီကွ'

'ဘာလုပ်မလို့လဲဟင်'

'မနေ့က ငါဖျားတယ်လေကွာ၊ ဒီတော့ ကျောင်းမသွားရဖူးပေါ့၊ ဒါပေမယ့် နောက်မှ ငါ သိတာက မနေ့က တနင်္ဂနွေနေ့ ဖြစ်နေတယ်လေ'

www.burmeseclassic.com

www.burmeseclassic.com





၁၇၄။ အမြှာမွေးတာ


ကျောင်းမှပြန်လာသော ကလေးငယ်တစ်ယောက်က မိခင်ဖြစ်သူကို ပြောပြသည်။

'မေမေ...သားတို့ သူငယ်ချင်း ဟင်နရီရဲ့အမေလေ၊ အင်္ဂါနေ့က သုံးမြွှာပူးမွေးတယ်။ ပြီးတော့ ကြာသပတေးနေ့ကျတော့ နှစ်မြွှာပူး မွေးတယ်'

'သားပြောတာ ဘယ်လိုမှ မဖြစ်နိုင်ဘူး'

'ဟုတ်ပါတယ် အမေရဲ့၊ သုံးမြွှာပူးထဲက တစ်ယောက် ကြာသပတေးနေ့ကျတော့ ဆုံးသွားတယ်လေ'





၁၇၅။ ပြီးအောင်ကြည့်နေတာနဲ့

ကျောင်းကို နောက်ကျပြီးမှ ရောက်လာသော တပည့်ဖြစ်သူကို ဆရာက မေးလိုက်သည်။


'ဂျွန် မင်း ဘာဖြစ်လို့ ကျောင်းနောက်ကျရတာလဲ'

'အိပ်ရာက ထခါနီးမှာ ဘောလုံးပွဲ တစ်ပွဲကို အိပ်မက် မက်ပါတယ်၊ အဲဒီ ဘောလုံးပွဲဟာ သရေကျနေလို့ အချိန်ပို ကစားရပါတယ်၊ အဲဒါ ကျွန်တော်က ပွဲပြီးအောင် ကြည့်ချင်တာနဲ့ ဆက် အိပ်လိုက်ပါတယ်။ ဒါကြောင့် ကျွန်တော် ကျောင်းနောက်ကျတာပါ ဆရာ'

www.burmeseclassic.com

www.burmeseclassic.com





၁၇၆။ သချာလဲ ညှံ့လို့

ဆရာမဖြစ်သူက တပည့်မကလေးတစ်ဦးကို ဆူနေသည်။

'ဒေါရစ်၊ ကြည့်စမ်း ဆရာမက မင်း သတ်ပုံ သိပ်ညံ့လို့ မှတ်မိအောင်ဆိုပြီး ဒီစာတစ်ပိုဒ်ကို အကြိမ် ၂၀ ကူးရေးလို့ ပြောထားတာ အခုတော့ ၁၇ ခါတည်း ကူးရေးထားပါလား'

'ဟုတ်လား ဆရာမ၊ ကျွန်မက သချာလဲ ညံ့ပါတယ်'





၁၇၇။ လိုချင်လို့

အိမ်ထဲ နေရာ အနှံ့ သွား၍ တစ်ခုခုလိုက်ရှာနေသော သားငယ်ကို အမေဖြစ်သူက မေးလိုက်သည်။

'သားလေး ဘာလိုက် ရှာနေတာလဲ'

'ပိုက်ဆံ ဒင်္ဂါးပြား တစ်ပြား ရှာနေတာပါ'

'ဘယ်နေရာမှာ ကျပျောက်သွားလို့လဲ'

'ဘယ်မှာမှ မပျောက်ပါဘူး၊ သားက လိုချင်လို့ လိုက်ရှာနေတာပါ'

www.burmeseclassic.com

www.burmeseclassic.com





၁၇၈။ မေမေက


အဖေဖြစ်သူကို သားငယ်က သူ့အမေ အကြောင်း ပြောနေသည်။

'ဖေဖေ၊ မေမေက ကလေးတွေအကြောင်း သိပ်မသိဘူးထင်တယ်'

'ဘာဖြစ်လို့လဲ ငါ့သားရဲ့'

'သားတို့ ညဘက်ကျရင် မအိပ်ချင်သေးလဲ အိပ်ရာထဲသွင်းပြီး အတင်း အိပ်ခိုင်းတယ်၊ မနက်ကျ သားတို့ အိပ်ချင်နေတော့လဲ အတင်း အိပ်ရာက ထခိုင်းတယ် ဖေဖေ'





၁၇၉။ တတိယနေ့မှာ

အသက် ၁၃ နှစ်အရွယ်သမီးဖြစ်သူသည် သူတို့ကျောင်းမှ နွေရာသီ လေ့လာရေး စခန်းသို့ လိုက်ပါသွားရာ မကြာခင် အိမ်သို့ စာရေးလိုက်သည်။ ထိုစာအောက်တွင် အောက်ပါအတိုင်း စာတိုကလေး တစ်ခုကို ရေးထားလေသည်။

'စခန်း ရောက်သွားတဲ့ ပထမနေ့မှာ သမီးအတွက် အပေါင်းအသင်း မရှိသေးဘူး၊ ဒုတိယနေ့လည်းကျရော သူငယ်ချင်း တစ်ယောက်စ နှစ်ယောက်စ ရှိလာတယ်၊ တတိယနေ့လည်းကျရော သမီးမှာ သူငယ်ချင်း မိတ်ဆွေရော၊ ရန်သူတွေရော ရှိလာတယ်'

www.burmeseclassic.com

www.burmeseclassic.com





၁၀၀။ ရှုရှလို တတ်ပြီးသား

အသက်ကြီးလှပြီဖြစ်သော အဘိုးအိုတစ်ယောက်သည် မော်စကိုရှိ ပန်းခြံတစ်ခု၏ ခုံတစ်လုံးပေါ်တွင် ထိုင်၍ ဟီဘရူး ဘာသာစကားကို လေ့လာလျက်ရှိသည်။ ထို အချိန်တွင် ရှုရှလူမျိုးဂုဏ် ရဲအဖွဲ့ဖြစ်သည့် ကေဂျီဘီ အဖွဲ့ဝင် တစ်ယောက်သည် အနားမှ ဖြတ်သွားရင်း ထို အဘိုးအို၏ ပခုံးပေါ်မှ ကျော်၍ လှမ်းကြည့်လိုက်သည်။ ထို့နောက် အဘိုးအိုအား လှမ်းမေးလိုက်သည်။

'ထူးထူးဆန်းဆန်း စာတွေနဲ့ ရေးထားတဲ့ စာအုပ်က ဘာစာအုပ်လဲဗျ'

အဘိုးအိုက အစ္စရေးတို့၏ ဘာသာစကား စာအုပ် ဖြစ်ကြောင်း ပြောပြသည့်အခါ ကေဂျီဘီက မေးပြန်သည်။



'အဘက အသက်ကြီးလှပြီဆိုတော့ အစ္စရေးနိုင်ငံကို သွားဖို့တော့ မဟုတ်ပါဘူးနော်'

'ဟုတ်ပါတယ်။ ဒါပေမယ့် ကောင်းကင်ဘုံကျရင် ဟီဘရူး ဘာသာစကားကို ပြောကြဆိုကြတယ်လေ'

'အဘအနေနဲ့ ကောင်းကင်ဘုံကို ရောက်မယ်လို့ ကံသေ ကံမ ဘယ်ပြောနိုင်ပါ့မလဲ။ တကယ်လို့ ငရဲဘုံကို ရောက်သွားမယ်ဆိုရင်ကော'

'ဒါဆိုလဲ ဖြစ်ပါတယ်ကွ။ ငါက ရှုရှလို တတ်ပြီးသားပဲ ဉစ္စာ'

www.burmeseclassic.com

www.burmeseclassic.com





## ၁၈၁။ အစ္စရေးတွေကို ကယ်တင်ပုံ

ဆယ်နှစ်ရွယ်ကလေးတစ်ယောက်သည် ကျောင်းမှ ပြန်လာရာ မိခင်ဖြစ်သူက ဒီနေ့ ကျောင်းတွင် ဘာတွေ သင်ခဲ့ရသလဲဟု မေးကြည့်သည်။ ထိုအခါ သားဖြစ်သူက ပြန်ဖြေသည်။

'ဒီနေ့ ဆရာမသင်လိုက်တာက ရန်သူ့နယ်မြေထဲမှ ကျွံနေတဲ့ အစ္စရေးတွေကို ကယ်တင်ဖို့ ဘုရားသခင်က မိုးဇက်ကို လွှတ်လိုက်တဲ့ အကြောင်းပါ မေမေ။ အဲဒါ မိုးဇက်က ပင်လယ်နီဘက်ဆီကို အစ္စရေးတွေကို ခေါ်လာပါတယ်။ ပြီးတော့ ပင်လယ်နီကို ဖြတ်ပြီး အရေးပေါ်တံတားထိုးဖို့ အင်ဂျင်နီယာတွေကို ခိုင်းလိုက်ပါတယ်။



အဲဒီတံတားပေါ်က အားလုံး ဖြတ်ကူးပြီး တစ်ဖက်ကမ်းကို ရောက်တာနဲ့ နောက်ပြန်လှည့်ကြည့်လိုက်တာ အီဂျစ်တွေက သံချပ်ကာကားတွေနဲ့ လိုက်လာတာကို သွားတွေ့ပါတယ်။ ဒါနဲ့ မိုးဇက်ဟာ လမ်းလျှောက် စကားပြောစက်ကို ထုတ်ပြီး လေတပ်ကို တံတားတွေကို ဗုံးကြဲဖျက်စီးခိုင်းလိုက်ပါတယ်။ ဒီလိုနည်းနဲ့ အစ္စရေးတွေကို မိုးဇက်က ကယ်တင်နိုင်ခဲ့ပါတယ်'

'ဘော်ဘီ နင်တို့ ဆရာမက ဒီလိုပဲ သင်လိုက်သလား'

'မေမေကလဲ သားပြောသလိုတော့ မဟုတ်ဘူးပေါ့။ ဒါပေမယ့် ဒီသဘောအတိုင်းပဲ ဆရာမက သင်လိုက်တာပါ။ ဘာလဲ မေမေက မယုံလို့လား'

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com





## ၁၈၂။ မမေ့အောင်လို့

ကျောင်းစာသင်ခန်းထဲတွင် ကလေးတစ်ယောက်၏ လက်ကိုင်ပဝါကို အထုံးကလေး တစ်ထုံး ထုံးထားသည်ကို တွေ့သဖြင့် ဆရာမဖြစ်သူက မေးလိုက်သည်။

'မင်းလက်ကိုင်ပဝါကို ဘာဖြစ်လို့ အထုံးကလေး ထုံးထားရတာလဲ'

'မေမေ ထုံးပေးလိုက်တာပါ။ စာတစ်စောင် ပို့ခိုင်းတာ မမေ့အောင်လို့တဲ့ ဆရာမ'

'ဒါဆိုရင် မင်း အဲဒီစာကို ပို့ပြီးပြီလား'


'မပို့ရသေးပါဘူး ဆရာမ။ မေမေက ကျွန်တော့်ကို ပေးလိုက်ဖို့ မေ့သွားလို့ပါ'

### စာပေလောက စာအုပ်တိုက်တွင်
### မှာယူရရှိနိုင်သည့် စာအုပ်များ


| | | |
|---|---|---|
| ၁။ ဗုဒ္ဓဩဝါဒအမြွတေ | ဒဂုန်ဦးထွန်းမြင့် | ၇၀ |
| ၂။ ဗုဒ္ဓစကား | ပါရဂူ | ၃၅ |
| ၃။ ဓမ္မစကား | ပါရဂူ | ၃၅ |
| ၄။ တရားရေစီးကြောင်း | ပါရဂူ | ၄၅ |
| ၅။ ယခင်နှင့် ယခု | ပါရဂူ | ၂၀ |
| ၆။ အရှစ္စတိုတယ် | ပါရဂူ | ၈၀ |
| ၇။ အောင်သပြေနှင့် ကိုယ်တွေ့ဝတ္ထု | မင်းသူရိန် | ၅၅ |
| ၈။ ဗုဒ္ဓဂုဏ်တော်နှင့်ကိုယ်တွေ့ ဖြစ်ရပ်ဆန်းများ ၁+၂+၃+၄ | မင်းသူရိန် | ၂၀၀ |
| ၉။ ညီတော်အာနန္ဒာသုတ္တန်တရားတော် | ဝဏ္ဏသီရိ | ၁၂၅ |
| ၁၀။ ညီတော်အာနန္ဒာတစ်သက်တာမှတ်တမ်း(ပ) | ဝဏ္ဏသီရိ | ၄၅၀ |
| ၁၁။ ညီတော်အာနန္ဒာတစ်သက်တာမှတ်တမ်း(ဒု) | ဝဏ္ဏသီရိ | ၄၃၀ |
| ၁၂။ မြတ်ပဋ္ဌာန်းဒေသနာတော်နိဒါန်း ပါဠိ-မြန်မာ ပါဠိ-အင်္ဂလိပ် | ဒေါက်တာမင်းလှအောင်ကြီး | ၁၅၀ |
| ၁၃။ စေ့ထားသောတံခါးများ ၁ | သက်လုံ | ၁၅၀ |
| ၁၄။ စေ့ထားသောတံခါးများ ၂ | သက်လုံ | ၁၅၀ |


www.burmeseclassic.com

www.burmeseclassic.com




ညှော်ခံဟာသများ

တင်ဆွေမိုး ၅

www.burmeseclassic.com